
www.burmeseclassic.com



ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြဲစေသား)

# မြန်မာနှစ် ၁၃၇၈ ခုနှစ်

(၁၇-၄-၂၀၁၆ မှ ၁၆-၄-၂၀၁၇ အထိ)

## ခုနစ်ရက်သားသမီးများအတွက်

အသက်အပိုင်းအခြားအလိုက်

## ဆောင်ရန်၊ ရှောင်ရန်နှင့်အစီအရင်များ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၁၅)နှစ်ပြည့်သူရဲ့ရွှေမဂ္ဂဇင်းနှင့်အတူ ပူးတွဲဖြန့်ချိပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ

**အဖုံးပန်းချီ** ကိုစိုးအောင် **ဖလင်** color king **ထုတ်ဝေသူ** ဦးအောင်မြတ် ပညာရွှေတောင်စာအုပ်တိုက် (၀၀၀၈၆) **မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်** ဦးခင်အောင် သန်းထိုက်ရတနာအော့ဖ်ဆက် (၀၀၀၇၂)အမှတ် ၈၄၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သူရဋ္ဌမဂ္ဂဇင်း(၁၅)နှစ်ပြည့်လက်ဆောင်

# မြန်မာနှစ် ၁၃၇၈ ခုနှစ်

## (၁၇-၄-၂၀၁၆ မှ ၁၆-၄-၂၀၁၇ အထိ)

# ခုနှစ်ရက်သားသမီးများအတွက် အသက်အပိုင်းအခြားအလိုက် ဆောင်ရန်၊ ရှောင်ရန်နှင့်အစီအရင်များ

**ဆရာဦးမောင်မောင်သန်း**

(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပန်း


အသက်ရှင်သမျှ ကာလပတ်လုံးမှသည် …
နောက်ဆုံးထွက်သက်အထိ
မာတာမိခင် ကျေးဇူးရှင်ကြီး ဒေါ်ငွေသိန်း၏
ခြေအစုံကို ဦးခေါင်းဖြင့် ထာဝရ ရှိခိုးပါ၏။
ခုနစ်ရက်သားသမီးများအား …
ဤစာအုပ်ဖြင့် ပညာပါရမီဖြည့်လိုက်ရခြင်းသည်
ဆပ်၍မကုန်နိုင်သော
မိခင်ကြီး၏ မေတ္တာတော် ကျေးဇူးအနန္တကို
သမုဒ္ဒရာပြင်ထက် ရေတစ်ပွက်မျှ
တုံ့ပြန်လိုက်ရသည် မည်ပါစေသတည်း …။

အာစရိယ ဆရာသခင် ကျေးဇူးရှင်ဖြစ်သော -
ဆရာဦးသန့်ဇင်နှင့်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးတို့အား -
ရိုသေစွာ ရှိခိုးပါသည်။

ဆရာဦးမောင်မောင်သန်း
(ရုင်ကိုအေးမြေသား)

www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် . . .

လောဘကို ဆုပ်ကိုင်လိုက်သည့်အခါ . . .
စည်းစိမ်ချမ်းသာတို့ လက်လွှတ်သွား၏။

ဒေါသကို ဆုပ်ကိုင်လိုက်သည့်အခါ . . .
သစ္စာတရားတို့ လက်လွှတ်သွား၏။

မောဟကို ဆုပ်ကိုင်လိုက်သည့်အခါ . . .
အကျင့်သီလတို့ လက်လွှတ်သွား၏။

ထိုအခါ . . .
မမြဲသောတရားတို့ . . .
မြဲလေတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

## စကားလက်ဆောင်

(၇) ရက်သားသမီးတွေအတွက် ဆောင်ဖို့၊ ရှောင်ဖို့လေးတွေ ပြထားတဲ့ ဒီစာအုပ်လေးကို -

စာမျက်နှာစဖွင့်လိုက်ပြီဆိုတာနဲ့ အောင်မြင်ဖို့ တံခါးတွေ စပွင့်ပါပြီလို့ နိမိတ်ကောင်းစကားကိုဆိုရင်း -

ဦးဆုံးဂါရဝပြုလိုက်ပါတယ်။

ဒီစာအုပ်လေးဟာ ၁၃၇၈ ခုနှစ်အတွက် ဖြစ်ပါတယ်။

စတင်ဖတ်ရှုပြီဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာစွာ၊ လေးစားစွာနဲ့ ကျေးဇူးတင်ကြောင်း စတင်ပြောပါရစေ။

ဒီစာအုပ်လေးမှာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ရှေ့နောက် အစီအစဉ်တကျဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။

ဘာလို့လဲဆိုတော့ စာဖတ်သူရဲ့ရှေ့မှာထိုင်ပြီး ပြောပြနေသလို မြင်ခံနေရမှာပါပဲ။

ပြောစရာလေးတွေရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အကျိုးပေးတဲ့ နှာမည်ရှင်တွေဆိုတာ နံ့တွေအတူတူပါပဲ။ ဥပမာ စနေအကျိုးပေးတဲ့အကြောင်း၊ စနေနဲ့ ဘယ်လိုနှာမည်နဲ့တွဲရင် ဘယ်လိုသတိထားရမယ်ဆိုတဲ့အကြောင်းပြောပြထားပေမယ့် စနေအကျိုးပေးတယ်ဆိုရင် လူသုံးကုန်ပစ္စည်း စနေနံမှန်သမျှ အကုန်အကျိုးပေးတာချည်းပါပဲ။

သောကြာနှာမည်ရှင်တွေ အကျိုးပေးတယ်ဆိုတာလည်း သောကြာနံကောင်းလို့ပါ။ ဒါဆို အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ အစားအသောက်နဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ ခရီးသွားနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ သစ်-သံ-သွပ်လုပ်ငန်းတွေ၊ သတ္တုလုပ်ငန်းတွေ အကျိုးပေးပြီဆိုတဲ့သဘောပါပဲ။ နံ့သင့်ပစ္စည်းတွေကိုတော့ အများကြီးရေးပြမနေတော့တာပါ။

သောကြာနှာမည်ရှင်တစ်မျိုးတည်းမဟုတ်ပါဘူး။

ကျန်တဲ့နံ့တွေကိုလည်း အဲဒီလိုကောက်ယူရင်းနဲ့ ဆောင်ဖို့၊ ရှောင်ဖို့တွေ အဆင်ပြေသွားမှာပါ။

အကျိုးပေးတယ်၊ တိုင်ပင်ပြုလုပ်ပါ ဆိုတာက -

ဆိုကြပါစို့ - အိမ်ဆောက်ချင်တယ်။ အင်္ဂါနှာမည်ရှင်တွေ အကျိုးပေးတယ်ဆိုရင် အင်္ဂါနှာမည်ရှင်တွေနဲ့တိုင်ပင်ပြီး ဆောက်ရပါလိမ့်မယ်။ အဆောက်အအုံကံမကောင်းပေမယ့် အဆောက်အအုံနဲ့ပတ်သက်တဲ့နေရာမှာအလုပ်လုပ်နေကြတဲ့ မိတ်ဆွေတွေထဲက အင်္ဂါနှာမည်ရှင်ကို တိုင်ပင်ရမှာဖြစ်ပါတယ်။

အဆောက်အအုံအတွက်တိုင်ပင်ဖို့ရာ ကားတွေထောင်ထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သူငယ်ချင်း အင်္ဂါကိုတော့ သွားတိုင်ပင်လို့မရပါဘူး။

ဒီလိုလေးတွေပါ။

တနင်္လာနံ ကျောက်အရောင်းအဝယ်လုပ်ဖို့ နံသင့်တဲ့ ဗုဒ္ဓဟူး နဲ့တိုင်ပင်ပါဆိုရင်လည်း ကျောက်အရောင်းအဝယ်လုပ်ကြတဲ့ သူငယ်ချင်းတွေထဲက ဗုဒ္ဓဟူးနာမည်ရှင်ကို စဉ်းစားရပါလိမ့်မယ်။ သူနဲ့တိုင်ပင်ရမှာပါ။ အိမ်ဆောက်ပစ္စည်းရောင်းတဲ့ ဗုဒ္ဓဟူးနာမည် သူငယ်ချင်းနဲ့ သွားတိုင်ပင်လို့မရပါဘူး။

နိုင်ငံရပ်ခြားသွားချင်သူတွေအတွက်လည်း ဒီလိုပါပဲ။

အင်္ဂါနာမည်ရှင်တွေ အကျိုးပေးပြီဆိုရင် အင်္ဂါနံဖြစ်တဲ့ စင်ကာပူတို့၊ ဆွစ်ဇာလန်တို့ အကျိုးပေးပါပြီ။

တနင်္ဂနွေနာမည်ရှင်တွေအကျိုးပေးပါပြီဆိုရင်လည်း တနင်္ဂနွေနံ ဖြစ်တဲ့ အမေရိကား၊ အင်္ဂလန်၊ ဩစတြေးလျတို့ အကျိုးပေးပြီဆိုတဲ့ သဘောပေါ့။ တနင်္ဂနွေနံမကောင်းဘူးဆိုရင်တော့ အဲဒီနိုင်ငံတွေကို လည်း မစဉ်းစားပါနဲ့။ မဖြစ်မနေသွားရတော့မယ်ဆိုရင် ဘာမဆို အဆင်ပြေအောင် ကိုယ်နဲ့အကျိုးပေးတယ်ဆိုတဲ့နာမည်ရှင်တွေနဲ့သာ တိုင်ပင်ပြုလုပ်ပါ။

တိုင်းတစ်ပါးခရီး၊ နိုင်ငံတွေအသေးစိတ်မရေးပေမယ့် အကျိုး ပေးတဲ့နာမည်ရှင်၊ နံကစပြီး ဘာမဆို ရှောင်လို့၊ ဆောင်လို့ရပါပြီ။ စနေနာမည်ရှင်အကျိုးပေးပြီဆိုရင် စနေနံအကျိုးပေးပြီဆိုတာနဲ့ အတူတူပါပဲ။ ခွဲပြီးတော့သာရေးမထားတာပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဖူးတော်ရ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ဝတ်ပြုရမယ့်ကုသိုလ်ကတော့ ပညာရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ ရန်အတိုက်အခံများလို့ပဲဖြစ်ဖြစ်၊ ဘယ်ကိစ္စအတွက်ပဲဖြစ်ဖြစ် အတူတူပါပဲ။

ခွဲခြားပြီး ပြုလုပ်စရာ မလိုပါဘူး။

ရတနာမြတ်(၃)ပါးဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားလိုက်တာဖြစ်တဲ့အတွက် အားလုံးအဆင်ပြေသွားမယ့်သဘောပါ။

ပညာရေးအခက်အခဲရှိရင်လည်း ဒီမနက်မိုးလင်းကုသိုလ်ပါပဲ။

ကျန်းမာရေးလိုအပ်ရင်လည်း ဒီမနက်မိုးလင်းကုသိုလ်ပါပဲ။

ခွဲခြားပြီး ပြုလုပ်စရာ မလိုပါဘူး။

လုပ်ငန်းစတင်ခြင်း ဆိုတဲ့ နေရာမှာလည်း အကျိုးပေးတဲ့ နံ့သင့်လုပ်ငန်းတွေကိုသာ ဆိုလိုတာပါ။ နံ့မသင့်တဲ့လုပ်ငန်းတွေကိုတော့လုပ်လို့မရဘူးပေါ့။

အင်္ဂါအကျိုးပေးတယ်ဆိုရင် ဆေးနဲ့ဆေးပစ္စည်းဆိုင်ဖွင့်တာ၊ စက်မှုလက်မှုလုပ်ငန်းတွေလုပ်တာလုပ်လို့ရပြီ။

အကျိုးမပေးဘူးဆိုရင် ဆိုင်ကယ်ကယ်ရီတောင်မဆွဲနဲ့။ တစ်မျိုးဖြစ်ရော။ ဝယ်ဖြစ်ရင် သတိနဲ့မောင်း။ ဖြည်းဖြည်းမောင်း။ အပျက်အပြုနည်းမယ်။

အကြောင်းကိစ္စရှိမယ်ဆိုတာက -

ဥပမာ - အလုပ်ကိစ္စတစ်ခုအတွက်သွားမယ် ဒါမှမဟုတ် အလုပ်အတွက် စာမေးပွဲဖြေဖို့ရှိတယ်ဆိုရင် ပြုလုပ်သွားဖို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီပြင်အစီအရင်တွေလည်းလုပ်ချင်ရင်လုပ်လို့ရပါတယ်။ ဘုရားရှင်ကိုပူဇော်ပြီး ဦးခိုက်သွားတာထက် ကောင်းတာမရှိနိုင်တော့ပါဘူး။ ဒါအမြတ်ဆုံးပါပဲ။

ကြွေးသွားတောင်းလည်း ဒီလိုပါပဲ။

အရေးကြီးတဲ့ကိစ္စစကားပြောတော့မယ်ဆိုရင်လည်းဒီလိုပါပဲ။

ဒါလေးတွေကို သိထားပြီဆိုရင် ဆောင်ရန်၊ ရှောင်ရန်တော်တော်ပြည့်စုံသွားပါပြီ။

နိုင်ငံခြားမှာနေကြတဲ့သူတွေအတွက် ဒီကနေ လှမ်းပြီးပြောပေးချင်ရင်လည်း ဒီလိုပါပဲ။

ဆိုကြပါစို့ - တနင်္လာနာမည်ရှင် အကျိုးမပေးဘူးဆိုရင် ဟိုမှာရှိတဲ့ ကုမ္ပဏီတွေထဲက GREEN-HILL လို နာမည်ရှင်ရှိတဲ့ ကုမ္ပဏီမျိုး၊ GRACE ဆိုတဲ့ နာမည်ရှင်မျိုးဆိုရင် အကျိုးမပေးတော့တဲ့သဘောပါ။ ခင်လို့ရပါတယ်။

အင်္ဂါအကျိုးမပေးတော့ဘူး ဆိုရင်လည်း SWEETYလိုနာမည်မျိုးဆို ခင်လို့တော့ရတယ်။ စီးပွားစပ်ရင် မရတော့ဘူးပေါ့။ အကူအညီတောင်းရင် မရတော့ဘူး။

အကျိုးအရှောင်ရှောင်နိုင်းတယ်ဆိုတာ အမြဲရှောင်ခိုင်းနေတာမဟုတ်ပါဘူး။ ဘယ်သွားသွားဝတ်လို့ရပါတယ်။ အရေးကြီးတဲ့ကိစ္စတို့၊ အလုပ်နဲ့ပတ်သက်တဲ့လူတွေ့မေးမြန်းတဲ့အခါသွားမှာတို့ဆိုရင်သာ ရှောင်ရမှာပါ။

မင်္ဂလာဆောင်ရက်တွေ၊ လက်မှတ်ထိုးမယ့်ရက်တွေရွေးရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဒီလိုပါပဲ။ အကျိုးပေးတဲ့သူတွေနဲ့ တိုင်ပင်ပြီး ရွေးရမှာဖြစ်ပါတယ်။ အကျိုးပေးတဲ့ နံသင့်ဟိုတယ်တွေ၊ ခန်းမတွေ၊ နေရာတွေ ရွေးရမှာ ဖြစ်ပါတယ်။

ဂါထာမန္တန်တွေကတော့ ရွတ်ဖူးနေကျတွေကိုပဲ ရွတ်ပါ။ အထူးသဖြင့်တော့ ပရိတ်တော်တွေ၊ ဂုဏ်တော်တွေ၊ သရဏဂုံ တန်ခိုးတော်တွေလောက် စွမ်းတာမရှိပါဘူး။ အောင်မြင်ကြသူတိုင်းဟာ ပရိတ်တော်၊ ဂုဏ်တော်၊ သရဏဂုံကျေးဇူးတော်တွေကြောင့်ပါပဲ။ စိမ်းနေတဲ့၊ အသစ်ဖြစ်နေတဲ့ ဂါထာတွေကို မညွှန်းတာက ဒီဂါထာဟာ စွမ်းပါ့မလားဆိုတဲ့စိတ်ဝင်လာတာနဲ့ စွမ်းမှာမဟုတ်တော့ပါဘူး။ ဒါကြောင့်ပါ။

အသက်အပိုင်းအခြား (၉၀)၊(၁၀၀)အထိပြထားတာကတော့ မြန်မာ့မြေ၊ မြန်မာ့ရေပေါ်မှာနေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး ရောဂါကင်းပြီး အသက်တွေရှည်လိုက်ကြတာပါလားဆိုတဲ့ နိမိတ်ကောင်းပါပဲ။

ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်တွေကိုပဲ အမိက ထားပြီး ဆောင်ရွက်ရတာများလို့ ကောင်းကံတွေ အလိုလိုတည် ဆောက်ပြီးသားဖြစ်နေပါပြီ။

ကိုယ်တိုင် ပူဇော်နေလေ့ရှိတဲ့ ဆွမ်းတော်တွေကို ကပ်လှူလို့ ရသလို နံသင့်တာလေးတွေကိုရွေးပြီး လှူတာကလည်းထပ်ပြီး ကုသိုလ်အားဖြည့်ပေးထားတာ ဖြစ်ပါတယ်။

နေ့တစ်နေ့ကို ကောင်းကံတွေနဲ့စတင်လိုက်တာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ညံ့နေတဲ့နှစ်တွေဆိုရင် ပိုပြီး ကောင်းကဲတွေ တည်ဆောက်၊ ပိုပြီးကုသိုလ်တွေပြုရင်းနဲ့ အောင်မြင်မှုများစွာကို ရယူရမှာဖြစ်ပါတယ်။

အကျိုးမပေးဘူးဆိုတာ မိသားစုနဲ့မဆိုင်ပါဘူး။

သူ့စိမ်းတွေကိုသာဆိုလိုတာပါ။

ကိုယ့်အလုပ်ကိုယ်လုပ်လို့ အောင်မြင်နေရင်လည်း၊ ချောမွေ့နေရင်လည်း ဘယ်သူ့နဲ့မှတိုင်ပင်စရာမလိုပါဘူး။ အကူအညီတောင်းစရာမလိုပါဘူး။

တစ်ခုခုလိုအပ်မှသာ ဒီနေရာလေးမှာ ဒီလိုထစ်ငေါ့နေတယ်။ ဒါကို ဘယ်လိုလေးများပြုမူဆောင်ရွက်ရပါ့မလဲဆိုတဲ့ အကြံကောင်း ဉာဏ်ကောင်းကိုသာ ယူရမှာ၊ တိုင်ပင်ရမှာ ဖြစ်ပါတယ်။

ကားလုပ်ငန်းထောင်ချင်သူ ဆိုပါတော့။

ကိုယ့်မှာ ပိုက်ဆံပြည့်စုံနေပြီ၊ ကားလုပ်ရင်လည်း အကျိုးပေးမယ်ဆိုတာသိနေပြီ၊ ကိုယ်ကလည်း ဒီလုပ်ငန်းနဲ့ စိမ်းနေတယ်ဆိုပါတော့ -

အဲဒီအခါမှာ ကိုယ့်မိတ်ဆွေထဲကလည်းဖြစ်ရမယ်၊ ကားလုပ်ငန်းလုပ်ကိုင်နေသူလည်းဖြစ်ရမယ်၊ ကိုယ်နဲ့လည်း အကျိုးပေးတဲ့ နာမည်ရှင်ဖြစ်ရမယ်။ ဒီလိုလူမျိုးကို စဉ်းစားပြီး တိုင်ပင်ရမှာ၊ အကူအညီတောင်းရမှာ ဖြစ်ပါတယ်။ သူက လုပ်ငန်းသဘောသိ၊ ကားရဲ့သဘောတွေသိတော့ ကိုယ့်ကို အကြံဉာဏ်ပေးနိုင်မှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်ပါ၊ အကူအညီတောင်းပါ ဆိုတာ အဲဒီသဘောပါပဲ။

မလိုအပ်ရင်တော့ တိုင်ပင်စရာ မလိုပါဘူး။

လုပ်နေကျအလုပ်ဖြစ်ပေမယ့် အကျိုးမပေးတဲ့နှစ်မျိုးရောက်လာရင် တဖြည်းဖြည်းထိခိုက်လာတတ်လေ့ ရှိပါတယ်။

ဒီအခါမှာ သတိလေးထားပြီး ကိုယ်နဲ့အကျိုးပေးမယ့် နာမည်ရှင်တွေကို လိုအပ်သလို အကြံဉာဏ်ယူ၊ အကူအညီတောင်းရင် အဆင်ပြေသွားမှာပါ။

ဆောင်ရန်၊ ရှောင်ရန်တွေမှာ ညှို့နိုင်တာလေးတွေ၊ ညှို့နေတာလေးတွေကို အဓိကထားပြီး ပြောပြလိုက်တာမို့ ကျန်တာတွေ မှန်သမျှ အကောင်းချည်းပါပဲ။

ညှို့နေပြီဆိုရင် ပိုပြီးဆင်ခြင်၊ ပိုပြီးရှုတ်ဖတ်၊ ပိုပြီးကျင့်ကြံအားထုတ်တဲ့အခါ ပိုပြီးတော့တောင် ကုသိုလ်အားတွေမြင့်လာမှာဖြစ်ပါတယ်။

အကျိုးမပေးတာ၊ ပေးတာက သူ့စိမ်းတွေနဲ့ပဲဆိုင်ပါတယ်။

မိဘတွေ၊ မိသားစုတွေနဲ့ မဆိုင်ပါဘူး။

ညှို့ရင် မညှို့အောင် ဘယ်လိုနေထိုင်သင့်တယ် ဆိုတာလေးတွေကိုသာ ရှောင်တတ်အောင်ပြလိုက်တဲ့သဘောပေါ့။

ဥပမာ - ငွေကံတွေတအားညှို့တဲ့နှစ်မှာ ရှုတ်ဖတ်သရုပ်ပျောယ်မှုတွေ၊ အဓိဋ္ဌာန်တွေကြောင့် ငွေတွေဝင်လာပြီဆိုတာနဲ့ ရွှေဝယ်စုလိုက်ပေါ့။ ဒီလိုမှမဟုတ်ရင် လက်ထဲမှာမထားဘဲ ဘဏ်မှာအပ်ထားလိုက်ပေါ့။ ဒါဆို ငွေကံညှို့တဲ့အတွက် လက်ထဲမှာ ငွေမရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့တာနဲ့ အတူတူပဲမို့ ထပ်ထပ်ဝင်လာတော့မှာပေါ့။

ဒါလေးတွေပါ။

ဒီသဘောလေးတွေသိထားပြီဆိုရင် -

ဒီ ၁၃၇၈ ခုနှစ် ဆောင်ရန်၊ ရှောင်ရန် အကြံပြုချက်လေးတွေက လမ်းပြပြီး ပါရမီဖြည့်ပေးသွားပါလိမ့်မယ်လို့ မေတ္တာစကားပြောကြားရင်း . . .။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

❑



www.burmeseclassic.com

www.burmeseclassic.com

# တနင်္ဂနွေသားသမီးများ

**တနင်္ဂနွေသားသမီးများ** -

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေ ရောက်လာပြီဆိုတာနဲ့ -

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘယ်ကိစ္စတွေကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေရဲ့အကူအညီကိုရယူပါ။ တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အောင်မြင်ပါလိမ့်မယ်။ အကျိုးပေးပါတယ်။ကြာသပတေးနာမည်ရှင်ဆိုရင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်လိုဖြစ်တတ်ပါတယ်။ ကိုယ့်အတွက် အချိန်မပေးနိုင်ဘဲ သူ့အလုပ်များနေရင် ကိုယ်ကနားလည်ပေးပါ။ ဗုဒ္ဓဟူးနာမည်ရှင်တွေကတော့ ကောင်းကောင်း၊ ဆိုးဆိုးဆက်ဆံနေရတတ်ပါတယ်။ တနင်္လာနာမည်ရှင်တွေကတော့ ကိုယ့်ကိုကူညီချင်ပေမယ့် သူကိုယ်တိုင် အခက်အခဲလေးတွေရှိနေပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ရပါတယ်။ ဒါပေမယ့် လုပ်ငန်းပြုလုပ်ရင် ကံမစပ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စက်ပစ္စည်းတွေ ရုတ်တရက်ထပျက်တတ်ပါတယ်။ စက်ပစ္စည်းဟောင်းတွေမဝင်ရပါဘူး။ ခိုက်တတ်ပါတယ်။

အမှုဖြစ်နေတဲ့သူ၊ အိမ်ထောင်ပျက်လာသူဆိုတဲ့အပူမျိုးဆိုရင်တော့ အစစအရာရာကူညီပေးလိုက်ပါ။ အိမ်မှာညအိပ်တော့မယ်ဆိုစဉ်းစားပါ။

အိမ်ဝယ်ရင် အရှုပ်အရှင်းရှိနေတဲ့အိမ်ဖြစ်နေတတ်ပါတယ်။

လုပ်ငန်းသစ်စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီတိတိမှာစတင်ပါ။

ပညာရေးနဲ့ပတ်သက်တဲ့ကံတွေကောင်းနေပါတယ်။ အောင်မြင်မှုတွေရှိနေပါတယ်။ တွေဝေမသွားဖို့ဘဲလိုပါတယ်။

လက်ထဲမှာ ငွေရှိလာပြီဆိုတာနဲ့ ဘဏ်မှာသွားအပ်ထားပါ။ ဒါမှမဟုတ် ရွှေတွေဝယ်စုထားပါ။ ဒီအတိုင်းထားရင် အကြောင်းတစ်ခုခုကြောင့် လုံးခနဲပြန်ထွက်သွားပါလိမ့်မယ်။

အလုပ်အပြောင်းအလဲရှိပါတယ်။ တိုးတက်ပြီးပြောင်းမှာပါ။ တာဝန်ပိုကြီးတဲ့နေရာမျိုးပြောင်းရမှာပါ။ တနင်္ဂနွေသားဖြစ်ပြီးအင်္ဂါနာမည်ရှင်ဖြစ်နေရင်တော့ အလုပ်ရပ်သွားတတ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းရှင်တွေဆိုရင် အလုပ်ခဏနားလိုက်သလိုဖြစ်ပြီး ပြန်လည်ပတ်သွားပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက် စာပေးကြတဲ့အခါမျိုးများကြုံခဲ့ရင် စာအရေးအသားကြောင့် စိတ်ဝမ်းကွဲတတ်ပါတယ်။ စာကလေးတွေ၊ ဆိတ်ကလေးတွေကိုဈေးတိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကြံ့တိုင်း အစာကျွေးပါ။

ဘယ်အကြောင်းပဲရှိရှိ ဘယ်ကိစ္စပဲလုပ်ချင်လုပ်ချင် ဦးဆုံး ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်အကြီး (၆) တိုင် ထွန်းညှိပူဇော် ဘုရားဝတ်ပြုပြီးမှ သွားပါ။ အောင်မြင်သွားပါလိမ့်မယ်။ ကိစ္စရှိတိုင်း ပူဇော်ပြီးမှ သွားပါ။

ဆီး၊ မျက်စိ၊ အစာအိမ်နဲ့ပတ်သက်တဲ့ ကျန်းမာရေးတွေကို နှစ်ဦးပိုင်းကတည်းကစပြီးဂရုစိုက်ပါ။ ဂရုစိုက်နေရင် ရောဂါကြီးကြီး ကျယ်ကျယ်မဖြစ်တော့ပါဘူး။

ရေများများသောက်၊ လမ်းများများလျှောက်ပါ။ အချိန်ပေး နိုင်ရင် ကိုယ်လက်လှုပ်ရှားကျင့်ခန်းအမြဲလုပ်ပါ။

ရွတ်တာဖတ်တာကတော့ ကိုယ်ရွတ်နေကျအတိုင်းထုံနေ အောင်သာရွတ်ပါ။ မဟာသမယသုတ်၊ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသ၊ ဓမ္မ စကြာ၊ ပရိတ်ကြီး (၁၁) သုတ်၊ ပရိမိတ္တဇာလသုတ်၊ အဲဒီပရိတ်တွေ ကိုပဲရွတ်ပါ။

အကယ်၍ ကာယကံရှင်က မိန်းကလေးဖြစ်နေရင် ခင်ပွန်း သည်ကို ဖိဖိစီးစီးမပြောမိပါစေနဲ့။ အိမ်ကထွက်သွားတတ်ပါတယ်။ အခြေအနေပြောင်းသွားတတ်ပါတယ်။ ကိုယ့်ခင်ပွန်းက အင်္ဂါဖြစ် နေရင် အထူးဆင်ခြင်ပါ။

တစ်နှစ်လုံးယတြာက မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ -

ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ၊ သစ်



www.burmeseclassic.com

www.burmeseclassic.com



သီးဆွမ်း ဒါမှမဟုတ် သကြားဆွမ်း ကပ်လှူပူဇော်ပါ။ ဘုရားဝတ်ပြုပါ။ (၁၅) ရက်တစ်ခါလောက် ဒါမှမဟုတ် တစ်ပတ်တစ်ခါလောက် မုန့်လုံးရေပေါ်ဆွမ်းတော်ကပ်လှူပါ။

ဆေးလိုအပ်တဲ့ ရောဂါဝေဒနာသည်တွေနဲ့ စကားစပ်မိတိုင်း၊ ကြုံတိုင်း၊ အခြေအနေပေးတိုင်း ဆေးလှူပေးပါ။

ထိထိုးချင်ရင် ၆၊ ၅၊ ၈၊ ၄ ဂဏန်းတွေနဲ့ ကံစပ်ပြီးသောကြာ၊ ကြာသပတေး၊ ဗုဒ္ဓဟူးနာမည်ထီဆိုင်ကြီးတွေနဲ့ ကံစပ်ပါတယ်။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး ကြာသပတေးပိတ်မှည့်ထားတဲ့ အံ့ပူ၊ အိမ့်မိုး၊ အားမြတ်လိုမျိုးဆိုရင် လောင်းကစား၊ မူးယစ်ဆေး၊ အပျော်အပါး လုံးဝရှောင်ထားလိုက်ပါလေ။

**တနင်္ဂနွေသားသမီးများ -**

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ နှစ်တွေမှာဆိုရင် -

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနဲ့ တိုင်ပင်ပြုလုပ်ပါ။ တနင်္ဂနွေနာမည်ရှင်အကျိုးပေးပေမယ့် သူကိုယ်တိုင် အလုပ်များလွန်းပြီး လမ်းမှာပဲအပြေးအလွှားပြော်ဆို အကူအညီတောင်း၊ တိုင်ပင်နေရတတ်ပါတယ်။ ဗုဒ္ဓဟူးက မိတ်ဆွေဟောင်းဆိုရင်တော့ ခက်ခက်ခဲခဲကြားကအောင်မြင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သောကြာ၊ အင်္ဂါ၊ တနင်္လာနာမည်ရှင်တွေဆိုရင်တော့ ခင်လို့ကောင်းပါရဲ့။ လုပ်ငန်းကိစ္စတိုင်ပင်လို့မရတော့ပါဘူး။ အကျိုးမပေးပါဘူး။

အနုပညာနဲ့ဆိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေ ခဏခဏပျက်လာတတ်ပါတယ်။ စက်ဟောင်းဝင်လာရင် ပိုဆိုးပါလိမ့်မယ်။

အိမ်ထောင်ကွဲလာတဲ့သူကို ကူညီမယ်ဆိုရင် အကူအညီပေးပါ။ ညအိပ်မယ်ဆိုရင်တော့ သင့်တော်သလိုကြည့်စီစဉ်ပါ။

စကားခဏခဏမှားတတ်လို့ စကားပြောအတော့်ကိုဆင်ခြင်နိုင်မှတန်ကာကျတဲ့နှစ်ဖြစ်ပါတယ်။ သားသမီးတွေကလည်း ဦးကနင်းပဲ့ကထောင်သလိုဖြစ်ပြီး မကြာခဏဆန့်ကျင်တတ်ပါတယ်။ ထွက်တောင်သွားတတ်လို့ တအားဖိမပြောပါနဲ့။

အိမ်ထောင်ဖက်မှာ သွေးသားနဲ့ဆိုင်တဲ့ကျန်းမာရေးဂရုစိုက်ပါ။

ပညာရေးကံတွေ တောက်လျှောက်ကောင်းပါတယ်။ ဆက်ကာဆက်ကာအောင်မြင်ပါလိမ့်မယ်။

ငွေကတော့ဝင်ပါရဲ့။ ကုန်ဖို့အသင့်ရှိနေတဲ့ငွေမျိုးသာဝင်တတ်လို့ ဒီနှစ်စုမိဖို့သိပ်မလွယ်ဖြစ်နေတတ်ပါတယ်။

ငွေတော့မချေးသင့်ပါဘူး။

အလုပ်အကိုင်နှစ်မျိုးနှစ်ခုဖြစ်နေတတ်ပါတယ်။ သူများအလုပ်တွေကိုပါလုပ်ပေးနေရတတ်ပါတယ်။ ဘာကိုလုပ်လုပ်တစ်ခါနဲ့မပြီးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက်ကလည်းမခွဲနိုင်၊ တွေ့ပြန်တော့လည်း ပြဿနာကရှာချင်၊ ဘာမှန်းမသိဘဲ ရန်လုပ်ချင်နေ၊ လူချင်းခွဲပြန်ကြပြန်ရင် စိတ်ထိခိုက်၊ လွမ်းဖြစ်နေတတ်ပါတယ်။ စကားကြောင့်ဖြစ်လာတတ်တဲ့ ပြဿနာတွေ။

ငှက်စာများများကျွေးပေးပါ။ ခဏခဏကျွေးပါ။ မေတ္တာများများပို့ပြီး စိတ်ရှည်ပါ။

ဘယ်ကိစ္စပဲဖြစ်ဖြစ် ဦးဆုံး ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ဖယောင်းတိုင် (၅) တိုင်ထွန်းပြီး ဘုရားပူဇော်ပါ။ ပြီးမှသွားပါ။ ကိစ္စရှိတိုင်း ပူဇော်ပြီးမှသွားပါ။

အသည်းနဲ့ဆိုင်တဲ့ ကျန်းမာရေး၊ လေအောင့်၊ ရင်အောင့် ဂရုစိုက်ပါ။ သွေးသားနဲ့ဆိုင်တဲ့ကျန်းမာရေးမဖြစ်ဖို့က အိမ်ကို သစ်ဟောင်းသစ်ဆွေးတွေဝင်မလာပါစေနဲ့။

ကိုယ်လက်လေ့ကျင့်ခန်းများများလုပ်ပါ။

ရွတ်တာဖတ်တာ၊ ပုတီးစိပ်တာက ကိုယ်ရွတ်နေကျ၊ ထုံနေကျအတိုင်းရွတ်ပါ။ အာနာပါနကိုမကြာမကြာရှုမှတ်ပါ။

ဇာတာရှင်က ယောကျာ်းလေးဖြစ်နေရင် ဇနီးသည်ကို ကျန်းမာရေးဂရုစိုက်ပေးပါ။ လပြည့်နေ့ရောက်တိုင်းခွဲအိပ်ပေးပါ။

ဇာတာရှင်က မိန်းကလေးဆိုရင် သွေးသားနဲ့ဆိုင်တဲ့ကျန်းမာရေးဂရုစိုက်ပါ။ အပူအစပ်တွေအရမ်းမစားပါနဲ့။

တစ်နှစ်လုံးယတြာက မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကို ပူဇော်နေကျအတိုင်း ပူဇော်ပြီး (၁၀) မိနစ်ရရ၊ (၁၅) မိနစ်ရရ အာနာပါနရှုမှတ်ပေးပါ။ ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

လုပ်ငန်းသစ်စတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာစတင်ပါ။

အရေးကြီးတာကတော့ စိတ်မကစားဖို့ပါဘဲ။ စိတ်နှစ်ခွဖြစ်ဖြစ်သွားတာဆင်ခြင်ဖို့ပါပဲ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး ဗုဒ္ဓဟူးပိတ်ထားတဲ့ အောင်ရဲ ဆွေးဝေ၊ အုန်းရဲ ဆိုတဲ့ နာမည်မျိုးထဲမှာပါနေရင်တော့ လောင်းကစားရှောင်ပါ။ ဒုစရိုက်မှန်သမျှဝေးဝေးနေပါ။ ဘယ်သူ့ကိုမှလည်း ဘာအကြောင်းနဲ့မှအာမမခံပါနဲ့။ နီးရာ ဘုရားစေတီကို ခြေကျင်သွားသွားပြီး မကြာခဏ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၃၅၊ ၃၆၊ ၄၃၊ ၄၄၊ ၅၁၊ ၅၂၊ ၅၉၊ ၆၀၊ ၆၇၊ ၆၈၊ ၇၅၊ ၇၆၊ ၈၃၊ ၈၄၊ ၉၂၊ ၉၃ ဆိုတဲ့အသက်တွေရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်၊ အကြံဉာဏ်ယူ၊ အကူအညီတောင်း၊ အောင်မြင်ပါလိမ့်မယ်။ စနေစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ထွန်းမိုး၊ ထက်ပု ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးပြန်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အကျိုးပေးတာက တနင်္ဂနွေပါပဲ။ ဒါတောင်မှ တစ်ခါတစ်ခါတစ်မျိုးဖြစ်တတ်ပါတယ်။ ကိုယ့်ကိုကူညီနိုင်မယ့်သူဟာ ကိုယ့်မြင်ကွင်းကပျောက်ပျောက်သွားတတ်ပါတယ်။ ဗုဒ္ဓဟူးကျတော့ ဟုတ်မလိုလိုနဲ့ အဖျားရှူးရှူးနေတတ်ပါတယ်။ ကြာသပတေးဆိုရင် အဆင်မပြေနိုင်မှန်းသိသိနဲ့ကို ဆက်ဆံနေရပါလိမ့်မယ်။

သောကြာ၊ တနင်္လာ၊ အင်္ဂါတွေဆိုရင်တော့ ခင်ပါ။ ခင်လို့ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် စပ်တူရှယ်ယာလုပ်တာတို့၊ အကူအညီတောင်းတာတို့ဆိုရင် ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ဒီနှစ်အတွက် အထူးရှောင်ရမှာတွေကတော့ မာနကြီးခြင်း၊ မောက်မာခြင်း၊ စိတ်တိုခြင်း၊ သူတစ်ပါးကို မခံချင်အောင်ပြောတတ်ခြင်းတွေပါပဲ။ ဒါတွေဟာ မလိုလားအပ်တဲ့ ပြဿနာတွေ ဆီလိုအပေါက်ရှာပြီးဝင်လာနိုင်ပါတယ်။ ဆင်ခြင်ရပါလိမ့်မယ်။

ငွေကြေးဆိုရင်လည်း ဒီတိုင်းပဲ။ ဘယ်လိုလူမျိုးကိုမဆို ငွေကြေးအတွက် အာမခံပေးတာရှောင်ရမှာဖြစ်သလို ကိုယ်တိုင်ချေးပေးရင်လည်း တော်တော်နဲ့ ပြန်ရနိုင်တော့မှာ မဟုတ်တော့ပါဘူး။ ဒါတော့ သိထားရပါလိမ့်မယ်။ ငွေကြေးပြဿနာတွေရှိနေတဲ့နှစ်ဖြစ်နေလို့ ရစရာများရှိရင်လည်းမရ၊ ပေးစရာများရှိရင်လည်း မပေးနိုင်နဲ့ မရှုနိုင်မကယ်နိုင်ဖြစ်တတ်တဲ့နှစ်တွေပါ။ ငွေကြေးနဲ့ပတ်သက်တဲ့ စာရင်းဇယားတွေနဲ့ အလုပ်လုပ်ရတဲ့သူတွေဆို အလကားနေရင်း စာရင်းကွာကွာနေတတ်လို့ ဂရုစိုက်ရပါလိမ့်မယ်။ ချေးထံတို့၊



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲတို့မှာစုပြီးမဲစုတဲ့ကိစ္စမျိုးဆိုရင်လည်း ဒီနှစ်ဂရုစိုက်ပါ။ ကိုယ်ကယူထားရတာမျိုးဆိုရင်လည်း သူများကိုပြန်မဆပ်နိုင်တဲ့အတွက် စိတ်တွေပူရတတ်တဲ့နှစ်မျိုးပါ။

ရွှေမမျှော်လင့်ဘဲ ဝင်လာတတ်သလို ပြန်ထွက်သွားတတ်ပါတယ်။ ပတ္တမြားလက်စွပ်လိုမျိုး၊ ပတ္တမြားနားကပ်လိုမျိုးဝင်လာရင် ကြီးသူတွေအတွက် စိတ်ပူစရာတွေကြုံရတတ်လို့ ဝယ်မယ်ကြံရင် စဉ်းစားပါဦး။ အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေဝင်လာရင် လာဘ်တွေပိတ်ပြီး လုပ်ငန်းတွေကျဆင်းလာတတ်ပါတယ်။

ဒီနှစ်ဟာ ကိုယ့်ဩဇာဘာမှမရှိတော့သလို ခံစားရတတ်တဲ့နှစ်မို့ ငယ်ရွယ်သူတွေ၊ အောက်လူတွေ၊ သားသမီးတွေ၊ ကိုယ်ကျွေးမွေးထားရတဲ့ တူတွေ၊ တူမတွေ ကိုယ့်ကိုခွန်းတုံ့မခံပြန်ပြောတတ်ကြပါတယ်။ ဒီအခါမှာ ရင်ထဲမှာခံစားလာရပါလိမ့်မယ်။

လုပ်ငန်းခွင်ထဲမှာဆိုလည်း ဒီလိုပါပဲ။

အတိုက်အခံမနာလိုတာတွေများသလိုဖြစ်လာပေမယ့် ကိုယ့်ဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့်သူတွေမရှိနိုင်ပါဘူး။

ငယ်ရွယ်သူတွေဆိုရင် ဘယ်လိုမှ ဆတ်ဆတ်ထိမခံလို့ မိဘတွေ၊ ဦးလေး၊ အဒေါ်တွေနဲ့ ဆန့်ကျင်မှုအဖြစ်ဆုံးနှစ်ပါပဲ။

ဒီလိုတွေသိထားပြီဆိုရင် –

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ မေတ္တာသုတ်ကို ရွတ်ပါ။ မရရင် စာအုပ်ကြည့်ရွတ်ပါ။ ပဋ္ဌာန်းရွတ်ပါ။ ပြီးရင် မေတ္တာသုတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ရွတ်ပြီးမေတ္တာများများပို့ပါ။ အမျှပေးဝေပါ။ အလုပ်မအား လို့ဆိုပြီး ရတနာမြတ်(၃)ပါးနဲ့ ဝေးဝေးသွားတတ်ပါတယ်။ မဖြစ်ပါစေနဲ့။ မဖြစ်မနေ အချိန်ပေးပြီးရွတ်ဖတ်ပူဇော်ပါ။ ဒါမှလည်းကြုံတွေ့နေရတဲ့အခက်အခဲတွေကို အေးအေးဆေးဆေး ကျော်လွှားသွားနိုင်မှာပါ။

ရင်ထဲဝမ်းထဲမှာဖြစ်လာတဲ့ရောဂါမှန်သမျှ ကြာရှည်မခံစားရတော့ပါဘူး။ အရေးကြီးတာ အစာကိုအချိန်မှန်စား၊ အိပ်ရေးဝဝအိပ်ဖို့ပါပဲ။

ဆွမ်းတော်ကပ်တာက ကိုယ်သဒ္ဓါကြည်ညိုသလို ပူဇော်ကပ်လှူပါ။

အတိုက်အခံသိပ်များနေရင်တော့၊ အနိုမ်ခံရတာသိပ်များနေရင်တော့ ၂၄-ပစ္စည်းကို အနုလုံပဋိလုံ (၁၀) မိနစ်၊ (၁၅) မိနစ်ရအောင်ရွတ်ပါ။ ဖြစ်နိုင်ရင် သားစားရှောင်ကြဉ်ပါ။

အရေးကြီးတဲ့ကိစ္စကို ဆောင်ရွက်တော့မယ်ဆိုရင် ဘုရားတစ်ဆူဆူကိုအရင်သွားပါ။ ဒန်းကြီး (၂၅) ညွန့်ကို မွှေးနံ့ထောင့်ဘုရားမှာလှူပြီး ဖယောင်းတိုင် (၇) တိုင်ထွန်း၊ ရွတ်ဖတ်ပူဇော်ပြီးမှသွားပါ။ အောင်မြင်ပါပြီ။

ဘယ်သူမဆို ငှက်စာကျွေးပါ။ ခွေးလေးတွေကို အစာကျွေးပါ။ ကြုံတဲ့နေရာမှာကြုံသလိုကျွေးပါ။

သံဃာတော်အရှင်သူမြတ်တွေ၊ သီလရှင်ကြီးတွေကိုလှူတဲ့အခါ ဆေးများ မကြာခဏရောလှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကံတွေက ခက်ခက်ခဲခဲကြားထဲကနေ အောင်မြင်သွားပါလိမ့်မယ်။ မအောင်မြင်ဘူးသေးတဲ့ စာမေးပွဲတွေကို ဖြေဆို အောင်မြင်တာတို့၊ မသင်ရသေးတဲ့ပညာရပ်တွေကို သင်ကြားရတာတို့ ဖြစ်ပါလိမ့်မယ်။

ပညာရေးတို့၊ အတတ်ပညာပိုင်းဆိုင်ရာတို့ကျတော့ အတော့်ကို ကံကောင်းတဲ့နှစ်တွေပါ။

တရားဘာဝနာများ ပွားများအားထုတ်နေကြသူတွေဆိုရင် မသိသေးတာတွေသိ၊ မရသေးတာတွေရ၊ မဖူးဘူးသေးတဲ့ တန်ခိုးကြီးဘုရားတွေဖူးရ၊ တန်ခိုးကြီးဆရာတော်ဘုရားကြီးများကိုဖူးရနဲ့ အင်မတန်ထူးခြားမယ့်နှစ်ပါ။ ဘုရားပုံတော်များကြွလာပါလိမ့်မယ်။ တရားထူးတရားမြတ်တွေ ကြားရ၊ သင်ရ၊ မှတ်သားနာယူရ၊ ကိုယ်တိုင် အားထုတ်ရင်း သိမြင်လာရတဲ့နှစ်တွေပါပဲ။

ဖြစ်နိုင်ရင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေကို ပူဇော်ပါ။ ကိုယ်တိုင် ဦးဆောင်ပြီး ပူဇော်ပါ။

ရွတ်နိုင်ရင်လည်းရွတ်ပါ။

ပဋ္ဌာန်းပူဇော်ပွဲကြီးတွေနဲ့ကြုံလို့ ပူဇော်ခွင့်ရတိုင်း ပူဇော်ပါ၊ လှူပါ၊ ကုသိုလ်ပြုပါ။

ကိုယ်တိုင်လည်း ပညာဝါရပဋ္ဌာန်းတရားတော်ကို ရွတ်ဆိုကြည်ညို ပူဇော်နိုင်အောင် ကြိုးစားပြီး ပူဇော်ပါ။

လုပ်ငန်းချဲ့မယ်ဆိုရင်တော့ ငွေကံနည်းနေသေးလို့ စဉ်းစားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မကျွမ်းကျင်တဲ့လုပ်ငန်းတစ်ခုခုတိုးချဲ့ချင်တယ်ဆိုရင်တော့ အချိန်ယူပြီးစဉ်းစားပါ။ မကျွမ်းကျင်တာတွေမလုပ်ပါနဲ့။

ချစ်တတ်သူတွေက ပြဿနာဟောင်း၊ စကားဟောင်းတွေပြန်ပြန်မပြောကြဖို့ဘဲလိုပါတယ်။ ငှက်လေးတွေကိုအစာကျွေးပါ။

ဒီနှစ်မှာ သူများတကာက ကိုယ့်ကိုနှိမ်ရင် ဝမ်းသာပါ။ အလိုလိုနေရင်း ယတြာဖြစ်နေလို့ပါ။ အဲဒါဆို ဒိပြင်ပြဿနာတွေဝင်မလာနိုင်တော့ပါဘူး။

လုပ်ငန်းရှင်တွေဆိုရင် အောက်လူမမြဲတဲ့နှစ်၊ အလုပ်သမားမမြဲလို့ စိတ်ညစ်ရတဲ့နှစ်၊ လူယုံက လုပ်ချင်ရာလုပ်လို့ စိတ်ညစ်ရတတ်တဲ့နှစ်တွေပါ။

မေတ္တာသုတ်များများရွတ်ပြီးမေတ္တာပွားပါလေ။

ဖြစ်နိုင်ရင် အာနာပါနဘာဝနာကို နာရီဝက် ဒါမှမဟုတ် (၁၅) မိနစ်ရအောင် ပွားများပါ။

ဟိုပစ္စည်းရောင်းချင်ဒီပစ္စည်းရောင်းချင်တွေဖြစ်လာပါလိမ့်မယ်။ အရမ်းဖွတ်မလုပ်ပါနဲ့။ စဉ်းစားပြီးအချိန်ယူပြီးမှရောင်းပါ။

ထီဝါသနာပါရင် ၇၊ ၅၊ ၁၊ ၄ ဂဏန်းတွေနဲ့ကံစပ်ပါတယ်။

**တနင်္ဂနွေသားသမီးများ–**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုတာနဲ့–

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်စေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်များနဲ့တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ လိုအပ်ရင် အကူအညီတောင်းပါ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သာအိုး၊ သစ်အိမ်၊ ဟန်အံ့ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာကတော့ မိတ်ဟောင်းဆွေဟောင်း၊ ဆရာသမားဟောင်းတွေဆိုရင် အကျိုးပေးပါတယ်။ ရပ်ဝေးက တနင်္လာဆိုရင်လည်း အကျိုးပေးပါတယ်။ အင်္ဂါကတော့ ကိုယ့်ကို ကူညီချင်ပေမယ့် သူ့မှာတောင် မလှုပ်သာမယှက်သာအလုပ်တွေကြောင့် စိတ်ပဲရှိပြီး မကူညီနိုင်ပါဘူး။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ရပါတယ်။ ခုနလို အကျိုးပေးတဲ့နာမည်ရှင်တွေနဲ့ စီးပွားတူတွေပြုလုပ်လို့ရပေမယ့် ကျန်တဲ့နာမည်တွေနဲ့ကတော့ မရပါဘူး။ အကြံဉာဏ်လည်းမယူပါနဲ့။

မြေဝယ်လို့မရပါဘူး။ အရှုပ်အရှင်းတွေဖြစ်လာပါလိမ့်မယ်။

(၇) ဂဏာန်းကိုရှောင်ပြီးအလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ စက်ပစ္စည်းတွေဝင်လာရင် သတိထားကြည့်ပါ။ အသစ်ကြီးတွေဖြစ်ပေမယ့် ပျက်သွားတာမျိုးကြုံတတ်ပါတယ်။ ပြဿနာဟောင်းရှိတဲ့ အင်္ဂါနာမည်နဲ့လည်းမတွဲပါနဲ့။

မလိုလားအပ်ဘဲ ကိုယ့်သဘောနဲ့ ဆေးထိုးချင်တာ၊ ဆေးသောက်ချင်တာမလုပ်ပါနဲ့။ အစာအိမ်ရောဂါခံစားခဲ့ရဖူးရင် အစားမှန်အောင် ပိုပြီးဂရုစိုက်ပါ။ နားလည်သူတွေနဲ့တိုင်ပင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကွဲ သတိထားပေါင်း၊ သတိထားအလုပ်လုပ်ပါ။

ပညာရေးကံကောင်းပါတယ်။ တခြားအနေ့ဝင့်အယှက်တွေကိုသာရှောင်လိုက်ပါ။ ရာထူးတိုးစာမေးပွဲတွေဖြေရင်လည်း အောင်ပါပြီ။ အလုပ်အဆင်ပြေပါပြီ။

လုပ်ငန်းစတင်ချင်ရင် တနင်္ဂနွေနေ့မနက် (၉) နာရီ၊ (၄၅) တိတိမှာ စတင်ပါ။ စနေနံ၊ အင်္ဂါနံလုပ်ငန်းသစ်ဆိုရင်တော့ မလုပ်ပါနဲ့။

ချစ်တတ်သူတွေ ကံကောင်းပါတယ်။ စနေနံဆိုင်လေးမှာ မုန့်ထိုင်စားဖြစ်ရင် စကားကို မလိုဘဲ အရှည်ကြီး၊ အကြာကြီး မပြောပါနဲ့။ ပြောရင်းကနေ စိတ်တိုစရာတွေဖြစ်လာပြီး ပြဿနာ တက်တတ်ပါတယ်။ ငှက်စာလေးတွေကျွေးပါ။ ဒုက္ခိတတွေကို တွေ့ရင် ငွေလှူပါ။

အရေးတကြီးကိစ္စရှိတိုင်း တနင်္ဂနွေနံဘုရားတစ်ဆူဆူကို သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင်ထွန်းပြီး ဘုရားရှိခိုးပြီးမှသွားပါ။

တစ်နှစ်လုံး ယကြာ - လစဉ် ဘုရားတစ်ဆူဆူကိုသွားပါ။ ရက်၊ အချိန်မသတ်မှတ်ပါနဲ့။ ဘုရားရှင်ကို ပန်းပေါင်းစုံ (၆) မျိုး၊ သစ်သီး (၆) မျိုးနဲ့ ပူဇော်ပါ။

နံနက် အိပ်ရာကနိုးတိုင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်ပါ။ ပြီးရင် ကိုယ်ရွှတ်ဖတ်ပူဇော်နေကျ ဘုရားစာကို (၁၀) မိနစ်၊ (၁၅) မိနစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှတ်ပါ။

အရမ်းစပ်တဲ့အစားအသောက်ကို အလွန်အကျွံမစားပါနဲ့။

အမှုအခင်းကိစ္စတွေကို အာမခံမပေးပါနဲ့။ သူများပြဿနာကိုယ့်ပြဿနာဖြစ်တတ်ပါတယ်။

ဒူးနာ၊ အကြောနာ ဂရုစိုက်ပါ။ ဆေးခဏခဏလှူပါ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစပြီး သောကြာပိတ်မှည့်ထားတဲ့ အားသာ၊ အေးသစ်၊ အုံးသူလို နာမည်တွဲမျိုးဖြစ်နေရင်တော့ ရန်မဖြစ်ပါနဲ့။ လောင်းကစားရှောင်ပါ။ ဆိုင်ကယ်စီးရင်မမြန်ပါစေနဲ့။

ထီထိုးချင်ရင်တော့ တနင်္ဂနွေနံ၊ သောကြာနံထီဆိုင်တွေမှာ ထိုးပါ။ ၁၊ ၆၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့အသက်တွေရောက်နေပြီဆိုရင်-

ပညာရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ အရေးကြီးတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ၊ အကြံဉာဏ်ယူပါ၊ လိုအပ်ရင်အကူအညီတောင်းပါ။ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အကျိုးပေးပါတယ်။ ဒါပေမယ့် အင်္ဂါစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ ဆန်းဥ၊ စံအိမ်၊ ငြိမ်းအုံ ဆိုတဲ့နာမည်တွဲမျိုးဖြစ်နေရင်တော့ အကျိုးမပေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သောကြာလည်း အကျိုးပေးပါတယ်။

စနေကတော့ အကျိုးပေးမလိုလိုနဲ့ အဖျားရှူးသွားတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ရပါတယ်။ စီးပွားရေးနဲ့ ဆက်ဆံရတာဆိုရင်တော့ အကျိုးမပေးပါဘူး။ စပ်တူဆိုမစဉ်းစားပါနဲ့။ အခက်အခဲတွေ မထင်မှတ်ဘဲဝင်လာပါလိမ့်မယ်။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်ကတော့ ငွေပြသနာမှန်သမျှရှောင်ပါ။ ကိုယ်တိုင်အကုန်အကျတွေများ၊ ဝင်စရာရှိတာတွေမဝင်၊ ပေးစရာရှိတာတွေမပေးနိုင်ဖြစ်တတ်သလို ကိုယ့်ပတ်ဝန်းကျင်မှာလည်း ငွေကြေးနဲ့ပတ်သက်တဲ့ပြသနာသံတွေချည်းပဲကြားနေရတတ်ပါတယ်။ ကိုယ်စိုက်ပေးရင်လည်း ပြန်မရတော့ဘူးသာမှတ်ပါ။

သူများက ဟိုဟာလုပ်ပါလား၊ ဒီဟာလုပ်ပါလား လာပြောကြပါလိမ့်မယ်။ ကိုယ်မကျွမ်းကျင်တဲ့ စီးပွားရေးမှန်သမျှ လုံးဝရှောင်ပါ။ ဘာမှမလုပ်မိပါစေနဲ့။ လက်ရှိလုပ်နေတဲ့အလုပ်ကိုပဲလုပ်ပါ။ ကားမောင်းအထူးဆင်ခြင်ရပါလိမ့်မယ်။ ဖြစ်နိုင်ရင် စုပေါင်းပြီးမဲစုကြတဲ့ကိစ္စကို အရမ်းစိတ်မဝင်စားပါနဲ့။

လက်ရှိလုပ်ငန်းကိုပဲ တိုးချဲ့ချင်ရင် အင်္ဂါနေ့ မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားမှာ တိုးချဲ့ပါ။ လုပ်ငန်းသစ်ကို မစဉ်းစားပါနဲ့။

ခါး၊ ဒူး၊ အဆစ်တွေနဲ့ ပတ်သက်တဲ့ ကျန်းမာရေးကို ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ခါး၊ ခြေ မကောင်းသူတွေကိုတွေ့တိုင်း ငွေ၊ အာဟာရ၊ ဆေးလှူပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပူဇော်ပြီး သရဏဂုံ-၃၀ကို ပုတီး (၅) ပတ် ဒါမှမဟုတ် (၁၀) ပတ်စိပ်ပါ။ ပြီးရင် ငှက်လေးတွေကို အစာကျွေးပါ။ ထူးခြားအောင်မြင်လာပါလိမ့်မယ်။

ကျန်းမာရေးလိုအပ်ရင် သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ကြီးများမှာ ဆေးလိုအပ်သလိုလှူပေးပါ။ ဝတ္ထုငွေများ လှူပေးပါ။ ရတနသုတ်၊ မောရသုတ်၊ ပရိမိတ္တဇာလသုတ်တော်များကို အစဉ်မပြတ်ရွတ်ပါ။

ခါးကြောညပ်တတ်ပါတယ်။ မလိုအပ်ရင် မခွဲမစိတ်ပါနဲ့။ ရမ်းမနှိပ်ပါနဲ့။

ပညာရေးကံတွေကောင်းပါတယ်။ မငိုက်အောင်သာ ဂရုစိုက်ရမှာပါ။ အိပ်ချိန်တော့ပြည့်ပါစေ။

ချစ်တတ်သူတွေကတော့ ငွေကြေးကိစ္စခဏခဏမပြောပါနဲ့။ အဲဒီကနေစပ်ပြီး စကားတွေက အနိုင်အထက်ပြောရင်း ပြဿနာဖြစ်တတ်ပါတယ်။ တနင်္လာနံမှန်ဆိုင်လေးတွေမှာထိုင်မိရင်ပိုဆင်ခြင်ပါ။

အိမ်ခမ်းခမ်းနားနားဆောက်တော့မယ်ဆိုရင် အင်္ဂါနံမည်ရှင်တွေနဲ့တိုင်ပင်ပြီးမှလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းတာနဲ့ မျက်နှာသစ်ပြီးတိုင်း ဘုရားကိုသောက်တော်ရေ ကပ်လှူပူဇော်ပြီး သရဏဂုံ-၃၀ပုတီးစိပ်ပါ။ မရရင် သရဏဂုံကို ပုတီးစိပ်ပါ။

အရေးကြီးရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။

ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင်ထွန်းပါ။ ပြီးရင် သရဏဂုံ-၃၀ ကိုရွတ်ပါ။ မရရင် သရဏဂုံကိုရွတ်ပါ။ အားရပါးရရွတ်ဖတ်ပူဇော်ပြီးမှသွားပါ။

ငှက်လေးတွေ၊ ခွေးလေးတွေကို မကြာမကြာအစာကျွေးပါ။ ဆင်းရဲတဲ့၊ နွမ်းပါးတဲ့ ကိုယ်ဝန်ဆောင် မိခင်လောင်းတွေကိုတွေ့တိုင်း ငွေကြေးများများ၊ အာဟာရများများ ထောက်ပံ့လှူဒါန်းပေးပါ။ လိုအပ်သလို တတ်နိုင်သရွေ့ ကူညီပေးပါ။

ကိုယ့်နာမည်ဟာ တနင်္ဂနွေစ အင်္ဂါပိတ်မှည့်ထားတဲ့ အိမ်စိုး၊ အားဆက်၊ အိဖူးလိုနာမည်တွဲမျိုးဖြစ်နေရင်တော့ အနေအထိုင်ဆင်ခြင်ပါလေ။

ထီဝါသနာပါရင် အင်္ဂါနံထိဆိုင်မှာ (၃) ဂဏန်းတွေ များများပါအောင်ထိုးပါ။

**တနင်္ဂနွေသားသမီးများ-**

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့ အသက်အပိုင်းအခြားကိုရောက်ပြီဆိုတာနဲ့-

အောင်မြင်လိုတဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ ပြုလုပ်ပါ။ အကြံဉာဏ်ယူပါ။ လိုအပ်ရင် အကူအညီတောင်းပါ။ ဒါပေမယ့် တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မည့်ထားတဲ့ ကံရ၊ ချစ်လန်း၊ ခိုင်ယု ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တနင်္ဂနွေနာမည်ရှင်တွေလည်း အကျိုးတော့ပေးပါတယ်။ ဒါပေမယ့် ဟုတ်လိုက်၊ အဖျားရှူးလိုက် ဖြစ်နေတတ်လို့ ကိုယ်တိုင် စိတ်မရှည်ဖြစ်တတ်ပါတယ်။

ကြာသပတေးနာမည်ရှင်တွေကတော့ ကိုယ့်အတွက် အကျိုးပေးသလိုဖြစ်လိုက်၊ ပြန်ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ စိတ်မရှည်ဖြစ်ရပြန်ပါလိမ့်မယ်။ စိတ်ရှည်ပါ။

ကျန်တဲ့ နာမည်ရှင်တွေနဲ့ ဆိုရင်တော့ ခင်လို့ရပါတယ်။ စီးပွားတူပြုလုပ်တာတို့၊ တိုင်ပင်တာတို့ အကျိုးမပေးနိုင်ပါဘူး။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ သစ်ဟောင်းသစ်ဆွေးတွေ အိမ်ကို မဝင်ပါစေနဲ့။ စက်ပစ္စည်းဟောင်းတွေမဝင်ပါစေနဲ့။ ဝင်လာရင် စိတ်ညစ်စရာတွေတန်းစီဖြစ်တတ်ပါတယ်။

အိမ်ဟောင်းတွေဖျက်ပြီးဝယ်၊ ပြီးရင် ပြန်ရောင်းတဲ့ စီးပွားရေးလုပ်ငန်းရှင်မျိုးကတော့ ဝယ်လို့ရပါတယ်။ ဒါက လုပ်ငန်းလုပ်တာလေ။

ဆိုင်ကယ်ကို အကြမ်းမစီးပါနဲ့။

အစားအသောက်လည်း ဂရုစိုက်ပါ။ ရင်ခဏခဏပြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



တို့၊ အစားခဏခဏပျက်သွားတာတို့ဖြစ်တတ်ပါတယ်။

ပြီးတော့ ခန္ဓာကိုယ်အောက်ပိုင်းတွေ မကောင်းဖြစ်တတ်ပါတယ်။ ထုံတာကျဉ်တာမျိုးပေါ့။ ဒါကလည်း ယာယီပါ။ ပူစရာမလိုပါဘူး။

အဲဒီလိုများဖြစ်ရင် ကိုယ်ခံစားနေရတဲ့ကျန်းမာရေးနဲ့နွယ်တဲ့ဆေးမျိုးလှူပေးပါ။ စာကလေးတွေလွှတ်ပေးပါ။ စာကလေးလွှတ်လို့မရတဲ့နေရာမှာဆိုရင် စိတ်ဝေဒနာရှင်များကို အာဟာရ၊ ငွေထောက်ပံ့ပေးကမ်းပါ။

လုပ်ငန်းသစ် စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ အပေါင်းအသင်းတွေနဲ့အပျော်လွန်ပြီး စိတ်လေမသွားအောင်သာထိန်းပါ။

ချစ်တတ်သူတွေကတော့ ကံကောင်းပါတယ်။ ဒါပေမယ့်သောကြာနာမည်ရှိတဲ့ စားသောက်ဆိုင်လေးမျိုးမှာ အတူတူထိုင်ပြီးအနားယူတဲ့အခါ ခရီးနဲ့ပတ်သက်တဲ့စကားမျိုးမပြောမိပါစေနဲ့။ သော့ချိတ်လက်ဆောင်မပေးမိပါစေနဲ့။

အရေးကြီးတဲ့ကိစ္စတစ်ခုခုကို ဆောင်ရွက်တော့မယ်ဆိုရင် ဘုရားစေတီတစ်ဆူဆူကိုအရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာသွားပါ။

တစ်နှစ်လုံးယတြာကတော့ -

ဘုရားရှင်ကို လစဉ် ပန်းပေါင်းစုံ (၉) မျိုး၊ သစ်သီး (၉)မျိုး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပူဇော်ပါ။ ရက်တစ်ရက်ကိုရွေးပါ။ အဲဒီရက်မှာပူဇော်ပါ။ နှမ်းမှုန့်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ဂုဏ်တော်ပွားများပါ။ ငှက်စာကျွေးပါ။ အရှေ့အရပ်ကို မျက်နှာမူပြီး ဒိဝါတပတ်ိဂါထာကိုရွတ်ရင်း ဘုရားရှင်ကိုကြည်ညိုပါ။ လူမှုရေးအတိုက်အခံများရင် ဂုဏ်တော်ကွန်ချာကိုရွတ်ပါ။

လုပ်ငန်းရှင်တွေကတော့ လုပ်ငန်းတွေကောင်းပါတယ်။ ဒါပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ လူမှုရေးအရှုပ်အထွေးတွေဖြစ်ဖြစ်နေတတ်လို့ စိတ်ညစ်နေရတတ်ပါတယ်။ လူမဖြဲ့တတ်ပါဘူး။

နေရာပြောင်းချင်ရွှေ့ချင်သူတွေကတော့ ပြောင်းရွှေ့ဖို့ ဖြစ်ပါပြီ။ အောင်မြင်ပါပြီ။

မကြာခဏ ခရီးထွက်ဖြစ်ပါလိမ့်မယ်။

အိမ်ထဲမှာပဲနေနေသူတောင် ကြံဖန်ထွက်ဖြစ်ပါလိမ့်မယ်။ ကောင်းပါတယ်။

လမ်းများများလျှောက်ပေးပါ။

ထိဝါသနာပါရင်တော့ တနင်္လာ၊ ဗုဒ္ဓဟူးနာမည်ရှိတဲ့ထီဆိုင်ကြီးတွေမှာထိုးပါ။ ၄၊ ၈၊ ၂၊ ၉ ဂဏန်းတွေကနေ ကိုယ့်ကိုအကျိုးပေးပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေသားသမီးများ-**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေကိုများရောက်ပြီဆိုရင် -

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘယ်ကိစ္စပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့တိုင်ပင်ပါ။ အကူအညီယူပါ။ စီးပွားရေးအကြံဉာဏ်ယူပါ။ ဒါပေမယ့် အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စံဖြူ၊ ညိုမြ၊ ဆန်းပါ ဆိုတဲ့ နာမည်တွဲမျိုးများဖြစ်နေလို့ကတော့ အကူအညီမတောင်းပါနဲ့တော့။

ဗုဒ္ဓဟူးလည်း အကူအညီပေးနိုင်ပေမယ့် သူက အလုပ်မအားတဲ့သူဖြစ်နေတတ်လို့ အကျိုးပေးပေမယ့် စိတ်မာတတ်ကျရတတ်ပါတယ်။ မကျပါနဲ့၊ စိတ်ရှည်ပါ။

စနေကတော့ အကျိုးပေးတာမှန်ပါရဲ့။ ဒါပေမယ့် ကိုယ့်ကိုကူညီချင်ပေမယ့် သူ့ကိုယ်သူတောင်အနိုင်နိုင်ဖြစ်နေတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ရပါတယ်။ စီးပွားသာစပ်လို့မရတာပါ။

(၁) ဂဏန်းဟာ ကိုယ့်အတွက် ဒီနှစ် အကျိုးမပေးပါဘူး။

ရှောင်ဖို့တွေကတော့ -

ဒီနှစ်မှစပြီး အဆောက်အအုံလုပ်ငန်းလုပ်မယ်ဆိုရင်တော့ စဉ်းစားပါ။ ရွှေတူးမယ်ဆိုရင်လည်း အကျိုးမပေးပါဘူး။ ရွှေဆိုင်စဖွင့်မယ်ဆိုရင်တောင် အကျိုးပေးတဲ့သူတွေနဲ့တိုင်ပင်ပြီး ပြုလုပ်ရပါလိမ့်မယ်။ ကျောက်တွေဝင်လို့မရပါဘူး။ နဂိုက ရှိတာနာ



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ပြုလုပ်နေသူတွေဆိုရင်တော့ ရောင်းဖို့အတွက် ဝယ်လို့ရပါတယ်။

တစ်နှစ်လုံးပြုလုပ်ရမှာက -

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ သရဏဂုံ-၃၀ ကို အဓိဋ္ဌာန်နဲ့ တစ်နှစ်လုံးရွတ်ပါ။ မရရင် သရဏဂုံကို အနှလုံး၊ ပင့်လုံ ပုတီးစိပ်ပါ။ ဘုရားရှင်ကို မည်သည့်ဆွမ်းခဲဖွယ်နှင့်မဆို ဆွမ်းတော်ကပ်လှူပါ။ ငှက်လေးတွေကို အစာကျွေးပါ။

အတိုက်အခံများရင် ပဌာန်းကိုဂါထာကို အကြိမ်များစွာ ပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဗောဇ္ဈင်္ဂသုတ်၊ ပရိမိတ္တဇာလသုတ်တော်တွေကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ လမ်းများများလျှောက်ပေးပါ။

လေထိုး၊ လေနာ မကြာခဏဖြစ်တတ်လို့ ရင်ထဲ၊ ဝမ်းထဲမှာ၊ နှလုံးမှာ ဘာဖြစ်မှန်းမသိဘူးဆိုတာမျိုးတွေဖြစ်တတ်ပါတယ်။ ပန်းကာလေရှောင်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ သင်တန်းအမျိုးမျိုးလည်း တက်ရတတ်ပါတယ်။ ကောင်းပါတယ်။ ကြိုးစားလေ အောင်မြင်လေပါပဲ။

ချစ်တတ်သူတွေအတွက်လည်း ကံတော့ကောင်းပါတယ်။ ဒါပေမယ့် စကားအနိုင်လုပြောတာမျိုးရှောင်ပါ။ ဖုန်းဆက်ရင်း၊ အကြာကြီးပြောရင်း မလိုတဲ့စကားတွေ ပါပါလာပြီး စကားအပို



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် မကြာခဏ ရန်ဖြစ်တတ်ပါတယ်။ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။

အိမ်ထောင်ရေးသောကမရှိပေမယ့် သူများအပူကြောင့် ကိုယ်တွေပါ မထင်မှတ်ဘဲ စကားများရတတ်ပါတယ်။

လုပ်ငန်းစတင်ချင်ရင် အင်္ဂါနေ့မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားမှာ စတင်ပါ။

ကားမောင်းဆင်ခြင်ပါ။

အိပ်ရေးခဏခဏအပျက်ခံတာမျိုး၊ ခဏခဏအဆာခံတာမျိုး လုံးဝ မလုပ်ပါနဲ့။

ထီဝါသနာပါရင်တော့ -

အင်္ဂါနံ၊ ကြာသပတေးနံထီဆိုင်တွေမှာထိုးပါ။

ဂဏန်းရွေးချင်ရင် ၃၊ ၅၊ ၇၊ ၆ ဂဏန်းတွေရွေးပါ။

❑



www.burmeseclassic.com

www.burmeseclassic.com

# တနင်္လာသားသမီးများ

**တနင်္လာသားသမီးများ–**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့အသက်ကိုရောက်နေပြီဆိုတာနဲ့ –

ဘာပဲလုပ်လုပ်၊ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတွေအတွက် အောင်မြင်စေဖို့ အကောင်းဆုံးအကျိုးပေးတာကတော့ ဗုဒ္ဓဟူးနာမည်ရှင်တွေပါပဲ။ ဒါပေမယ့် ဗုဒ္ဓဟူး၊ စ၊ သောကြာပိတ်မှည့်ထားတဲ့ လှသန်း၊ ဝင်းသု၊ ရန်ဟန် ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

သောကြာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူပြောတဲ့ဆိုတဲ့စကားကို ကိုယ်ကသည်းခံပေးလိုက်ပါ။

စနေက ကောင်းပေမယ့် ရပ်ဝေးက မိတ်ဟောင်းဆွေဟောင်းစနေတို့၊ အဝေးကလာတဲ့စနေတို့ဆိုရင်တော့ ကောင်းပါတယ်။

အင်္ဂါကျတော့ ကောင်းပါတယ်။ ဒါပေမယ့် မမြဲတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုအဆင်ပြေလိုက်၊ တော်ကြာအဆင်မပြေလိုက်ဖြစ်တတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားရေးတို့၊ ကျန်းမာရေးတို့ဆိုရင်တော့ တိုင်ပင်လို့၊ အကူအညီယူလို့ အကျိုးမပေးတော့ပါဘူး။

(၁) ဂဏန်းအကျိုးမပေးတဲ့နှစ် ဖြစ်ပါတယ်။

ရှောင်ဖို့ကတော့ အမှုဖြစ်နေတဲ့သူတွေကို အာမခံပေးတော့မယ်ဆိုရင် စဉ်းစားရပါလိမ့်မယ်။

သူများအပူကိစ္စတွေကို အိမ်မှာလာပြောနေရင်လည်း အကြာကြီး အာရုံစိုက်ပြီး နားထောင်မနေပါနဲ့။ ကူညီစရာရှိရင်သာ မြန်မြန်ကူညီလိုက်ပါ။ အိမ်ဝယ်မယ်၊ မြေဝယ်မယ်ဆိုရင် အချိန်ယူပြီး စဉ်းစားပါ။ သိပ်အခက်အခဲဖြစ်နေရင် အကျိုးပေးတဲ့သူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အမွေကိစ္စတွေရှောင်ပါ။ အိမ်ဝယ်မယ်ဆိုရင် အရှုပ်အရှင်းမကင်းတာတွေကို အရင်ဆုံးစုံစမ်းပြီးမှဝယ်ပါ။ အိမ်ကိစ္စ၊ မြေကိစ္စတွေကိုလည်း အာမမခံပါနဲ့။

တစ်နှစ်လုံးပြုလုပ်ရမှာက -

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ ပြီးရင် ယပ်တောင်အသစ်တစ်ချောင်းနဲ့ ယပ်တော်သွင်းပူဇော်ပါ။ ဂုဏ်တော်တွေပွားများပြီး ယပ်တော်သွင်းပါ။ အသက်ရှူရင် အရဟံ၊ လေပြန်ထုတ်ရင် ဗုဒ္ဓေါ ဆိုပြီး ဂုဏ်တော်တွေကို အာရုံပြု နှလုံးသွင်းပြီး (၁၀) မိနစ်၊ (၁၅) မိနစ် အချိန်ရရင် နာရီဝက်ရှုမှတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံများရင် ဝစကြော်ဂါထာကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်တော်ကို ရွတ်ပါ။ ငှက်ကလေးတွေကို အစာကျွေးပါ။ ဆေးလှူပါ။

အရေးတကြီးကိစ္စရှိပြီဆိုရင် ဘုရားစေတီတစ်ဆူဆူကို သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပြီး ပူဇော်ပြီးမှသွားပါ။

ပညာရေးကံကောင်းနေဖို့ သံဃာတော်အရှင်သူမြတ်တွေကို ပညာစာအုပ်တွေလှူပေးပါ။ အိပ်ရေးပျက်မခံပါနဲ့။ အပူအစပ်၊ ခေါင်းမူးစာတွေ အလွန်အကျွံမစားပါနဲ့။

ဘာသာတရားအားနည်းရင် အလုပ်ခဏရပ်သွားတာတွေ ဘာတွေဖြစ်တတ်ပါတယ်။ ပူဇော်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်း ပြုလုပ်ပါ။

ချစ်တတ်သူတွေက ကံကောင်းပေမယ့် "အ" အက္ခရာရှိတဲ့ မုန့်ဆိုင်လိုမျိုးမှာထိုင်မိရင် အိမ်ကိစ္စ၊ အလုပ်ကိစ္စတွေမပြောမိပါစေနဲ့။

အင်းတွေ၊ အဆောင်တွေဝင်လို့မရပါဘူး။

အိမ်မှာရှိတဲ့ အင်းပျက်တွေ၊ အဆောင်အကျိုးအပဲ့တွေ၊ မီးလုံးမီးချောင်းအကျွမ်းတွေထုတ်ပစ်လိုက်ပါ။ ဆက်ထားရင် ခိုက်ပြီး လာဘ်တွေပိတ်၊ ကျန်းမာရေးတွေ တစ်ခုပြီးတစ်ခုဖြစ်နေတတ်ပါတယ်။

ရုပ်ဝေးက ဆွေမျိုးသားချင်းတွေရောက်လာတတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြောင့် စကားတွေထမများအောင်တော့ ဆင်ခြင်ပါ။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားမှာ စတင်ပါ။

ငွေကုန်ကြေးကျများတာတို့၊ စုထားတဲ့ပိုက်ဆံတွေလုံးခန်း ထွက်ကုန်တာတို့ဖြစ်တတ်တဲ့နှစ်ဖြစ်နေလို့ ရွှေသာများများစုပါ။

**တနင်္လာသားသမီးများ-**

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေကို ရောက်ပြီဆိုတာနဲ့ -

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေနဲ့ပတ်သက်ပြီး အကျိုးပေးမယ့် နာမည်ရှင်ကတော့ တနင်္လာနာမည်ရှင်ပါပဲ။ ဒါပေမယ့် တနင်္လာစ၊ စနေပိတ်မှည့်ထားတဲ့ ကံတိုး၊ ကျင်ထား၊ ကျော်နှလိုနာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါကလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရပ်ဝေးမှာနေတဲ့ အင်္ဂါတို့၊ မိတ်ဟောင်းဆွေဟောင်း အင်္ဂါတို့ ဆိုရင်တော့ ပိုကောင်းတာပေါ့။

သောကြာက အကျိုးတော့ပေးပါရဲ့။ အဆင်ပြေလိုက်၊မပြေလိုက်ဖြစ်တတ်လို့ နားလည်ပေးရပါလိမ့်မယ်။ စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်မင်လို့ရပါတယ်။ အတူအညီတောင်းတာတို့၊ စီးပွားစပ်တာတို့ဆိုရင်သာ အကျိုးမပေးတာပါ။

www.burmeseclassic.com

www.burmeseclassic.com



(၈) ဂဏန်းကိုရှောင်ပြီးအလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ရွှေတူးတာမျိုးဆိုရင် အကျိုးမပေးပါဘူး။ ရွှေဆိုင်ကို ဒီနှစ်မှစပြီးဖွင့်မယ်ဆိုရင်တောင် မိခင် ဒါမှမဟုတ် မိခင်လိုနေတဲ့ကြီးကဲသူတွေနဲ့ တိုင်ပင်ပြီးမှ ဖွင့်ရပါလိမ့်မယ်။

ရွှေဟောင်း၊ ရွှေပျက်ကို ဝတ်ဖို့မဝယ်သင့်ပါဘူး။

လေအောင့်တဲ့အထိ အဆာမခံသင့်ပါဘူး။ ရင်ထဲ၊ ဝမ်းထဲ၊ အူထဲမှာ ပူလောင်နေတဲ့ထိ အစပ်တွေမစားသင့်ပါဘူး။ ရေကူး မကျွမ်းကျင်ရင် ရေမကူးသင့်ပါဘူး။

စကားပြောခဏခဏမှားတတ်တဲ့နှစ်ဖြစ်နေပါတယ်။

စကားကြောင့် အမုန်းပွား၊ စကားကြောင့် စီးပွားထိ၊ စကားကြောင့် အိမ်ထောင်ကွဲတွေဖြစ်တတ်လို့ စကားကို အထူးဆင်ခြင်ရမယ့်နှစ်ဖြစ်နေပါတယ်။ ညီအစ်ကိုမောင်နှမချင်းတွေလည်း စကားကြောင့် စိတ်ဝမ်းကွဲတတ်ပါတယ်။ ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ရှင်တွေကြောင့် စိတ်အနှောင့်အယှက်တွေအရမ်းဖြစ်တတ်ပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ တနင်္လာနံတွေ ဆွမ်းတော်ကပ်ပါ။ ကော်ဖီ၊ ကိတ်မုန့်၊ ကျောက်ကျော၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကြက်သွန်ကြော် အဆင်ပြေသလို ဆွမ်းတော်ကပ်ပါ။

ဂုဏ်တော်(၉)ပါးကို အမိဋ္ဌာန်ပုတီးစိပ်တာ စွဲစွဲမြဲမြဲရှိပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့အတွေးအကြံနဲ့ မင်္ဂလာရှိတဲ့စကားပဲ ပြောဆိုပြီး အောင်မြင်မှုတွေကို ရယူပါ။

အတိုက်အခံများလွန်းရင်တော့ ဂုဏ်တော်ကွန်ချာပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် အာနာပါနဗုဒ္ဓါနုဿတိဘာဝနာကို နေ့စဉ် (၁၅) မိနစ်၊ နာရီဝက် ပွားများပါ။

ပညာရေးကံတွေကောင်းပါတယ်။ ဆက်ကာဆက်ကာသင်ကြားရတာတို့၊ ဆက်ကာဆက်ကာအကျိုးပေးတာတို့ဖြစ်လာပါလိမ့်မယ်။ ကြိုးစားလေ အောင်မြင်လေနှစ်ပါပဲ။

ချစ်တတ်ကြသူတွေအတွက်လည်း ကံကောင်းပါတယ်။ နှလုံးသားရေးရာဂြိုဟ်အားကောင်းတဲ့နှစ်ဖြစ်ပါတယ်။ ဒါပေမယ့် ခဏခဏစကားများရတတ်ပါတယ်။ အနိုင်ယူပြီးပြောရင်းကနေ နောက်ဆုံး တစ်ဖက်သားဟာ မခံမရပ်နိုင်ဖြစ်ပြီး စိတ်ကုန်သွားတတ်ပါတယ်။ အပြောအဆိုတင်းမာတာတော့ ရှောင်ပါ။

လုပ်ငန်းစတင်ချင်ရင် တနင်္လာနေ့ မနက် (၉) နာရီ၊ (၄၅) တိတိမှာ စတင်လိုက်ပါ။

ထီဝါသနာပါရင်တော့ တနင်္လာနံထီဆိုင်ကြီးတွေမှာ ကံစမ်းပါ။ (၂) ဂဏန်း၊ (၉) ဂဏန်းများများပါပါစေ။

ကိုယ့်နာမည်ဟာ တနင်္လာစ၊ စနေပိတ်မှည့်ထားရင်တော့ အလုပ်တွေအဆင်မပြေတာခဏခဏဖြစ်တတ်လို့စိတ်ရှည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသားသမီးများ-

အသက် ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃၊ ၅၀၊ ၅၁၊ ၅၈၊ ၅၉၊ ၆၆၊ ၆၇၊ ၇၄၊ ၇၅၊ ၈၂၊ ၈၃၊ ၉၀၊ ၉၁၊ ၉၈၊ ၉၉ ဆိုတဲ့ နှစ်တွေကိုရောက်လာပြီဆိုတာနဲ့ -

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တိုင်ပင်တာ၊ အကူအညီတောင်းတာ၊ အကြံဉာဏ်ယူတာနဲ့ဆိုင်ရင် အကျိုးပေးတာကတော့ ကြာသပတေးနာမည်ရှင်တွေပါပဲ။ ဒါတောင်မှ ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့ မြင့်နှောင်း၊ ဖြူတုံ၊ ပန်းထိုက် ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင် အကျိုးမပေးပြန်ပါဘူး။

သောကြာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူ့ခမျာလည်း အလုပ်များပြားလွန်းတတ်တဲ့သူဖြစ်နေတတ်လို့ ကိုယ်ကသူ့ကိုတွေ့ချင်ရင် လမ်းမှာပဲများတတ်ပြီး စိတ်တော့ရှည်ရပါလိမ့်မယ်။

တနင်္လာကတော့ ခက်ခက်ခဲခဲကြားထဲကနေ အကျိုးပေးတတ်တဲ့သဘောရှိလို့ သူ့ခမျာ ကိုယ့်ကိုကူညီချင်ပေမယ့် သူတောင်အနိုင်နိုင်ဖြစ်နေတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းကြတာချည်းပါပဲ။ စီးပွားအတွက်ဆိုရင် အကျိုးမပေးတော့သလို အကြံဉာဏ်ယူ အကူအညီတောင်းဖို့ဆိုရင်လည်း သိပ်မလွယ်တော့ပါဘူး။

(၃) ဂဏန်းကိုရှောင်ပြီးအလုပ်လုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရန်တွေကတော့ -

ရွှေဟောင်းရွှေပျက်တွေ လုံးဝမဝင်ပါစေနဲ့။ စက်ဟောင်းတွေလည်းဝင်လို့မရပါဘူး။ ရွှေရောင်ပစ္စည်းအကျိုးအပဲ့တွေရှိရင်တောင် အိမ်မှာထားလို့မရပါဘူး။ အင်းပျက်၊ အဆောင်ပျက်တွေအားလုံး စွန့်ထုတ်ပစ်ရပါလိမ့်မယ်။ စပ်တူရှယ်ယာတွေလုပ်လို့မရပါဘူး။

မြေဝင်လို့ရပေမယ့် အိမ်ဝယ်မယ်ဆိုရင် အရှုပ်အရှင်းမကင်းတဲ့အိမ်မျိုးဖြစ်နေတတ်ပါတယ်။

ငွေကြေးအရှုပ်အရှင်းမဖြစ်အောင်နေရပါမယ်။

ဒါပေမယ့် သူများကို အာမခံမိလို့ ကိုယ်စိုက်ဆပ်ရတဲ့ကိစ္စမျိုးပေါ်လာတတ်ပါတယ်။ အာမမခံပါနဲ့။

ရတော့ရတာပဲ။ ဘာတွေကုန်လို့ကုန်နေမှန်းမသိဖြစ်နေတတ်ပါတယ်။

ဒါကို ကုန်လှချည်လားပြောမိရင်လည်း ကိုယ့်ကိုပဲရန်အကြီးအကျယ်လုပ်တာမျိုးနဲ့ ကြုံရတတ်ပါတယ်။

ဒီအခါမှာ ခဏခဏစိတ်တိုတာတွေ၊ မခံချင်တာတွေဖြစ်ဖြစ်နေတတ်ပါတယ်။ ကိုယ့်ကိုနှိမ်နေသလိုခံစားရတတ်လို့ ဘယ်မှာသွားပြီးနေချင်လို့နေချင်မှန်းမသိတွေဖြစ်ဖြစ်နေတတ်ပါတယ်။

လုပ်ငန်းရှင်ကြီးတွေကတော့ အလုပ်အကိုင်တွေအဆင်ပြေနေပြီလားဆိုတာနဲ့ အလုပ်သမားတွေမမြဲတဲ့ပြဿနာ၊ အလုပ်သမားချင်း မတည့်တဲ့ပြဿနာတွေဖြစ်လာတတ်တဲ့နှစ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအတွက် စိတ်မညစ်ရဘဲ အဲဒီလူမှုရေးကိစ္စတွေကြောင့် စိတ်ညစ်နေရတတ်ပါတယ်။ ပြောမိပြန်ရင်လည်း ကိုယ်ပြောလို့ဆိုပြီး ကိုယ့်ပြဿနာကိုမခံဘဲထွက်သွားတာတွေ၊ ဆန့်ကျင်ဘက်လုပ်တာတွေကြုံရပါလိမ့်မယ်။ လူယုံကြောင့်ပိုပြီးစိတ်ညစ်ရတတ်လို့ လူယုံခန့်မယ်ဆိုရင် သေချာစဉ်းစားပါ။

မိသားစုအတွင်းမှာ ကိုယ်ကလုပ်ကျွေးနေရရင်တောင် အဲဒီက အောက်လူတွေက ကိုယ့်ကိုပြန်လှန်ပြောဆိုကြလို့ ကိုယ့်မှာခံစားနေရပါလိမ့်မယ်။ ဒါမျိုးက ခက်သား။ ဘယ်သူ့ကိုမှလည်းသွားပြီး ရင်ဖွင့်လို့ကမရ။

ကိုယ်က ပေးကမ်းထားရတဲ့သူတွေဆိုရင်လည်း ခုဆို ကိုယ့်ကို ပမာမခန့်နဲ့။

ဒါဖြစ်တတ်တဲ့သဘာဝပါ။ ဒါလေးတွေကို သိထားလိုက်ရင် အဲဒီလို သူများက ကိုယ့်ကိုအမြင်မကြည်လေ ယတြာကျေလေပဲဆိုပြီး ဝမ်းတောင်သာလာပါလိမ့်မယ်။ ကြည်နူးပြီးနေတတ်သွားပါလိမ့်မယ်။

ကိုယ့်မှာအခက်အခဲကြုံရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနဲ့ မေတ္တာသုတ်ကိုသာ အဓိဋ္ဌာန်ဝင်ပြီးရွတ်နေပါ။ ကိုယ်သွားပြီးအကူအညီတောင်းရင် အဲဒီလူတွေကညည်းပြပါလိမ့်မယ်။ ရတနာ (၃) ပါးက လွဲရင် အားကိုးမရှိပါဘူး။

ဒီလို ခံစားနေရတဲ့နှစ်မျိုးတွေမှာ အကျိုးပေးတာကတော့ ပညာရေးပါပဲ။ ဘယ်ပညာကိုပဲသင်သင် အောင်မြင်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်ဘူးသေးတဲ့ပညာရပ်တွေကိုသင်ရတဲ့ သင်တန်းတွေလည်း တက်ရပါလိမ့်မယ်။ မအောင်မြင်ဘူးသေးတဲ့ စာမေးပွဲတွေလည်း အောင်မြင်ပါလိမ့်မယ်။ လုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်နေကြရတဲ့သူတွေဆိုရင်လည်း လုပ်ငန်းရာထူးတိုးစာမေးပွဲတွေဖြေဆို အောင်မြင်ပါလိမ့်မယ်။

တရားရိပ်သာဝင်နေသူတွေဆိုရင် အင်မတန်မှကြည်နူးစရာကောင်းတဲ့နှစ်ပါ။ မဖူးဘူးသေးတာဖူးရ၊ မရဘူးတဲ့တရားထူးတွေရ၊ တန်ခိုးကြီးဘုရားဖူးတွေထွက်ရ၊ သီလသမာဓိကြီးမားလွန်းလှတဲ့ ဆရာတော်ဘုရားကြီးတွေကိုဖူးရနဲ့ အင်မတန်မှ ထူးခြားမယ့်နှစ်ပါပဲ။

တန်ဖိုးကြီးမားတဲ့ စာအုပ်ဟောင်းတွေရလာပါလိမ့်မယ်။

ဗုဒ္ဓဂယာဘုရားဖူးခရီးလိုမျိုး၊ ဘုရားဖူးခရီးတွေထွက်ရပါလိမ့်မယ်။

အစာကို အချိန်နဲ့စားပါ။ အိပ်ရေးဝအောင်အိပ်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေကပ်လှူပါ။ သောက်တော်ရေကပ်လှူပါ။ ပြီးရင် ပဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကိုရွတ်ပါ။ မေတ္တာသုတ်များများရွတ်ပြီး မေတ္တာပို့ပေးပါ။ အချိန်ရအောင်ယူနိုင်သူများက ပဌာဝါရပဌာန်းရွတ်ပူဇော်ပါ။ စိပ်ပုတီးအားသန်သူများက ပိတောက်သားပုတီးနဲ့စိပ်ပါ။ ဂုဏ်တော်ကိုပဲစိပ်ပါ။

ကျန်းမာရေးလိုအပ်ရင် ဗောဇ္ဈင်္ဂသုတ်၊ ပရိမိတ္တဇာလသုတ်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပါ။ အတိုက်အခံသိပ်များလွန်းနေပြီဆိုရင် ၂၄ - ပစ္စည်းကို အနုလုံပဋိလုံရွတ်ပါ။ အနည်းဆုံးတော့ (၁၁) ခေါက်ရွတ်ပါ။

ဒီလိုမှ မဟုတ်သေးရင် အာနာပါနဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပါ။ (၁၅) မိနစ်၊ နာရီဝက်၊ တစ်နာရီ ရသလို ပွားများပါ။

ပြီးမှ ငှက်စာလေးတွေကျွေးပါ။

တစ်နှစ်လုံးယတြာကတော့ လစဉ် တစ်ရက်ရွေးပါ။ အဲဒီနေ့မှာ တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကိုသွားပါ။ နာရီဝက်လောက် အနည်းဆုံးတံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ပြီးမှ လက်ဆေးပြီး ဘုရားရုပ်ပွားတော်တစ်ဆူဆူရဲ့ရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပါ။

အရေးတကြီးကိစ္စရှိရင် ဘုရားကိုသွား၊ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်း၊ ဘုရားရှိခိုးပြီးမှ လိုရာကိုသွားပါ။ အဆင်ပြေသွားပါလိမ့်မယ်။

လုပ်ငန်းတိုးချဲ့တော့မယ်ဆိုရင် စဉ်းစားပါ။ ကိုယ်မကျွမ်းကျင်တဲ့လုပ်ငန်းတွေ လုံးဝမလုပ်ပါနဲ့။ သူများစားဖို့ဖြစ်သွားပါလိမ့်မယ်။

ကိုယ်လုပ်နေကျလုပ်ငန်းကိုပဲ တိုးချဲ့မယ်ဆိုရင်တော့ တိုးချဲ့ပါ။ ကိုယ်လုပ်နေကျလုပ်ငန်းတွေထဲက တစ်ခုကို လုပ်ငန်းသစ်အနေနဲ့ ထပ်ချဲ့ချင်ရင် -

လုပ်ငန်းသစ်ကို ကြာသပတေးနေ့ မနက် (၇) နာရီထိုးတိုက်မှာ စတင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမည်ဟာ တနင်္လာစပြီး သောကြာပိတ်မှည့်ထားတဲ့ ကောင်းသာ၊ ချမ်းဟုန်၊ ကံသစ်၊ ကြည်သုံ ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေပြီဆိုရင်တော့ ဒီနှစ်ထဲမှာ လောင်းကစားရယ်၊ ခိုက်ရန် ဒေါသဖြစ်တာတွေရယ်ကို ရှောင်ထားပါ။ မဖြစ်ပါနဲ့။ ကောင်းမှု ကုသိုလ်တွေကိုသာ ပွားများပါ။ ဘာသာတရားကို ဦးထိပ်ထားပြီး ဆင်ခြင်တုံတရားနဲ့နေပါ။ မနိုင်တဲ့လုပ်ငန်းကြီးမျိုးတွေမလုပ်မိပါ စေနဲ့။

ရှိတာချရောင်းပစ်ရတဲ့ဘဝရောက်သွားတတ်လို့ပါ။

ထီဝါသနာပါရင်တော့ ကြာသပတေး၊ စနေနာမည်ထီဆိုင် တွေမှာ ၇၊ ၅ ဂဏန်းတော်တော်များများထိုးပါလေ။

**တနင်္လာသားသမီးများ** –

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂၊ ၁၀၀ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့ –

စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ဘယ်ကိစ္စနဲ့ ပဲဖြစ်ဖြစ် အားကိုးလို့၊ အကြံဉာဏ်ကောင်းလို့၊ အကူအညီကောင်း လို့ အကျိုးပေးတဲ့နာမည်ရှင်တွေကတော့ တနင်္ဂနွေဖြစ်ပါတယ်။ ဒါပေမယ့် တနင်္ဂနွေစပြီး သောကြာပိတ်မှည့်ထားတဲ့ အံ့သာ၊ အုန်းသက်၊ အောင်ဟန် ဆိုတဲ့ နာမည်တွဲမျိုးတွေ ဆိုရင်တော့ လုံးဝ အကျိုးမပေးတော့ပါဘူး။

စနေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူ့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များနေတတ်တဲ့ စနေမို့ ကိုယ်ကအကူအညီလိုအပ်ရင် စိတ်ရှည်သည်းခံရပါလိမ့်မယ်။

ဗုဒ္ဓဟူးလည်း ကောင်းပါတယ်။ ဒါပေမယ့် သူ့မှာရှိတဲ့ ခွန်အားလေး၊ စိတ်ကူးလေးတွေနဲ့ ခက်ခက်ခဲခဲ ကူညီပေးတာကို ကျေနပ်ပေးလိုက်ပါ။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်စရာကောင်းကြသူတွေ ချည်းပါပဲ။ ဒါပေမယ့် ဘာအကူအညီမှ မရနိုင်သလို စီးပွားရေး မှာလည်း သွားစပ်လို့မရပါဘူး။

(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ မြေကိစ္စတွေလုပ်လို့မရပါဘူး။ မြေ ဝယ်ရင် မလိုလားအပ်တဲ့ ကုန်ကျမှုတွေဖြစ်လာပါလိမ့်မယ်။ မြေ၊ မဟူရာ၊ ပတ္တမြားလည်းမဝင်ရပါဘူး။ (ရတနာဆိုင်တွေကတော့ ပြန်ရောင်းဖို့အတွက်ဝင်တာရပါတယ်။)

သူများကို ငွေကြေးလုံးဝအာမမခံပါနဲ့။ အဲဒီလို အာမခံလိုက် ရတဲ့လူဟာ ထွက်သွားတတ်လို့ပါ။ ကိုယ်စိုက်ဆပ်ရတတ်လို့ပါ။

ရတနာကျောက်လုပ်ငန်းတွေ ဒီနှစ်ထဲမှာစလုပ်မယ်ဆိုရင် တော့ စဉ်းစားပါ။

ကားမောင်းရင် လုံးဝမမြန်ပါစေနဲ့။

နေထိုင်မကောင်းရင် ကိုယ့်သဘောနဲ့ ဆေးမထိုးချင်ပါနဲ့။ ဆေးမှားတတ်ပါတယ်။ ဆီးနဲ့ဆိုင်တဲ့ဝေဒနာတွေဖြစ်မလာအောင် ရှောင်ပါ။ အစာမလွန်ပါစေနဲ့။ ခါးနာတတ်လို့ အလေးအပင်မ ရင်



www.burmeseclassic.com

www.burmeseclassic.com



သတိထားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

နေ့စဉ်ကုသိုလ်အနေနဲ့ကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဆွမ်းတော်ကပ်ပါ။ ဘယ်ဆွမ်းနဲ့ဖြစ်ဖြစ်ကပ်ပါ။ ပြီးရင် အသံကျယ်ကျယ်ရွတ်ပြီးပူဇော်ပါ။ ပြီးမှ ငှက်လေးတွေကို အစာကျွေးပါ။ နမောငါးချက်၊ ဒိဝါတပတ်၊ သမ္ဗုဒ္ဓေဂါထာတော်များထဲက နှစ်သက်ရာထုံနေတဲ့ဂါထာကို ပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ဆို ဓာရဏပရိတ်တော်ကို အမြဲ့ဘွန်နဲ့ရွတ်ပါ။ အာနာပါနရှုမှတ်ပေးပါ။ လမ်းများများလျှောက်ပေးပါ။

အတိုက်အခံများရင် ဝေကြောဂါထာကို ပုတီးစိပ်ပါ။

ဒါဟာ တစ်နှစ်လုံး ပြုလုပ်ရမှာ ဖြစ်ပါတယ်။

အရေးတကြီးကိစ္စကြုံရင် နီးရာဘုရားစေတီတစ်ဆူဆူကို သွားပါ။ ဘုရားမှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်၊ ဘုရားရှိခိုးပြီးမှသွားပါ။ ပြီးရင် သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို ထီးလှူပါ။

ပညာရေးကိုတော့ ကိုယ့်ကိုယ်ကိုယ် ဖိအားပေးပြီး ကြိုးစားရပါလိမ့်မယ်။ ကြိုးစားရင်း အဖျားရှူးရှူးသွားတတ်လို့ စည်းကမ်းနဲ့ ပြန်ထိန်းပါ။ ကျက်မှတ်နေတဲ့စာအုပ်တွေထဲက တစ်အုပ်ကို ခေါင်းအုံးအောက်ထဲမှာထားအိပ်ပါ။ နေ့စဉ်ပြုလုပ်ပါ။ တစ်နေ့ကိုတစ်အုပ်ပါပဲ။ တစ်ဘာသာကနေတစ်အုပ်တည်းယူအုံးရမှာပါ။ နောက်နေ့ နောက်ဘာသာကတစ်အုပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လျှောက်သူတွေအလုပ်ရနိုင်ပေမယ့် ရတဲ့အလုပ်ကို ကျိုး(ကြေး)များနေလို့တော့ အဆင်မပြေနိုင်ပါဘူး။

ချစ်တတ်သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းအကြာကြီးပြောပြီး စကားနာမထိုးမိအောင်နေကြပါ။ ဒါဆို ဘာမှမဖြစ်တော့ပါဘူး။ ငှက်တော့ကျွေးပေါ့။

ထီဝါသနာပါရင်တော့ သောကြာ၊ စနေနာမည်ထီဆိုင်တွေ မှာထိုးပါ။ ၇၊ ၆၊ ၄၊ ၈ ဂဏန်းတွေ အကျိုးပေးနေပါတယ်။

**တနင်္လာသားသမီးများ-**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၁၀၁ ဆိုတဲ့နှစ်တွေကိုရောက်နေပြီဆိုရင်-

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကိုယ်နဲ့ကံစပ်မယ့်၊ အကျိုးပေးမယ့်၊ အကူအညီတောင်းလို့၊ တိုင်ပင်လို့ရမယ့် နာမည်တွေကတော့ တနင်္ဂနွေဖြစ်ပါတယ်။ ဒါပေမယ့် တနင်္ဂနွေ၊ အင်္ဂါပိတ်မည့်ထားတဲ့ အိမ့်စံ၊ အားဆက်၊ အုန်းဇံ ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူးလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရပ်ဝေးမှာနေထိုင်တဲ့ ဗုဒ္ဓဟူး၊ မိတ်ဟောင်းဆွေဟောင်းဗုဒ္ဓဟူး ဆိုရင်တော့ ပိုပြီး အကျိုးပေးပါတယ်။

ကြာသပတေးကတော့ အကျိုးပေးပေမယ့် သူကိုယ်တိုင် တောင် မနည်းရုန်းကန်နေရရှာလို့ ဘယ်လောက်ကူညီကူညီမထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နိုင်ပါဘူး။

ကျန်တဲ့နာမည်ရှင်တွေကတော့ကောင်းပါတယ်။ ခင်လို့ ကောင်းပါတယ်။ စီးပွားရေးနဲ့ပတ်သက်လာရင်သာ အကျိုးမပေး ကြတာပါ။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ အများနဲ့ဆိုင်တဲ့ငွေကြေးကိစ္စတွေပါပဲ။ သတိထားပြီးရှောင်ပါ။ မရှောင်နိုင်ရင် ကိုယ့်မှာရှိတဲ့ငွေတွေကိုပါ အဆစ်ခေါ်သွားတတ်ပါတယ်။ စိုက်ဆပ်ရတတ်ပါတယ်။ မကျွမ်း ကျင်တဲ့အလုပ်တွေဆိုရင် လုံးဝမလုပ်ပါနဲ့။ ဘယ်လောက်ပဲ ဘယ်သူ က တိုက်တွန်းတိုက်တွန်းမလုပ်ပါနဲ့။ သူများစားဖို့ချည်းဖြစ်ဖြစ်သွား တတ်ပါတယ်။

ကျောက်အရောင်းအဝယ်လုပ်ချင်သူတွေ၊ သစ်အရောင်း အဝယ်လုပ်ချင်သူတွေ၊ အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေကို ဒီနှစ်မှ စပြီးလုပ်ချင်သူတွေ အချိန်အကြာကြီးယူပြီးစဉ်းစားပါ။ လုပ်နေဆဲ လူတွေဆိုရင်တောင် ဒီနှစ်မှာအကုန်အကျတွေအရမ်းများလာပါ လိမ့်မယ်။

နံမသင့်ရင် အရမ်းမစွန့်စားပါနဲ့။

ခါး၊ ခြေနာတတ်လို့ အရမ်းလေးတာတွေ မ,ရင်ကြည့်မ,ပါ။ အဆစ်ကွေး၊ အကြောတွေ၊ ဒူးတွေနာတတ်ပါတယ်။ ဒါပေမယ့် လမ်းတော့များများလျှောက်ပေးပါ။

ပညာရေးကောင်းပါတယ်။ ခက်ခက်ခဲခဲကြားထဲက အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားပါလိမ့်မယ်။ နှစ်ကြိမ်နှစ်ခါဖြေရရင်လည်း ကောင်းပါတယ်။

ချစ်တတ်ကြသူတွေကတော့ သစ္စာရှိဖို့လိုပါလိမ့်မယ်။ စိတ်မကာစားရင် ပြီးတာပါပဲ။ ကိုယ့်ကိုယ်ကိုယ်အသိဆုံးဖြစ်နေပါလိမ့်မယ်။ သူများကိုပြောချင်ရင် ကိုယ်ကကောဆိုတာလေးတွေးဖို့ မမေ့စေချင်ပါဘူး။ ငှက်လေးတွေကျွေးပါ။ လွှတ်လို့အဆင်ပြေရင် ငါးလေးတွေလွှတ်ပါ။ တနင်္လာနံ့ရှိတဲ့မုန့်ဆိုင်လေးမှာထိုင်ဖြစ်ရင် သူများတွေသစ္စာမရှိကြတဲ့အကြောင်းမပြောမိပါစေနဲ့။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ အကြော်နဲ့ ဆွမ်းတော်ကပ်ပါ။ ပြီးရင် သရဏဂုံ- ၃၀ကို အမိဠှာန်ပုတီးစိပ်ပါ။ (၅) ပတ် ဒါမှမဟုတ် (၁၀) ပတ်ရအောင်စိပ်ပါ။ ငှက်လေးတွေကို အစာကျွေးပါ။ ကံကြုံကြိုက်ရင် ငှက်လွှတ်ပေးပါ။ သက်ကြီးရွယ်အိုများကို လှူပါ။ ကူညီပါ။ ဆေးလှူပေးပါ။

ကျန်းမာရေး လိုအပ်ရင် ရတနသုတ်တော်ကို အမိဠှာန်နဲ့ ရွတ်ပါ။

ငွေပြသနာရှိနေရင် မဟာဝေဒဗ္ဗမန္တန်တော်ကို အမိဠှာန်နဲ့ ရွတ်ပါ။ ခွေးလေးတွေ၊ ကျီးလေးတွေကို အစာခဏခဏကျွေးပါ။ ကဏန်းအရှင်လေးတွေ လွှတ်ပေးပါ။

အရေးတကြီးကိစ္စကြုံရင် ဘုရားစေတီတစ်ဆူဆူကို သွားရင် သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် အကြီး (၃)



www.burmeseclassic.com

www.burmeseclassic.com



တိုင်ထွန်း၊ သရဏဂုံ-၃၀ကို (၉) ခေါက်ရွတ်၊ မရရင် သရဏဂုံကို အကြိမ် (၃၀) ရွတ်၊ ပြီးမှလိုရာကိုသွားပါ။

ကားကို ဒီနှစ်ထဲမှာ အရှိန်ပြင်းပြင်းလုံးဝမမောင်းပါနဲ့။

အိမ်ထောင်ရေးမှာ အမျိုးသားများ ဇနီးသည်ကို ငွေကြေးကိစ္စနဲ့ပတ်သက်ပြီးအရမ်းမပြောမိပါစေနဲ့။ ဆင်းသွားတတ်ပါတယ်။ ငွေပြဿနာရှိသူတွေလာညည်းသမျှ နေ့တိုင်းလက်ခံပြီးအကြာကြီးနားထောင်ပေးနေရင် ကိုယ်ပါငွေပြဿနာတွေပေါ်လာနိုင်တာကို သတိထားပါ။

ထိုဝါသနာပါရင် အင်္ဂါနံ့ထီဆိုင်၊ တနင်္ဂနွေနံ့ထီဆိုင်တွေမှာ ထိုးပါ။ ၁၊ ၃၊ ၄၊ ၈ ဂဏန်းတွေ အကျိုးပေးနေပါတယ်။

ကိုယ့်နာမည်ဟာ တနင်္လာစပြီး ကြာသပတေးပိတ်မှည့်ထားတဲ့ ခန့်မိုး၊ ကျော်မူ၊ ကျင်မှူးများဖြစ်နေရင် အဲသလိုတွဲလုံးဖြစ်နေလို့ ဒီနှစ်ထဲမှာ လောင်းကစား လုံးဝရှောင်ထားပါ။ ဥပဒေနဲ့ငြိစွန်းတာ မှန်သမျှမလုပ်ပါနဲ့။

## တနင်္လာသားသမီးများ-

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်မျိုး ရောက်နေရင်တော့ -

ဘယ်ကိစ္စနဲ့ပဲဖြစ်ဖြစ် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး တစ်ခုခုအတွက် အကူအညီပဲတောင်းတောင်း၊ အကြံဉာဏ်ပဲယူယူ အကျိုးပေးတဲ့နံ့သင့်ပုဂ္ဂိုလ်ကတော့ တနင်္လာပါ။ ဒါတောင်မှ လေးသုတ်



www.burmeseclassic.com

www.burmeseclassic.com



ကရက်နဲ့ အကျိုးပေးမှာပါ။ အေးအေးဆေးဆေးမဟုတ်ပါဘူး။ တနင်္လာစပြီး ဗုဒ္ဓဟူးပိတ်တဲ့ ခန့်ယဉ်၊ ကျော်လူ၊ ခင်ဝဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူ့အလုပ်နဲ့သူများလွန်းနေတတ်လို့ သူ့ဆီမှာအကူအညီတောင်းရင် လမ်းမှာပဲ အချိန်ကုန်နေတတ်ပါတယ်။

စနေ အကျိုးပေးပုံက တစ်မျိုး။ အကျိုးမပေးတော့ဘူးလို့လို ဖြစ်ပြီးမှ ပြန်အကျိုးပေးတတ်ပါတယ်။ စိတ်ရှည်လိုက်ပါ။

သောကြာက ကိုယ့်အပေါ် ကူညီချင်ပေမယ့် သူ့မှာတောင် အနိုင်နိုင်ဖြစ်နေလို့ အကူအညီများမရရင် တစ်မျိုးမထင်ပါနဲ့။

ကျန်တဲ့နာမည်ရှင်တွေကတော့ အရမ်းခင်ဖို့ကောင်းပါတယ်။ ကိုယ်နဲ့သာ ကံမစပ်တာပါ။ စီးပွားတွေမှာ ကံမစပ်ပါဘူး၊ အကျိုးမပေးပါဘူး။

(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ အိမ်ဝယ်မယ်ဆိုရင် အိမ်ဆောက်ပစ္စည်းဖြစ်တဲ့ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း ဒီနှစ်စမယ်ဆိုရင် သတိထားပါ။ မဖြစ်မနေလုပ်ရတော့မယ်ဆိုရင် နံသင့်အကျိုးပေးသူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အနီရောင်အင်္ကျီ (ကုမ္ပဏီယူနီဖောင်းကလွဲပြီး) ဝတ်ပြီး အကြံအစည်မပြုပါနဲ့။ ကျောက်နီမဝင်ပါစေနဲ့။

အရမ်းအအေးမခံပါနဲ့။ ရင်ကျပ်တတ်ပါတယ်။ ခြေဖျားတွေအေးပြီး ခဏခဏရင်ပြည့်တတ်ပါတယ်။ လေနဲ့ဆိုင်တဲ့ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ အစမဖြစ်ပါစေနဲ့။ ပန်ကာလေအရမ်းမခံပါနဲ့။ အိပ်ရေး ပျက်မခံပါနဲ့။ လေကျပ်ရင်ကျပ်မဖြစ်အောင် ချဉ်စာတွေအရမ်းမစား ပါနဲ့။ အရမ်းစပ်တာတွေရှောင်ပါ။

စိတ်လေလေနေတာကိုတော့သတိထားပါ။ အပေါင်းအသင်း များလာတတ်ပါတယ်။

လုပ်ငန်းရှင်တွေဆိုရင်တော့ ကိုယ့်အလုပ်သမားတွေထဲမှာ လူမှုရေးအရှုပ်အရှင်းတွေဖြစ်တတ်ပါတယ်။

ပညာရေးကံတွေကောင်းပါတယ်။ မရတော့ဘူးလို့လို့နဲ့ပြန်ရ လာတာတွေကြုံရပါလိမ့်မယ်။

ရပ်ဝေးခရီးကံတွေပွင့်ပေမယ့် အလုပ်ကိုအရမ်းကျိုး(ကြေး) များလို့မရပါဘူး။

လုပ်ငန်းသစ်စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားမှာ စတင်လိုက်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက် တော်ရေကပ်လှူပါ။ ပြီးရင် ယပ်တောင်အသစ်တစ်ချောင်းနဲ့ ယပ် တော်သွင်းပါ။ ဂုဏ်တော် (၉) ပါးကိုရွတ်ပြီး အာရုံပြုပြီး ယပ် တော်သွင်းပူဇော်ပါ။

ကျောက်ကျောဆွမ်း မကြာခဏကပ်လှူပါ။

တနင်္လာနံ ဆွမ်းတော်တွေ ကပ်လှူပေးပါ။ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကော်ဖီ၊ ကိတ်မုန့်၊ ကုံ၊ ကုံရည်။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်တော်နဲ့ ရတနသုတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

ရန်များလွန်းရင် ၂၄-ပစ္စည်းကို နေ့တိုင်း (၂၄) ခေါက်ရအောင် ရွတ်ပါ။ ဒီထက် ရန်များသေးရင် ၂၄-ပစ္စည်းကို အနုလုံ၊ ပဋိလုံရအောင်ရွတ်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၉)တိုင်ထွန်း၊ ဘုရားရှိခိုးပြီးမှသွားပါ။

ချစ်တတ်သူတွေကတော့ တော်တော်လေး အဆင်ပြေနေတဲ့ကြားက အသက်ကြီးတဲ့အမျိုးသမီးကြီးတစ်ဦးဦးရဲ့စကားကြောင့်စိတ်တွေဆင်းရဲရတတ်ပါတယ်။ ငှက်ကျွေးပါ။

ထိဝါသနာပါရင် တနင်္လာနံထိဆိုင်မှာ ၂၊ ၄၊ ၈၊ ၇ ဂဏန်းတွေပါအောင်ထိုးပါ။

ကိုယ့်နာမည်ဟာ တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်ထားတဲ့ ခိုင်ဝ၊ ကျော်လှိုု၊ ကောင်းလူ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ ဒီနှစ်ထဲမှာရန်လုံးဝမဖြစ်ပါနဲ့။ ကားမောင်းမကြမ်းပါနဲ့။ အပူနာတွေပေါက်တတ်ပါတယ်။

## တနင်္လာသားသမီးများ-

အသက် ၂၃၊ ၃၀၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၀၊ ၇၉၊ ၈၇၊ ၉၅ နှစ်တွေကိုရောက်ပြီဆိုရင် -

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အသိကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲဆိုင်ဆိုင် အကျိုးပေးတဲ့နာမည်ရှင်တွေကတော့ ကြာသပတေး ဖြစ်ပါတယ်။ ဒါပေမယ့် ကြာသပတေး၊ အင်္ဂါပိတ်မှည့်ထားတဲ့ ပန်းဆက်၊ ပြုံးစိုး၊ မြဒွဲ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုး မပေးတော့ပါဘူး။

တနင်္ဂနွေကလည်း အကျိုးပေးပါတယ်။ အချိန်လေးနည်းနည်း စောင့်ပေးရင် သူလည်းအကျိုးပေးပါတယ်။

တနင်္လာကတော့ ဟုတ်တော့မလိုလိုနဲ့ အဖျားရှူးသွားတတ် ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကို ခင်လို့တော့ရပါတယ်။ ဒါပေမယ့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတွေနဲ့ပတ်သက်ပြီး တိုင်ပင် တာ၊ အကူအညီတောင်းတာဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ဒီနှစ်မှစပြီး သစ်လုပ်ငန်းတွေ၊ အနုပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ အစားအသောက်နဲ့ဆိုင်တဲ့ လုပ်ငန်းကြီးတွေ၊ ရွှေလုပ်ငန်းတွေလုပ်မယ်ဆိုရင် အချိန်ယူပြီး စဉ်းစားပါ။

လက်တွေထုံကျဉ်လာတဲ့အထိ အအေးမခံပါနဲ့။ လေထိုး လေနာတွေဖြစ်တတ်ပါတယ်။ အဲဒီအတွက် လေစာတွေများများ မစားပါနဲ့။ စပ်တူရှယ်ယာတွေမလုပ်ပါနဲ့။ ကိုယ့်အပေါ်မှာ စိတ် ပြောင်းသွားတတ်ကြပါတယ်။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ ပြီးရင် ယပ်တောင် အသစ်တစ်ချောင်းဝယ်ပြီး ယပ်တော်သွင်းပူဇော်ပါ။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နဲ့ မေတ္တာသုတ်တော်ကို ရွတ်ဆို ပူဇော်ပါ။ နေ့စဉ်ပူဇော်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ပရိမိတ္တဇာလသုတ်နဲ့ ဗောဇ္ဈင်္ဂသုတ်ကို အဓိဋ္ဌာန်နဲ့ ရွတ်ဖတ် ပူဇော်ပါ။

ရန်များရင် ၂၄-ပစ္စည်းကို အနုလုံပဋိလုံ အကြာကြီးရွတ် ပူဇော်ပါ။

ပညာရေးကံတွေတော်တော်ကောင်းနေတဲ့နှစ်ပါပဲ။ ကြိုးစား လေ အောင်မြင်လေပါ။

လုပ်ငန်းခွင်ထဲမှာလည်း တိုးတက်ပြောင်းလဲမှုတွေရှိပါ ဘယ်။ အလုပ်အတွက် ကြိုးစားနေတဲ့သူတွေဆိုရင် ဒီနှစ် အောင် မြင်ပါပြီ။

ရပ်ဝေးခရီးကံတွေတော့ မကောင်းသေးပါဘူး။

သွားချင်ရင် အကျိုးပေးတဲ့ နံသင့်ပုဂ္ဂိုလ်တွေနဲ့သာသွားပါ။

လုပ်ငန်းသစ် စတင်ချင်ရင် ကြာသပတေးနေ့ မနက် (၇) နာရီမှာ စတင်လိုက်ပါ။

အကြောင်းကိစ္စရှိရင် တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကို သွားပါ။ ဘုရားရှင်ကို ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်၊ ဘုရားဝတ်ပြုပြီးမှ လိုရာကိုသွားပါ။ ဖြစ်နိုင်ရင် မုန့်လုံးရေပေါ် ဆွမ်းတော်တင်ပြီးသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်သူတွေကတော့ စကားပြောမမှားဖို့ဘဲလိုပါတယ်။ (၄) ဂဏန်း၊ (၈) ဂဏန်းကို သတိထားပြီး စကားပြောပါ။

အိမ်ထောင်သည်တွေကတော့ တစ်ယောက်နဲ့တစ်ယောက် တော်တော်လေးသည်းခံရပါလိမ့်မယ်။ ဘာမဟုတ်တဲ့စကားလေးကြောင့် မဖြစ်သင့်တာတွေဖြစ်ကုန်တတ်ပါတယ်။ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။ ရန်လုံးဝမဖြစ်အောင်ကိုနေပါ။ စကားများလာရင် ကိုယ်ကသာ အလျှော့ပေးလိုက်ပါ။

ထီဝါသနာပါရင် ကြာသပတေးနံ့ထီဆိုင်တွေမှာ ၅၊ ၁၊ ၂၆ ဂဏန်းတွေများများပါအောင်ထိုးပါ။

❑



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**အင်္ဂါသားသမီးများ-**

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုတာနဲ့ -

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စနဲ့ပဲဆိုင်ဆိုင် အကျိုးပေးတဲ့နာမည်ရှင်တွေကတော့ ဗုဒ္ဓဟူးဖြစ်ပါတယ်။ ဒါတောင်မှ ဗုဒ္ဓဟူးစ၊ သောကြာပိတ်မှည့်ထားတဲ့ ရည်သွယ်၊ ဝေသု၊ လင်းဟုန် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြန်ရင် အကျိုးမပေးပြန်ပါဘူး။

ကြာသပတေးက အကျိုးပေးပေမယ့် ကိုယ်ကစိတ်ရှည်ရပါလိမ့်မယ်။ သူကိုယ်တိုင် အလုပ်များလွန်းလို့ တွေ့ရခက်နေတတ်ပါတယ်။

တနင်္လာလည်း အကျိုးပေးပါတယ်။ ခက်ခက်ခဲခဲတော့ရှိမှာပေါ့။ ဘာပဲဖြစ်ဖြစ်စိတ်ရှည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေက အကျိုးပေးတယ်ဆိုပေမယ့် သူ့ခမျာလည်း သူ့အလုပ်နဲ့သူမလုပ်သာတာမို့ ကိုယ်ကစိတ်မရှည်ဖြစ်တတ်ပါတယ်။ သူ့ခမျာစိတ်သာရှိပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်စရာကောင်းကြတာချည်းပါပဲ။ စီးပွားရေးနဲ့ပတ်သက်လာရင်တော့ တိုင်ပင်ဖို့၊ အကူအညီတောင်းဖို့ လုံးဝအကျိုးမပေးပါဘူး။

(၃) ဂဏန်းကိုရှောင်ပြီးအလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှစပြီး စက်ရုံထောင်ချင်ရင်၊ နိုင်ငံရပ်ခြားနဲ့ ဆက်နွယ်နေတဲ့စီးပွားရေးတွေကိုလုပ်တော့မယ်ဆိုရင် စဉ်းစားပါ။ ဆေးတို့၊ အထည်အလိပ်တို့၊ အနုပညာနဲ့ဆက်နွယ်တဲ့အလုပ်တို့၊ သစ်လုပ်ငန်းတို့လုပ်မယ်ဆိုရင်တော့ သိပ်ပြီးအကျိုးမရှိပါဘူး။ လုပ်နေတာပဲ လူမြင်ရုံရှိပါလိမ့်မယ်။

အပူရှိသူတွေ မပြန်တမ်းလာညည်းရင်တော့ သတိထားပါ။ အပူကူးတတ်လို့ပါ။ အိမ်ထောင်ပျက်လာပြီဆိုရင် ကူညီလို့တော့ရပါတယ်။ သူစိမ်းဆိုရင် ညအိပ်ဖို့တော့ စဉ်းစားပါဦး။

တစ်နှစ်လုံးအတွက်ကတော့ -

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်၊ ယပ်တော်သွင်း၊ အသံထွက်ပြီးဘုရားရှိခိုးပါ။ ရှိခိုးနေကျအတိုင်းရှိခိုးပါ။ ဂုဏ်တော်ပုတီးစိပ်ပါ။ မင်္ဂလသုတ်တော်ကိုရွတ်လည်းရွတ်ပါ၊ မင်္ဂလသုတ်တော်ထဲကအတိုင်းလည်း လိုက်နာပါ။

သံဃာတော်အရှင်သူမြတ်များ၊ ကိုရင်များကို မကြာမကြာ



www.burmeseclassic.com

www.burmeseclassic.com



ပညာစာအုပ်များလှူပါ။

အစာအိမ်နာလာတဲ့အထိတော့ အဆာမခံပါနဲ့။ ဆီးဂရုစိုက်ပါ။ ဆိုင်ကယ်မောင်းအထူးဆင်ခြင်ပါ။

အကြောင်းရှိရှိ ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့ကနေစပြီး ဂြိုဟ် (၈) ခွင်လုံးမှာ ရေသပ္ပာယ်ပါ။ ပြီးရင် အသံထွက်ပြီး ဘုရားရှိခိုးပါ။ ပြီးမှသွားပါ။

ပညာရေးကံကောင်းလွန်းနေပါတယ်။ သူများကတောင်ကိုယ့်ကို အားကျလို့ ပြန်တောင်ပြဒပေးနေရတတ်ပါတယ်။ လိုအပ်တဲ့သူကို ပညာစာအုပ်ဝယ်ပေးပါ။

ချစ်တတ်သူတွေအတွက်လည်း ကောင်းပါတယ်။ ဒါပေမယ့်စိတ်စမ်းသလိုမလိုပါနဲ့။ ရန်ဖြစ်တတ်ပါတယ်။ ငှက်ကလေးတွေကျွေးပေးပါ။

အိမ်ထောင်သည်တွေကတော့ ဖြစ်ပြီးသားကိစ္စတွေပြန်မပြောသင့်ပါဘူး။ ပြောရင် သူဆင်းကိုယ်ဆင်းတွေဖြစ်တတ်ပါတယ်။ ငှက်ကျွေးပါ။

ထီဝါသနာပါရင်တော့ ဗုဒ္ဓဟူးနံ့ထီဆိုင်မှာ ၆၊ ၄၊ ၅၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစမ်းပါ။

ဒီနှစ် စိတ်နည်းနည်းလေပြီး ဟိုသွားချင်ဒီသွားချင်ဖြစ်တတ်ပါတယ်။ ဝန်ထမ်းများရွှေ့ပြောင်းရတတ်ပါတယ်။ လုပ်ငန်းရှင်တွေကတော့ အလုပ်ခဏရပ်ပြီးမှ ပြန်တိုးတက်တတ်ပါတယ်။

လောင်းကစားရှောင်ရမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းစချင်ရင် သောကြာနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

**အင်္ဂါသားသမီးများ-**

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ -

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စနဲ့ပဲဆိုင်ဆိုင် အကျိုးပေးတဲ့ နာမည်ရှင်တွေကတော့ စနေ ဖြစ်ပါတယ်။ ဒါပေမယ့် စနေစ၊ တနင်္လာပိတ်မှည့်ထားတဲ့ ထင်ခန့်၊ နိုင်ကို၊ ထိုက်ကံ ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေပြီဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

တနင်္ဂနွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် အလုပ်များတတ်တော့ လမ်းမှာပဲတွေ့နေရတတ်တာမို့ စိတ်ရှည်ဖို့တော့လိုပါတယ်။

ဗုဒ္ဓဟူးကတော့ ကူညီချင်ပါလိမ့်မယ်။ ဒါပေမယ့် သူ့ခများလည်း စိတ်သာရှိပြီး သူကိုယ်တိုင် ခက်ခက်ခဲခဲရုန်းကန်နေရတတ်ပါတယ်။

ကိုယ့်ကို အကျိုးပေးပေး၊ မပေးပေး အင်္ဂါနာမည်ရှင်တွေကိုတော့ တစ်ခါမက အကူအညီတောင်းဖြစ်နေပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းကြပါလိမ့်မယ်။ စီးပွားနဲ့ကျတော့ အကျိုးမပေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၅) ဂဏာန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ အနုပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ အလှအပနဲ့ဆိုင်ရာလုပ်ငန်းတွေကို အခုနှစ်မှာစတင်မယ်ဆိုရင်တော့ စဉ်းစားလိုက်ပါဦး။ မဖြစ်မနေဆိုရင်တော့ စချင်ရင် နံသင့်တဲ့ နာမည်ရှင်တွေနဲ့ တိုင်ပင်ပြီးစတင်ပါ။ ခရီးသွားလုပ်ငန်းတွေ အခက်အခဲဖြစ်တတ်ပါတယ်။

အုထဲမှာပူလာတဲ့အထိ အပူအစပ်တွေမစားပါနဲ့။ အချိုတွေ၊ အဆိမ့်တွေ အရမ်းမစားပါနဲ့။ အိပ်ရေးပျက်မခံပါနဲ့။ မြေမဝယ်သင့်ပါဘူး။ အရှုပ်အရှင်းဖြစ်လာတတ်ပါတယ်။ သွေးသားနဲ့ဆိုင်တဲ့ ကျန်းမာရေးဂရုစိုက်ပါ။ အိမ်ဆောက်လို့တော့ ကောင်းပါတယ်။ ဒါပေမယ့် နံသင့်သူနဲ့ဆောက်ပါ။ နံမသင့်သူနဲ့ဆောက်မိရင် အကြွေးတင်တတ်ပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ -

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို စနေနံဆွမ်းများနဲ့ ကပ်လှူပါ။ ဒိဝါတပတိဂါထာကိုပုတီးစိပ်ပါ။ အနည်းဆုံးတော့ သက်စေ့ရွတ်ပါ။ မင်္ဂလသုတ်တော်ကိုရွတ်ပါ။ မင်္ဂလသုတ်တော်အတိုင်း လိုက်နာကျင့်ကြံပါ။ ကျန်းမာရေးနဲ့ဆိုင်လာရင် ဓာရဏာပရိတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ အာနာပါနရှုမှတ်ပါ။

ဓာတ်ကြီး (၄) ပါးကပ်ဖို့ အကြောင်းသင့်သူတွေကတော့ တစ်လတစ်ကြိမ် ဓာတ်ကြီး (၄) ပါး ကပ်လှူပါ။ သာသနာတော်ဆောင့်နတ်တွေ၊ မိဆိုင်ဖဆိုင်ရိုးရာနတ်တွေကို မေတ္တာအလှူးပို့

www.burmeseclassic.com

www.burmeseclassic.com



အမျှဝေပါ။ မကြာမကြာလုပ်ပါ။

ပညာရေးကတော့ မြင်းကောင်းခွာလိပ်ဖြစ်တတ်လို့ ကိုယ့်ကိုယ်ကိုယ်ဆုံးမပြီး ကြိုးစားပါ။

ချစ်တတ်ကြသူတွေအတွက်ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဖုန်းအကြာကြီးပြောရင်းကနေ ပြဿနာဖြစ်တတ်လို့ သတိထားပါ။ လိမ္မော်ရောင်အကျီကို အတတ်နိုင်ဆုံးရှောင်ပါ။

အကြောင်းကြီးငယ်ရှိရင်တော့ ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရဲ့ရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။

စိတ်ကျန်းမာရေးမကောင်းတဲ့သူကိုတွေ့တဲ့အခါ အစားအသောက် ဒါမှမဟုတ် ငွေ ပေးကမ်းပါ။ မကြာခဏပြုလုပ်ပါ။

အိမ်ထောင်ရှင်တွေကတော့ အဓိပ္ပာယ်မရှိတဲ့ကိစ္စတွေနဲ့ ငြင်းခုံစွပ်စွဲရင်း မဖြစ်သင့်တာတွေဖြစ်တတ်လို့ စကားပြောဆင်ခြင်ပါ။

ထီဝါသနာပါရင်တော့ စနေနံထီဆိုင်တွေမှာထိုးပါ။

၇၊ ၁၊ ၂၊ ၉ ဂဏန်းများများပါပါစေ။

လုပ်ငန်းစတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်လိုက်ပါ။

**အင်္ဂါသားသမီးများ-**

အသက် ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊



www.burmeseclassic.com

www.burmeseclassic.com



၅၇၊ ၅၈၊ ၆၅၊ ၆၆၊ ၇၃၊ ၇၄၊ ၈၁၊ ၈၂၊ ၈၉၊ ၉၀၊ ၉၇၊ ၉၈ ဆိုတဲ့အသက်အပိုင်းအခြားတွေရောက်နေပြီဆိုရင်တော့ -

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ရာထူးတိုးတက်ရေး ဘယ်ကိစ္စအတွက်ပဲ လိုအပ်လို့အကူအညီတောင်းတောင်း စနေနာမည်ရှင်တွေဟာ အကောင်းဆုံးအကျိုးပေးပါတယ်။ ဒါပေမယ့် စနေစပြီး ကြာသပတေးပိတ်မှည့်ထားတဲ့ တင်မှူး၊ ထွန်းပ၊ နှင်းမွှေ ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါနာမည်ရှင်တွေကတော့ အကျိုးပေးလိုက်၊ မပေးလိုက် ဖြစ်နေတတ်ပါတယ်။ သူ့မှာလည်း အခက်အခဲတွေနဲ့ဖြစ်နေတတ်ပြီး သူ့ခများလည်း အိုးပြောင်းအိမ်ပြောင်း၊အလုပ်ပြောင်းဖြစ်သွားတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေနဲ့ကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားသာစပ်လို့မရတာပါ။

(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ဒီနှစ်အဖို့ကတော့ အိမ်ဆောက်ချင်ရင်၊ အိမ်ဝယ်ချင်ရင် နံသင့်ပုဂ္ဂိုလ်တွေနဲ့သာ ပြုလုပ်ပါလေ။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ချင်ရင်တော့ အကျိုးမပေးသေးပါဘူး။ အရှုပ်အရှင်းတွေဖြစ်လာတတ်ပါတယ်။ သစ်လုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်းတွေဆိုရင် သူများစားဖို့ချည်းဖြစ်နေတတ်ပါတယ်။ အကျိုးမပေးပါဘူး။

ကိုယ့်အမြင်ကိုယ့်အယူအဆကို အသိအမှတ်မပြုကြဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ခံစားရတဲ့အတွက် အလုပ်ကနေထွက်ချင်လာတာမျိုးတွေ၊ အလုပ်ပြောင်းချင်လာတာမျိုးတွေလည်း ဖြစ်လာတတ်ပါတယ်။

လုပ်ငန်းရှင်တွေကတော့ အလုပ်ရပ်ချင်လာတတ်ပါတယ်။ ရစရာရှိတာတွေ မရဖြစ်နေတတ်လို့ လည်ပတ်ဖို့ခက်ခဲလာတတ်ပါတယ်။ ကိုယ်ယုံကြည်ရသူတွေက ကိုယ့်လူက သူများလူဖြစ်တတ်ပါတယ်။ အလုပ်သမားကောင်းရပြန်ရင် ဘေးကသွေးထိုးမှုတွေဖြစ်လာတတ်ပြန်ပါတယ်။ ဒါတွေက သတိလေးထားပြီးလုပ်ရမယ့်အကြောင်းလေးတွေပါ။

အကျင့်စရဏရှိသူတွေဆိုရင် လူပေါင်းရင်ကြည့်ပေါင်းရပါလိမ့်မယ်။ အပေါင်းကြောင့်ဂုဏ်ပျက်ပြီး စားတတ်သောက်တတ်လာတတ်ပါတယ်။

အတူနေ ညီအစ်ကိုမောင်နှမတွေ ဒါမှမဟုတ် မိသားစုတွေ စိတ်အခန့်မသင့်ဖြစ်ဖြစ်နေတတ်လို့ အိမ်ရောင်းချင်လာတတ်ပါတယ်။

ရွှေပျက်တွေ၊ အင်းပျက်တွေ မဝင်ရပါဘူး။ ရှိနေရင် စွန့်ပစ်ပါ။

ကိုယ်ဘာလုပ်လုပ် ကိုယ့်ကို သူများကနှိမ်သလိုခံစားနေရတတ်လွန်းလို့၊ အတွေးတွေများပြီးအိပ်မပျော်ဖြစ်တတ်လို့ အာရုံကြောတွေ ခဏခဏအနားပေးရပါလိမ့်မယ်။ အစာကိုအချိန်နဲ့စားရပါလိမ့်မယ်။

တစ်ရေးနိုးတိုင်း အာနာပါနရှုမှတ်ရင်းအိပ်ပါ။ မတွေးပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပိုပိုပြီးမြင့်မားတဲ့ပညာရပ်တွေ သင်ကြားလာရဖို့ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ပတ်သက်တဲ့ပညာရပ်တွေ၊ ပိုပြီးဆင့်ကဲတိုးတက်ဖို့ အတွက်တက်ရမယ့်သင်တန်းတွေမှာ သင်ကြားရပါလိမ့်မယ်။ သင်တန်းတွေတက်ရပြီဆိုရင် ရာထူးတိုးဖို့ သေချာသလောက်ဖြစ် သွားပါပြီ။

သင်တန်းတွေတက်လို့အကျိုးလည်းပေးပါလိမ့်မယ်။

လုပ်ငန်းခွင်အတွင်း ဆင့်ကဲတိုးတက်ဖို့အတွက် သင်တန်းတွေကို ရပ်ဝေးအထိသွားတက်ရမယ့်ကံတွေလည်းရှိနေပါတယ်။ အထူးသဖြင့် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေနာမည်ရှင်တွေပါ။

ကိုယ်ပိုင်လုပ်ငန်းရှင်တွေကတော့ ဒီပြင်လူတွေလာပြောကြတဲ့လုပ်ငန်းတွေကို ကြားဖူးနားဝနဲ့မလုပ်သင့်ပါဘူး။

လုပ်နေကျအလုပ်ကိုသာ အာရုံစူးစိုက်လုပ်ရင်း ကိုယ်ကျွမ်းကျင်တဲ့လုပ်ငန်း၊ လက်ရှိအကျိုးပေးနေတဲ့လုပ်ငန်းတွေကို ထပ်ပြီး တိုးချဲ့တော့မယ်ဆိုရင်သာ-

လုပ်ငန်းသစ်တိုးချဲ့ရင် ကြာသပတေးနေ့ မနက်(၁၀)နာရီခွဲနဲ့ (၁၂) နာရီကြားမှာ တိုးချဲ့ပါ။

ပညာရေးနဲ့ဆိုင်တဲ့ကံတွေကောင်းပါတယ်။ အောင်မြင်မှုတွေရှိနေပါပြီ။

အလုပ်အကိုင်ရှာဖွေနေသူတွေကတော့ အလုပ်ရှီး(ကြေး) မများပါနဲ့။ အဆင်ပြေသလိုစဝင်လိုက်ပါ။ နောက်ပိုင်း တိုးတက်သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းရေးကတော့ တကျက်ကျက်ဖြစ်နေတတ်လို့ဆင်ခြင်ပါ။ မလိုအပ်ရင် စကားအပိုတွေမပြောပါနဲ့။

ချစ်တတ်သူတွေကတော့ အလုပ်ကိစ္စတွေနဲ့ပတ်သက်တဲ့ စကားတွေကိုပြောရင်း ကတောက်ကဆဖြစ်တတ်ပါတယ်။ ဖုန်းကို မလိုအပ်ဘဲ အကြာကြီးပြောရင်းကနေ ပြောစရာစကားမရှိလို့ စကားတွေထပ်လာပြီး အမှားတွေပါလာတတ်ပါတယ်။ သတိထားပါ။ အနီရောင်အင်္ကျီလေးတွေဝတ်ထားတိုင်း စကားပြောဆင်ခြင်ပါ။

ထီဝါသနာပါရင် စနေနံထီဆိုင်မှာ ၇၊ ၅၊ ၃ ဂဏန်းတွေက အကျိုးပေးပါတယ်။

တစ်နှစ်လုံးအတွက်ကတော့-

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ စနေနံများနဲ့ မကြာခဏ ဘုရားပူဇော်ပါ။ ထန်းလျက်၊ နွားနို့၊ ထောပတ်သီး။

ပဋ္ဌာန်းဉဒ္ဒေသနိဒ္ဒေသတော်ကို မပြတ်ရွတ်ပူဇော်ပါ။

အချိန်ပေးနိုင်သူတွေက ပဉ္စဝါရပဋ္ဌာန်းကို ရွတ်ပြီး ပူဇော်ပါ။ မေတ္တာသုတ် အမိဋ္ဌာန်နဲ့ရွတ်ပြီး မေတ္တာပွားပါ။

အကြောင်းကြီးငယ်ရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်ရှေ့မှာ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိုသွားပါ။

အပူအစပ်တွေ လွန်အောင်မစားပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



အအေးလွန်အောင်မခံပါနဲ့။ အဲဒါတွေကို မထိန်းနိုင်ရင် သွားကျဉ်တာ၊ သွားကိုက်တာ၊ သွားဖုံးအပူကြွတာတွေဖြစ်တတ်ပါတယ်။ ဗိုက်တွေအောင့်လာတတ်ပါတယ်။

ဆေးခဏခဏလှူပေးပါ။

**အင်္ဂါသားသမီးများ-**

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သစ်အိမ်၊ သဲအုံး၊ ဟန်အိမ် ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာကတော့ ဒုတိယအကျိုးပေးပါတယ်။ ဒါပေမယ့် မိတ်ဟောင်းဆွေဟောင်းထဲက တနင်္လာ ဒါမှမဟုတ် ရုပ်ဝေးမှာနေတဲ့ တနင်္လာ ဆိုရင်တော့ ပိုကောင်းတာပေါ့။

ကြာသပတေးက အကျိုးပေးပေမယ့် ပထမအကျိုးပေးပြီးနောက်ပိုင်း အဖျားရှူးသလိုဖြစ်ဖြစ်သွားတတ်လို့ ကိုယ်က စိတ်ရှည်ပါ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားခပ်တူလုပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



(၃) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ရန်ကြွေးရန်စဟောင်းတွေကို ပြန်စိတ်မလည်သွားပါစေနဲ့။ ပြဿနာဟောင်းရှိသူတွေနဲ့လည်း ဝေးဝေးနေပါ။ သွားအတူလာအတူမလုပ်ပါနဲ့။

စက်ရုံတွေထောင်မယ်၊ ဆေးလုပ်ငန်းတွေကို ဒီနှစ်မှာမှ စလုပ်မယ်ဆိုရင် စဉ်းစားပါဦး။ စက်ပစ္စည်းတွေခဏခဏပျက်တတ်တဲ့နှစ်ဖြစ်နေပါတယ်။ လူမျိုးကွဲတွေနဲ့ စပ်တူတွေလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။

ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းလုံးဝမစီးပါနဲ့။

ကိုယ့်သဘောနဲ့ကိုယ် ဆေးစပ်သောက်တာတွေမလုပ်ပါနဲ့။ နားလည်တတ်ကျွမ်းသူနဲ့သာ ပြသပါ။

အရင်က အစာအိမ်နည်းနည်းဖြစ်ခဲ့ဖူးရင် အဆာလုံးဝမခံပါနဲ့။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပြီး ကိုယ်ရှိခိုးပူဇော်နေကျအတိုင်း အသံထွက်ပြီး ပူဇော်ပါ။ ပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ ပတ်သက်ရင် အာနာပါနရှုမှတ်ပေးပါ။ သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ ငှက်စာလေးတွေကျွေးပါ။ လမ်းများများလျှောက်ပေးပါ။ ကိုယ်လက်လှုပ်ရှားပေးပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကိုပဲ တစ်နေ့ (၃၀၀)



www.burmeseclassic.com

www.burmeseclassic.com



လောက် ရအောင်ရှုတ်ပါ။ ဘုရားရင်ပြင်တော်မှာ မကြာမကြာ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။

ပညာရေးကံတွေကောင်းနေပေမယ့် အိပ်ရေးပျက်မခံဖို့တော့ လိုပါတယ်။

ချစ်တတ်သူတွေကတော့ ငါးအရှင်လေးတွေလွှတ်ပေးတာ၊ ငှက်လေးတွေကျွေးတာနဲ့ လုံလောက်ပါတယ်။

လုပ်ငန်းသစ်စတင်ချင်ရင် သောကြာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အရေးတကြီးကိစ္စရှိရင်-

ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိ ဘုရားပူဇော်ပြီးမှ လိုရာသွားပါ။

နိုင်ငံခြားသဘောင်္တက်ဖို့ စီစဉ်နေသူတွေ လုံး၀ အဆင်ပြေသွားပါပြီ။

ထီ၀ါသနာပါရင် ၆၊ ၁၊ ၂၊ ၉ ဂဏန်းတွေနဲ့ သောကြာနံ ထီဆိုင်ဟာ ကံအစပ်ဆုံးပါပဲ။

ကိုယ့်နာမည်ဟာ အင်္ဂါ၊ စနေပိတ်မှည့်ထားတဲ့ စံထွား၊ ဆက်တိုး၊ ဇော်နု ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ လောင်းကစားရှောင်ပါ။ ဥပဒေနဲ့မကင်းတာတွေရှောင်ပါ။ ကြမ်းတမ်းခက်ထန်တာတွေရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးများ-**

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂၊ ၁၀၀ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုရင် -

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ ဒါပေမယ့် အင်္ဂါစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ စံအိမ်၊ ဇွဲအံ့၊ ဆုံးအေး ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးပါဘူး။

တနင်္လာက အကျိုးပေးပေမယ့် သူက အလုပ်များသူဖြစ်ပြီး သူ့ကို လမ်းမှာပဲ အချိန်ယူတွေ့နေရတတ်လို့ ကိုယ်ကတော့ စိတ်ရှည်ရပါလိမ့်မယ်။

သောကြာလည်း အကျိုးပေးပါတယ်။ သူ့ကို သွားလောလို့တော့ မရပါဘူး။ တအိအိနဲ့အကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းကြတာချည်းပါပဲ။ စီးပွားစပ်တူသာလုပ်လို့မရတာပါ။

(၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ မြေဝယ်ရင် အရှုပ်အရှင်းဖြစ်ထားတဲ့ မြေဖြစ်နေတတ်လို့ သတိထားပါ။ အမွေဆိုင်တွေဖြစ်နေတတ်ပါတယ်။ အမွေကိစ္စဆိုရင်လည်း ဒီနှစ်ရှောင်ပါ။

လူမျိုးခြားတွေနဲ့ စပ်တူ၊ ဒါမှမဟုတ် အကူအညီယူပြီးလုပ်ရမယ့်အလုပ်မှန်သမျှ အဖျားရှူးသွားတတ်ပါတယ်။ အထည်ချုပ် လုပ်ငန်းကြီးတွေလုပ်မယ်ဆို စဉ်းစားပါဦး။ ကြာသပတေးနာမည်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြောင့် စိတ်သောကရောက်ရတတ်တဲ့နှစ်ပါ။

တစ်နှစ်လုံး သတိထားရမယ့်အထဲမှာ ငွေကိစ္စပါပါတယ်။ ငွေကစားတာမျိုးတွေမလုပ်ပါနဲ့။ ချေးရင်ဆုံးတတ်ပါတယ်။ ရစရာရှိရင်မရတတ်ပါဘူး။ အဲဒီလိုနဲ့ ပေးစရာတွေများလာတတ်ပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားကို ဆွမ်းတော် (၃) ပွဲ အကြော်တွေနဲ့ ကပ်လှူပါ။ သရဏဂုံ-၃၀ ကို အမိဋ္ဌာန်မပျက်မကွက်ပုတီးစိပ်ပါ။ ရွတ်ပါ။

အတိုက်အခံများရင် ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရအောင်ရွတ်ပါ။

မျက်မမြင်၊ ဗိုက်ဝေဒနာရှင်တွေ၊ လက္ခဏာရှားပါးတဲ့ ကိုယ်ဝန်ဆောင်တွေကို ဆေး၊ ငွေ၊ အာဟာရ များများထောက်ပံ့လှူဒါန်းပါ။

ကိုယ်တိုင်လည်း အဆစ်၊ အကြော၊ ဒူး၊ ဗိုက်နဲ့ဆိုင်တဲ့ ဝေဒနာတွေ ဂရုစိုက်ပါ။

ပညာရေးကံတွေကို ခပ်ပေါ့ပေါ့ထားပြီးမနေပါနဲ့။ ကြိုးစားပေးပါ။ ဖြစ်နိုင်ရင် ကျက်မှတ်တဲ့စာအုပ်တွေကို တစ်နေ့ တစ်အုပ် ခေါင်းအုံးအောက်ထဲထားအိပ်ပါ။

အချဉ်ကိုလွန်လွန်ကဲကဲမစားပါနဲ့။

ချစ်တတ်သူတွေကတော့ အကျိုးပေးပါတယ်။ ကျီးကိုခဏခဏအစာကျွေးပါ။ တစ်ယောက်နဲ့တစ်ယောက် အသားနာကျင်တဲ့ အထိမစပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်တွေ ဂရုစိုက်ရမှာကတော့ ငွေကြေးကိစ္စတွေပါပဲ။ အကုန်အကျတွေများတတ်လို့ပါ။ အဲဒီမှာ စကားခဏခဏ များတတ်ပါတယ်။

လုပ်ငန်းသစ် စတင်ချင်ရင် အင်္ဂါနေ့ မနက် (၉) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင်တော့ အင်္ဂါနံထီဆိုင်တွေမှာ (၃) ဂဏန်း များများပါအောင်ထိုးပါ။

သူပြောလုပြောနဲ့ ကြားဖူးနားဝရှိရုံနဲ့ ကိုယ်မကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်းကို မလုပ်ဖို့ အထူး သတိထားပါလေ။

**အင်္ဂါသားသမီးများ-**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၁၀၁ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုရင်-

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဘယ် ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြီလုပ်ပါ။ အထူး အကျိုးပေးပါလိမ့်မယ်။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ တနင်္လာပိတ်မှည့် ထားတဲ့ ရှားကျော်၊ လှိုင်းချစ်၊ ဝင်းကောင်း ဆိုတဲ့ နာမည်တွဲမျိုး ဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

တနင်္ဂနွေက အကျိုးပေးပေမယ့် ပထမ အဆင်ပြေပြီး နောက် ပိုင်း အဖျားရှူးသွားတာတို့၊ သူအလုပ်များလွန်းလို့ မဆုံဖြစ်တာတို့ ကြောင့် ကိုယ်က စိတ်ရှည်ရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရုပ်ဝေးမှာနေတဲ့ ကြာသပတေး ဒါမှမဟုတ် မိတ်ဟောင်းဆွေဟောင်းထဲက ကြာသပတေးဆိုရင်တော့ ပိုအကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပြီးသားပါ။ စီးပွားစပ်တူဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဘယ်သူ့ကိုမှဘာအကြောင်းနဲ့မှအာမခံပေးလို့ မရပါဘူး။ ဒီနှစ်မှာမှစပြီး သစ်လုပ်ငန်း၊ သစ်စက်လုပ်ငန်း၊ အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်း၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်း၊ စက်ရုံ၊ လူမျိုးခြားတွေနဲ့ စပ်တူလုပ်ရမယ့်လုပ်ငန်းမှန်သမျှ အကျိုးမပေးပါဘူး။ စဉ်းစားပါ။ ကျောက်မျက်ရတနာတို့၊ ကားလုပ်ငန်းတို့ဆိုရင်လည်း သူများအတွက် လုပ်ငန်းထောင်ပေးထားရသလိုတွေဖြစ်နေတတ်ပါတယ်။

အရမ်းမြင့်တဲ့နေရာမျိုးတွေကိုတော့ မတက်ပါနဲ့။

ဆိုင်ကယ် တရကြမ်းစီးတာ၊ ကားမောင်းကြမ်းတာ လုံးဝရှောင်ပါ။

တစ်နှစ်လုံးကတော့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပြီး ယပ်တော်သွင်းပါ။ ရွှေရင်အေး ခဏခဏဆွမ်းတော်ကပ်ပါ။ ဘုရားစေတီများမှာ ပူဇော်ထားတဲ့ ရုပ်ပွားတော်မြတ်များကို ရွှေပြားသက်န်း မကြာမကြာကပ်လှူ ပူဇော်ပါ။ အချိန်ပေးနိုင်သူများက တစ်လကိုတစ်ကြိမ် ဇော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



(၄) ပါးဆွမ်းတော်ကပ်လှူပါ။

ကျန်းမာရေးလိုအပ်ရင် ရတနသုတ်တော်ကို အမြဲဒွါန်နဲ့ရွတ်ပါ။

အတိုက်အခံ ရန်များရင် အောင်ခြင်း (၈) ပါးဂါထာကို အမြဲဒွါန်ပုတီးစိပ်ပါ။

စိတ်ကျန်းမာရေးမကောင်းသူတွေကို ငွေ၊ အာဟာရ ထိထိရောက်ရောက် ထောက်ပံ့ပါ။

လမ်းများများလျှောက်ပါ။ ရင်ပြည့်စာတွေမစားပါနဲ့။

အစားကို ခဏခဏနဲ့ နည်းနည်းပဲစားပါ။ နှလုံးရောဂါမဟုတ်ပါဘူး။ ရင်ထဲမှာလေတွေပြည့်ကျပ်နေတတ်ပါတယ်။

မနက်စောစော အရဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရဏ်ဆွမ်းလောင်းလှူပါ။

အာနာပါနရှုမှတ်ခြင်းကို အချိန်ပေးပြီး ရှုမှတ်ပါ။

အတိုက်အခံများသည်ထက်များနေသေးရင် ရှင်ဥပဂုတ္တရဟန္တာကြီးကို ရှိသေစွာ ပူဇော်၊ ဆွမ်းတော်ကပ်ပြီး ရှင်ဥပဂုတ္တပရိတ်တော်ကို နေ့စဉ်မပျက် ရွတ်ပါ။

ပညာရေးကံတွေ ပြန်ကောင်းလာပါပြီ။ ကြိုးစားလေအောင်မြင်လေနှစ်ကို ရောက်လာပါပြီ။

ချစ်တတ်သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိဖို့၊ သည်းခံဖို့ လိုပါတယ်။ မလိုအပ်ရင် ဖုန်းအကြာကြီးမပြောပါနဲ့။ စကားနိုင်လုရင်း ပြဿနာတက်တတ်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရဲ့ရှေ့မှာ ဖယောင်းတိုင် (၈) တိုင်ထွန်း ပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းသစ် စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူးနာမည်ထီဆိုင်မှာ ၄၊ ၈၊ ၅၊ ၁ ဂဏန်းတွေ ပေနေအောင် ထိုးလိုက်ပါ။

ကိုယ့်နာမည်ဟာ အင်္ဂါစပြီး သောကြာပိတ် မှည့်ထားတဲ့ ဒိုးဟုံ၊ ဖွဲ့သစ်၊ ဇံသာ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် လောင်းကစားရှောင်ပါ။ ဥပဒေနဲ့မကင်းတာမှန်သမျှ ရှောင်ပါ။ ရန်မဖြစ်ပါနဲ့။ သူများကိစ္စမှာ ကြားမဝင်ပါနဲ့။ ကျန်တာအားလုံးကောင်းပါတယ်။

**အင်္ဂါသားသမီးများ -**

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စံပိုင်၊ ဖွဲ့မိုး၊ ဇော်ပယ် ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေက အကျိုးပေးပါရဲ့။ ဒါပေမယ့် သူကိုယ်တိုင် ဆက်ခက်



www.burmeseclassic.com

www.burmeseclassic.com



ခဲခဲနဲ့ လှုပ်ရှားရုန်းကန်နေရတာမျိုးမို့ သူ့ခမျာ ကိုယ့်ကို ကူညီချင်ပေမယ့် မထိရောက်နိုင်ဖြစ်နေတတ်ပါတယ်။

သောကြာကတော့ အကျိုးပေးပါတယ်။ ရပ်ဝေးမှာနေထိုင်တဲ့သောကြာဖြစ်ရင် ဒါမှမဟုတ် မိတ်ဟောင်းဆွေဟောင်းတွေထဲက သောကြာဖြစ်ရင် ပိုကောင်းပါတယ်။ ပိုအကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားစပ်တူဆိုရင်သာ အကျိုးမပေးတာပါ။။ ကိုယ်က ကူညီမယ်ဆိုရင်တော့ ကူညီလို့ရပါတယ်။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရမှာတွေကတော့ ရတနာလုပ်ငန်း၊ ကျောက်လုပ်ငန်းတွေတူးမယ်၊ ဆိုင်စဖွင့်မယ်ဆိုရင်တော့၊ ဒီနှစ်မှစမယ်ဆိုရင်တော့ စဉ်းစားပါ။ အချိန်ယူပါ။

အိမ်ခြံမြေလုပ်ငန်း စလုပ်မယ်ဆိုရင်လည်း အကျိုးပေးနည်းနေပါသေးတယ်။ အိမ်ဆောက်ရင်တောင် တော်တော်ခက်ခက်ခဲခဲတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ကားလုပ်ငန်းဆိုရင် ပထမ ဟုတ်မလိုလိုနဲ့ အဖျားရှူးသွားပါလိမ့်မယ်။ အခုနှစ်မှစရင်ပြောတာပါ။

ကျောက်ဝင်လို့မရပါဘူး။ နဂိုက ကျောက်မျက်ရတနာလုပ်ငန်းဆိုရင်တော့ ပြန်ရောင်းဖို့ ကျောက်တွေဝင်လို့ရပါတယ်။

တစ်နှစ်လုံးအတွက်ကတော့-

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပြီး ဆွမ်းတော် (၃) ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကပ်လှူပါ။ သရဏဂုံ-၃၀ကို နေ့စဉ်မပျက် အချိန်ရှိသ၍ ပုတီးစိပ်ပါ။ မရရင် သရဏဂုံကို အကြိမ်များများပုတီးစိပ်ပါ။

ငှက်လေးတွေ၊ ခွေးလေးတွေကို အစာကျွေးပါ။

ကဏန်းအရှင်လေးတွေကို မကြာမကြာ ရေအရှင်မှာ သွားမဲ့ လွှတ်ပေးပါ။

ရေသတ္တဝါလေးတွေကို မကြာမကြာအစာကျွေးပါ။

ဆေးလှူပါ။ လမ်းများများလျှောက်ပါ။

ရင်ထဲဝမ်းထဲမှာ လေတွေလျှောက်ထိုးနေတတ်လို့ ခဏ ခဏအောင့်တတ်ပါတယ်။ လက်တွေထုံတာ၊ လေးဖက်နာလိုမျိုး ဖြစ်တာကြုံရတတ်ပါတယ်။ ဘာမှမဖြစ်ပါဘူး။ ဆေးသာများများ လှူပေးပါ။

ခါးနာ၊ ခြေနာဖြစ်ရင် ခွေးလေးတွေသာ များများကျွေးပါ။

ပညာရေးကံတွေ တောက်လျှောက်ကောင်းနေပါပြီ။ အိပ် ရေးဝဖို့တော့လိုပါလိမ့်မယ်။ လုံးဝအိပ်ရေးပျက်မခံပါနဲ့။

ချစ်တတ်သူတွေက စိတ်ထိန်းပါ။ ဒေါသမကြီးကြပါနဲ့။ ရေစပ်နားလည်းဖြစ်၊ ဗုဒ္ဓဟူးနာမည်မှည့်ထားတဲ့ စားသောက်ဆိုင် လေးတွေမှာထိုင်ဖြစ်ကြရင် စကားအငြင်းအခုံမဖြစ်အောင် ရှောင် ပါ။ ငှက်လေးတွေကျွေးကြပါ။

ခရီးဝေးသွားမယ့်သူတွေ အဆင်ပြေပါပြီ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်အကြီးကြီး (၄) တိုင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းညို၊ သရဏဂုံရွတ် ရှိခိုးပူဇော်ပြီးမှ လိုရာကိုသွားပါ။

လုပ်ငန်းသစ်စချင်ရင် အင်္ဂါနေ့ မနက် (၉) နာရီ၊ (၄၅) မိနစ်မှာ စတင်ပါ။

ထီဝါသနာပါရင် အင်္ဂါနံထီဆိုင်မှာ ၃၊ ၅၊ ၇၊ ၆ ဂဏန်းတွေများများနဲ့ ကံစပ်ပါတယ်။

ကိုယ့်နာမည်ကိုကြည့်ပါ။ အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ညိုမိုး၊ စန်းမွှံ ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ ကားမောင်းအထူးဆင်ခြင်ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ

**ဗုဒ္ဓဟူးသားသမီးများ -**

အသက် ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄၊ ၁၀၂ ဆိုတဲ့ အသက်အပိုင်းအခြားတွေမှာရောက်နေပြီဆိုရင် -

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် သောကြာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ သာရှင်း၊ သန့်ရှု၊ ဟန်လဲ့ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါက အကျိုးပေးတယ်ဆိုပေမယ့် ပထမဟုတ်မလိုလို့နဲ့ နောက်ပိုင်း အဖျားရှူးသွားတတ်ပါတယ်။ သူ့မှာ မအားမလပ်မှုတွေကြောင့်မို့ ကိုယ်ကသည်းခံပါ။

စနေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရပ်ဝေးမှာနေတဲ့ စနေတို့၊ မိတ်ဆွေဟောင်းထဲက စနေတို့ဆိုရင် ပိုအကျိုးပေးပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ ဒါပေမယ့် စီးပွားနဲ့ဆိုင်လာရင် အကျိုးမပေးတော့ပါဘူး။

(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ကမှစပြီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ အဆောက်အအုံလုပ်ငန်းတွေလုပ်တော့မယ်ဆိုရင် အချိန်အများကြီးယူပြီး စဉ်းစားပါ။ အိမ်ဝယ်ရင်တောင် အမွေပြဿနာမျိုးနောက်ကလိုက်လာတတ်ပါတယ်။

ကျောက်လုပ်ငန်းတွေဆိုလည်း ဒီတိုင်းပါပဲ။ ကားမောင်းတာတော့ တော်တော်လေးဆင်ခြင်ရပါလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းတွေ အကျိုးမပေးပါဘူး။ အရမ်းအပူများနေတဲ့သူကို ကူညီပေးပါ၊ ရပါတယ်။ ဒါပေမယ့် သူ့အပူကို မိုးလင်းတာနဲ့ လာလာပြောလို့ နားထောင်ပေးနေရရင်တော့ မကောင်းပါဘူး။ အပူကူးတတ်ပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ ယပ်တော်သွင်းပူဇော်ပါ။ သစ်သီးဆွမ်းတွေကပ်ပါ။ ဘယ်လိုပဲ ဝတ်ပြုဝတ်ပြု အသံထွက်ပြီး ရှိခိုးပါ။ ပြီးရင် ငှက်စာကျွေးပါ။

လာဘ်လာဘအတွက် ဒီဝါတပတိဂါထာ၊ ရှင်သီဝလိဂါထာတွေရွတ်ရမှာဖြစ်ပြီး အတိုက်အခံများနေရင်တော့ သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးအတွက်ဆိုရင် ရတနာသုတ်တော်ကို အမိဋ္ဌာန်နဲ့ ရွတ်ပါ။ ဆေးလှူပါ။ ငါးအရှင်လေးတွေ၊ ကဏန်းအရှင်လေးတွေကို ဘေးမဲ့လွှတ်ပေးပါ။

ပညာရေးကံတွေကောင်းပါတယ်။ သူငယ်ချင်းတွေကို အားနာလို့ လိုက်လိုက်သွားပြီး အချိန်ကုန်တာမဖြစ်ပါစေနဲ့။

ချစ်တတ်သူတွေကတော့ ငှက်လေးတွေအစာခဏခဏကျွေးပါ။ စာကလေးတွေ ကြုံသလိုလွှတ်ပေးပါ။

အိမ်ထောင်ရှင်တွေက ဟိုးအရင်က စကားဟောင်းတွေကြောင့် အိမ်ပူတတ်လို့ စကားတစ်ခွန်းကို ထပ်တလဲလဲမပြောမိပါစေနဲ့။

အရေးတကြီးကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၆) မျိုးနဲ့ ဝေဝေဆာဆာပူဇော်ပြီးမှ လိုရာကိုသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီ တိတိမှာ စတင်ပါ။

ထီဝါသနာပါရင်တော့ သောကြာနံထီဆိုင်မှာ ၆၊ ၄၊ ၈၊ ၇ ဂဏန်းတွေ များများဖြစ်နေအောင်ထိုးပါ။

အမြဲတမ်း ရွက်ဖတ် သရုပ်ချာယ်နေတဲ့သူတွေက ဆင့်ကဲတိုးတက်ပြောင်းလဲခြင်းဖြစ်ပါလိမ့်မယ်။ ဩဇာကြီးလာပါလိမ့်မယ်။

အပျော်အပါးများနေသူတွေကတော့ အလုပ်ခဏရှင်သွားသလိုဖြစ်သွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစ၊ သောကြာပိတ်မှည့်ထားတဲ့ ဝင်းသံ၊ လှသန့် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ အပျော်အပါး လောင်းကစားတွေ ဆင်ခြင်လိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ-**

အသက် ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေကိုရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အကျိုးပေးပါလိမ့်မယ်။ တနင်္လာစ၊ စနေပိတ်မှည့်ထားတဲ့ ကံထိန်၊ ကျော်နွဲ့၊ ခိုင်တာ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ကြာသပတေးလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ခက်ခက်ခဲခဲနဲ့ပဲ အကျိုးပေးတတ်ပါတယ်။

သောကြာကျတော့ အကျိုးကပေးပါရဲ့၊ ပထမပိုင်း အားရပါးရဖြစ်ပြီး နောက်ပိုင်း အဖျားရှူးရှူးသွားတတ်လို့ ကိုယ်က စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းကြပါတယ်။ စီးပွားရေးနဲ့ဆိုင်ရင်သာ ကံမစပ်တော့ပါဘူး။

(၃) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ကျမှ ဆေးနဲ့ပတ်သက်တဲ့လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ စက်ပစ္စည်းနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ၊ စက်ရုံစတည်ထောင်မှာတွေဆိုရင်တော့ အချိန်ယူပြီးစဉ်းစားပါ။ အဆောက်အအုံလုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။

အိမ်ဆောက်မယ်ဆိုရင်တောင် လိုတာထက် ပိုပြီး ငွေကုန်ကြေးကျများသွားတတ်ပါတယ်။

ရွှေတူးတဲ့လုပ်ငန်းမျိုးစလို့မရပေမယ့် ကျောက်မျက်ရတနာနဲ့တွဲတဲ့ စိန်ရွှေရတနာလုပ်ငန်းမျိုးကျတော့ အကျိုးပေးပါတယ်။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပြီး တနင်္လာနံ့ဆွမ်းများနဲ့ ပူဇော်ပါ။ ကျောက်ကျော၊ ကော်ဖီ၊ ကိတ်မုန့်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်။

ပြီးမှ ဂုဏ်တော်ပုတီးများစိပ်ပါ။

ပြီးရင် ငှက်စာကျွေးပါ။

ကျန်းမာရေးလိုအပ်ရင် အနာပါနရှုမှတ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ ဦးခေါင်းနဲ့ဆိုင်တဲ့ဝေဒနာရှင်တွေကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။

လေအောင့်တတ်ပါတယ်။ အဆာမခံပါနဲ့။ ဆာလွန်းပြီးတော့လည်း ခေါင်းမူးတတ်ပါတယ်။

ပညာရေးကံတွေကောင်းပါတယ်။ အောင်မြင်မှုတွေရှိနေပါတယ်။ စားချိန်၊ အိပ်ချိန်သာမှန်ပါစေ။ ချစ်တတ်သူတွေလည်း ကံကောင်းနေပါပြီ။ စကားကြောင့်သာ အမှားမဖြစ်ပါစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသစ် စတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ကိစ္စကြီးငယ်ရှိရင် တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကို သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာသွားပါ။

ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။

အဆောင်တွေခိုက်တတ်လို့ အင်းတွေ၊ အဆောင်တွေပျက် နေရင်စွန့်လိုက်ပါ။

ထီဝါသနာပါရင် တနင်္လာနံထီဆိုင်မှာ (၉) ဂဏန်းများများနဲ့ ထီထိုးပါ။

ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူးစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ ရှင်းအောင်၊ ရှားအုန်း၊ လင်းအုံ ဆိုတဲ့နာမည်တွဲမျိုးဖြစ်နေပြီဆိုရင် အပျော်အပါးနဲ့ လောင်းကစားရှောင်ပါလေ။

## ဗုဒ္ဓဟူးသားသမီးများ-

အသက် ၁၆၊ ၁၇၊ ၂၄၊ ၂၅၊ ၃၂၊ ၃၃၊ ၄၀၊ ၄၁၊ ၄၈၊ ၄၉၊ ၅၆၊ ၅၇၊ ၆၄၊ ၆၅၊ ၇၂၊ ၇၃၊ ၈၀၊ ၈၁၊ ၈၈၊ ၈၉၊ ၉၆၊ ၉၇ ဆိုတဲ့နှစ်တွေရောက်ပြီဆိုတာနဲ့ -

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ် ကိစ္စပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့တိုင်ပင်ပါ။ အကျိုး ပေးပါလိမ့်မယ်။ ဒါပေမယ့် ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တိုး၊ မိုးနွေ၊ ဖြူနက်လို နာမည်တွဲမျိုးဖြစ်နေရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္ဂနွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ရုပ်ဝေးမှာနေတဲ့ တနင်္ဂနွေ၊ မိတ်ဟောင်းဆွေဟောင်းထဲက တနင်္ဂနွေဆို ပိုအကျိုးပေးပါလိမ့်မယ်။

တနင်္လာက သူ့ခမျာ ကိုယ့်ကိုကူညီချင်ပေမယ့် သူလည်း အခက်အခဲအများကြီးနဲ့ကြုံနေရတတ်သူဖြစ်နေတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်လို့ကောင်းပါတယ်။ စီးပွားနဲ့ ပတ်သက်လာရင်သာ အကျိုးမပေးတော့တာပါ။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ သစ်နဲ့ပတ်သက်သမျှ လုပ်ငန်းတွေ၊ ရွှေတူးတဲ့လုပ်ငန်းတွေ ဒီနှစ်မှာ အကျိုးမပေးပါဘူး။

အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်း တွေက ကိုယ့်အတွက် နာမည်တော့ကျန်ပါလိမ့်မယ်။ ငွေရေး ကြေးရေးကျ အကျိုးမပေးပါဘူး။

စိတ်လျှော့ပြီး မာန်မာနနှိမ်ချထားရမယ့်နှစ် ဖြစ်ပါတယ်။ ဘယ်ကိစ္စကိုမဆို ကိုယ့်သဘောအတိုင်းမရတဲ့နှစ်ပါဘဲ။ ကိုယ့် စကားမအောင်တတ်ပါဘူး။ မိသားစုထဲမှာဆိုလည်း မိသားစုထဲ မှာမို့၊ လုပ်ငန်းခွင်ထဲမှာဆိုလည်း လုပ်ငန်းခွင်ထဲမှာမို့ စကားပြော လို့ကို မကောင်းတော့ပါဘူး။ ဩဇာမရှိတော့သလိုဖြစ်နေလို့ ခဏခဏ စိတ်တိုတာတို့၊ စိတ်ဓာတ်ကျတာတို့၊ စိတ်ဖိစီးမှုများသာ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်တတ်ပါတယ်။ ဒီအခါမှာ ရှိတာတွေထုတ်ရောင်းပစ်ချင်လာတာတို့၊ နေနေတဲ့အိမ်ကို ရောင်းပစ်လိုက်ချင်တာတို့ဖြစ်လာတတ်ပါတယ်။ ဒီလိုနှစ်တွေကတော့ ဘာရောင်းရောင်းထွက်တဲ့နှစ်တွေပါပဲ။

အလုပ်ကို တကယ်ကြိုးစားသူဖြစ်နေရင်တောင် ကိုယ့်အရည်အချင်းဟာ ကိုယ့်ကိုမြှင့်တင်ပေးနိုင်တဲ့သူဆီ သတင်းမရောက်အောင် ဖိနှိပ်ခံထားရတတ်တဲ့နှစ်ပါ။ ဒီပြင်လူတွေကပဲ နေရာဝင်ယူတတ်လွန်းလို့ စိတ်ဖိစီးမှုတွေဖြစ်လာတတ်ပါတယ်။ ကြည့်လိုက်ရင် ကိုယ့်လောက် အလုပ်မလုပ်သူက နေရာယူနေတတ်တာမို့ အိပ်မပျော်တတ်တော့ပါဘူး။

အာရုံကြောတွေခဏခဏအနားပေးပါ။

ငွေကြေးကိစ္စတွေဆိုရင်လည်း ကြားမဝင်ပါနဲ့။

တစ်ဖက်က ငွေကိုယူပြီး တစ်ဖက်ကို အကျိုးအမြတ်နဲ့ ပြန်ပေးတတ်တဲ့လူဆိုရင် ဒီနှစ်အထူးသတိထားပါ။ စိုက်ဆပ်ရတတ်ပါတယ်။

ဘယ်လောက်ဝင်ဝင်ကုန်နေတတ်တဲ့နှစ်ပါပဲ။

နည်းနည်းဝင်တဲ့သူတွေ နည်းနည်းကုန်တတ်သလို များများဝင်တဲ့သူတွေကလည်း အကုန်အကျများတဲ့နှစ်ပါပဲ။

ဒါကြောင့် ငှက်ကလေးတွေကို အမြဲလိုလို အစာကျွေးနေပါ။ ဒီထက်ဆိုးရင် ခွေးလေးတွေကို အစာကျွေးပါ။

ကိုယ်ကသာ အရာရာကို အကောင်းမြင်ပေးပြီး အလှူ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေရင်တော့ ဒီနှစ်မျိုးတွေမှာ အောင်မြင်လာတတ်ပါတယ်။

မကြာမကြာ သီလဆောက်တည်တာတို့၊ အခိုင်ဒွှန်မကြာ ခဏာဝင်တာတို့ ဆိုရင်လည်း ဒီလိုနှစ်မျိုးတွေရဲ့ အောင်မြင်မှုပါပဲ။

ဘာသာတရားကိုသာ ဦးထိပ်ထားပါ။ အောင်မြင်ပါလိမ့်မယ်။

ပညာရေးကံတွေကတော့ အကောင်းဆုံးပါပဲ။

ဒီလိုနှစ်တွေဟာ ပညာရေးကံတွေကောင်းလို့ ဘယ်လိုသင်တန်းတွေတက်ရတက်ရ၊ ဘယ်စာမေးပွဲတွေဖြေရဖြေရ အောင်မြင်ပါလိမ့်မယ်။ တချို့ဆို ထူးထူးချွန်ချွန် အောင်မြင်ပါလိမ့်မယ်။ တန်ဖိုးကြီးမားတဲ့ပညာရပ်တွေသင်ကြားရပါလိမ့်မယ်။

တရားအကျင့်ကျင့်ကြတဲ့ပုဂ္ဂိုလ်တွေဆိုရင် ထူးထူးခြားခြား အောင်မြင်မယ့်နှစ်တွေပါ။ မဖူးဘူးသေးတဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ရတာတို့၊ သီလသမာဓိကြီးမားလှတဲ့ သက်တော်ရှည်ဆရာတော်ဘုရားကြီးများကို ဖူးတွေ့ရတာတို့၊ သီလအကျင့်စရဏအားကောင်းလှတဲ့လူပုဂ္ဂိုလ်ထူးတွေနဲ့ ဆုံရတတ်တာတို့ ကြုံရပါလိမ့်မယ်။

ဘုရားပုံတော်တွေကြွလာတတ်ပါတယ်။

ဖြစ်နိုင်ရင် ကိုယ်တိုင်ဦးဆောင်ပြီး အသံမစဲမဟာပဋ္ဌာန်းပွဲကြီးတွေ ကျင်းပပူဇော်ပါ။

ဒီလိုမှမဟုတ်သေးရင် နေ့စဉ်မပြတ် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသ ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေ ဝင်လို့မရပါဘူး။

လုပ်ငန်းဆိုရင်လည်း ရှိနေတဲ့အလုပ်ကိုသာ ကြိုးကြိုးစားစား ပြုလုပ်ပါ။ ကိုယ်မကျွမ်းကျင်တဲ့အလုပ်မှန်သမျှရှောင်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။ မေတ္တာများများပို့ပေးပါ။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို အမျှပေးဝေ၊ မေတ္တာပို့ပါ။ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို နှုတ်မဆင်ခြင်ဘဲမပြောမိပါစေနဲ့။

အတိုက်အခံများလွန်းရင် ၂၄-ပစ္စည်းကို အနုလုံပဋိလုံရွတ်ပါ။ အစာကိုအချိန်နဲ့စားပါ။ အချိုကိုအလွန်အကျွံမစားပါနဲ့။ သွားတွေဒုက္ခပေးတတ်ပါတယ်။

ကျန်းမာရေးအတွက် လိုအပ်ရင် အာနာပါနရှုမှတ်ပေးပါ။ ဆေးများများလှူပေးပါ။ ပရိမိတ္တဇာလသုတ်နဲ့ ဓာရဏပရိတ်တော်ကို အမြဲရွတ်ပါ။

ချစ်တတ်သူတွေကတော့ စကားပြောဆင်ခြင်ပါ။ အလုပ်အကြောင်း၊ ငွေအကြောင်း မလိုအပ်ဘဲ အငြင်းအခုံမလုပ်ပါနဲ့။ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။

လုပ်ငန်းစတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ဒီလိုနှစ်မျိုးတွေမှာ မွေးနေ့ရောက်တိုင်း သားစားရှောင်ကြဉ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီးများ-

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေမှာ အသက်ရောက်နေရင်-

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါတောင်မှ သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သန့်အိမ်၊ သူအိ၊ ဟန်အေး ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေက အကျိုးတော့ပေးပါရဲ့။ ဒါပေမယ့် အလုပ်များနေတတ်တဲ့သူဖြစ်နေတတ်လို့ ကိုယ့်စိတ်ထဲမှာ သူကဟိုလိုလိုဒီလိုလို လုပ်နေတယ်ထင်လို့ စိတ်ခတ်ကျကျသွားတတ်ပါတယ်။မကျပါနဲ့။

ဗုဒ္ဓဟူးလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် တအိအိနဲ့ပဲ အကျိုးပေးနိုင်တဲ့သဘောပါ။

အင်္ဂါကတော့ ကိုယ့်အတွက် အကျိုးပေးချင်ပေမယ့် သူ့မှာ တောင် အခက်အခဲတွေအများကြီးဖြစ်နေလို့ နှုတ်၏ စောင်မခြင်းနဲ့ပဲ အကျိုးပေးနိုင်ပါလိမ့်မယ်။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်ရင်သာ အကျိုးမပေးတော့တာပါ။

(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှာ မြေဝယ်မယ်ဆိုရင် စဉ်းစားပါ။ အိမ်ခြံမြေလုပ်ငန်းတွေလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားလုပ်ငန်းတွေ စလုပ်မယ်ဆိုရင်လည်း စဉ်းစားပါ။

မလိုအပ်ဘဲနဲ့ ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ ဆေးမထိုးချင်ပါနဲ့။ တတ်ကျွမ်းနားလည်တဲ့ ဆေးပညာရှင်တွေရဲ့ညွှန်ကြားမှုကိုသာ ခံယူပါ။

တစ်နှစ်လုံးအတွက်ကတော့ မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပါ။ အကြော်ဆွမ်း၊ သစ်သီးဆွမ်း အဆင်ပြေသလို ပူဇော်ပါ။ အသံထွက်ပြီး ဘုရားရှိခိုးပါ။ လာဘ်လာဘနဲ့ဆိုင်ရင် ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

အတိုက်အခံများလွန်းရင် သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

ပညာရေးကံတွေကတော့ တစ်ခါတစ်ခါယိုင်ယိုင်သွားတတ်လို့ စိတ်ကိုတည်တည်ငြိမ်ငြိမ်နဲ့ကြိုးစားပါ။ မပေါ့ပါနဲ့။ အပေါင်းအသင်းတွေနဲ့ အသွားအလာလျှော့ပါ။

ချစ်တတ်သူတွေက ကံကောင်းပါတယ်။ စကားပြောတော့ ဆင်ခြင်ပေါ့။ သဝန်မတိုမိပါစေနဲ့။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ အကြော်ဆွမ်းတွေကပ်လှူပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ချင်ရင် သောကြာနေ့ မနက် (၁၀) နာရီခွဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



(၁၂) နာရီကြားမှာ စတင်ပါ။

ထီဝါသနာပါရင် သောကြာနံ၊ စနေနံ ထီဆိုင်တွေမှာ ၆၊ ၇၊ ၄၊ ၈ ဂဏန်းတွေ များများပါအောင် ထီထိုးပါ။

ဗုဒ္ဓဟူးသားသမီးများ-

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေ၊ အင်္ဂါပိတ်မှည့်ထားတဲ့ အုံ့ဖွဲ့၊ အုန်းစိမ်း၊ အေးဆက် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါကတော့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဆက်ဆံနေရမှာဖြစ်ပါတယ်။

စနေက အကျိုးပေးပေမယ့် သူ့ခများအလုပ်တွေမအားလွှန်းလို့ မကြာခဏလွဲတတ်တာ ဒါမှမဟုတ် အကူအညီရပြီး နောက်တစ်ကြိမ်မှာ မဆုံဖြစ်အောင်လွဲတာမျိုးတွေ ဖြစ်တတ်ပါတယ်။

ဗုဒ္ဓဟူးက မိတ်ပေါင်းခွေပေါင်းထဲကဆိုရင်တော့ အကျိုးပေးပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ အကျိုးလည်းပေးပါတယ်။ စီးပွားစပ်ရင်သာ ကံမစပ်တော့တာပါ။

www.burmeseclassic.com

(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ် မြေဝယ်လို့မရပါဘူး။ အရှုပ်အရှင်းဖြစ်နေတဲ့မြေ၊ အမွေဆိုင်မြေဖြစ်နေတတ်ပါတယ်။

ကားလုပ်ငန်းတွေစပြီးလုပ်မယ်ဆိုရင်လည်း သတိထားပါ။ ကျောက်တူးတာ၊ ကျောက်မျက်ရတနာရောင်းဝယ်တာဆိုရင်လည်း ဒီနှစ် အကျိုးမပေးပါဘူး။ လက်မလွှယ်ပါနဲ့။ သူများလိမ်တတ်ပါတယ်။ ကားမောင်းဆင်ခြင်ပါ။ မြေတွေဝယ်ထားရင် ပြန်မထွက်ဘဲဖြစ်နေတတ်ပါတယ်။

ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ သတိထားပါ။ မချေးပါနဲ့။ ဆုံးတတ်ပါတယ်။ ကိုယ်ကယူထားမိရင်လည်း ပြန်မဆပ်နိုင်ဖြစ်နေတတ်ပါတယ်။ ကြားက အာမခံရင် ကိုယ်စိုက်ဆပ်ရတတ်ပါတယ်။ ငွေဟာတအိအိနဲ့ကိုကုန်မှန်းမသိကုန်နေတတ်ပါတယ်။

တနင်္လာ၊ ကြာသပတေးနာမည်ရှင်တွေနဲ့ အလုပ်လုပ်နေရရင်တော့ စိတ်ရှည်ပါ။ သည်းခံနိုင်သလောက်သည်းခံပါ။ ကားတော့ မမောင်းနိုင်းပါနဲ့။

လက်ထဲမှာ ငွေရှိလို့ သူများလာပြောတဲ့လုပ်ငန်းမှန်သမျှစိတ်မဝင်စားပါနဲ့။ ကိုယ်မကျွမ်းကျင်ဘဲမလုပ်ပါနဲ့။ လုပ်နေကျအလုပ်နဲ့ပဲနေပါ။ လုပ်ငန်းအပိုတွေမချဲ့ပါနဲ့။

တစ်နှစ်လုံးကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ အကြွင်

www.burmeseclassic.com



နဲ့ ဆွမ်းတော်ကပ်ပါ။ သရဏဂုံ-၃၀ကို အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။ မရရင် သရဏဂုံကို အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။ ငှက်စာကျွေးပါ။ ငါးခဏခဏလွှတ်ပေးပါ။ ငါးစာကျွေးပါ။

ပညာရေးကံကကောင်းချင်ပေမယ့် တွေဝေသွားတာတို့၊ ချက်ချင်းကျက်လို့ရပြီး ပြန်မေ့သွားတာတို့ဖြစ်တတ်ပါတယ်။ ကြိုးစားပါ။

ချစ်တတ်သူတွေက ချစ်တတ်လွန်းလို့ မျက်နှာများသလိုဖြစ်လာတတ်တဲ့အတွက် သစ္စာတော့ရှိပါ။ အနေအထိုင်ဆင်ခြင်ပါ။ ငါးလေးတွေ၊ ငှက်လေးတွေကို အစာကျွေးပါ။

အိမ်ထောင်ရှင်တွေကတော့ အကုန်များလွန်းလို့၊ မစုမိလွန်းလို့ ကတောက်ကဆလေးတွေရှိတတ်ပေမယ့် ရန်မဖြစ်ပါနဲ့။ လောဘ်ဝိတ်တတ်လို့ပါ။ ငှက်စာ၊ ခွေးစာကျွေးကြပါ။

လုပ်ငန်းစတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် တနင်္ဂနွေနာမည်ထီဆိုင်တွေမှာ ၁၊ ၃၊ ၄၊ ၈ ဂဏန်းတွေ များအောင်ထိုးပါ။

လောင်းကစားရှောင်ပါ။

ဆင်းရဲနွမ်းပါးတဲ့ ကိုယ်ဝန်ဆောင်ကိုတွေ့မိရင် ဆေး၊ ငွေ၊ အာဟာရ ထိထိရောက်ရောက် ထောက်ပံ့လိုက်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးသားသမီးများ-

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂ ဆိုတဲ့နှစ်တွေကိုရောက်နေပြီဆိုရင်-

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာသားသမီးတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ တနင်္လာနာမည်ရှင်ဖြစ်ပေမယ့် တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ ကံဝ၊ ကြီးလူ၊ နိုင်ရှင်း ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူ့အပေါ်ကိုတော့ စိတ်ရှည်ရပါလိမ့်မယ်။ သူ့အလုပ်နဲ့သူများလွန်းလို့ ကိုယ့်အတွက် ချက်ချင်း အကူအညီမပေးတဲ့အခါ အကျိုးမပေးဘူးလို့ ထင်တတ်ပါတယ်။

သောကြာကတော့ အကျိုးပေးချင်ပါရဲ့။ ဒါပေမယ့် သူ့ဟာသူတောင် အနိုင်နိုင်ရုန်းနေရရှာတာမို့ နှုတ်၏စောင်မခြင်းသာဖြစ်ဖြစ်သွားတတ်ပါတယ်။

ကြာသပတေးက ခုကောင်းလိုက်၊ မကောင်းလိုက်၊ ပြန်ကောင်းလိုက်နဲ့ဖြစ်ဖြစ်နေတတ်ပြီး သူနဲ့ကမဆုံလို့ကလည်းမဖြစ်၊ ပြန်ပြန်ဆုံနေဖြစ်တတ်ပါတယ်။

(၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ လူမျိုးခြားတွေနဲ့ စပ်တူလုပ်တော့မယ်ဆိုရင် အများကြီးစဉ်းစားရပါလိမ့်မယ်။ သစ်ကိစ္စတွေလုပ်မယ်ဆိုရင်လည်း စိတ်အနှောင့်အယှက်ဖြစ်တတ်ပါတယ်။ အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံကိစ္စတွေဆိုရင်လည်း ဒီနှစ် အထူးသတိထားပါ။ လုပ်ငန်းခွင်တွေမှာ သောကြာနာမည်ရှင်တွေကို လူယုံထားမယ်ဆိုရင်တော့ အများကြီးအချိန်ယူပြီးစဉ်းစားပါ။

တစ်နှစ်လုံးအတွက်ကတော့ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပါ။ ဂုဏ်တော် (၉) ပါးကို အချိန်များစွာယူပြီး ပုတီးစိပ်ပါ။ ဂုဏ်တော်ကွန်ချာ၊ ဂုဏ်တော် (၉) ဆင့်၊ ဂုဏ်တော်စက်ဝန်းတို့ကို ရသလိုစိပ်ပါ။

ရှင်သီဝလိရဟန္တာမထေရ်အရှင်မြတ်ကြီးကို သစ်သီးဆွမ်းတော်တွေ ကပ်လှူပြီး ရှင်သီဝလိဂါထာကို ရွတ်ပါ။

လေတွေတက်တက်နေတတ်လို့ ရင်ပြည့်ရင်ကယ်ခဏခဏဖြစ်တတ်ပါတယ်။ ရင်ပြည့်စာတွေမစားပါနဲ့။ ခြေအေးရင် ရင်ပြည့်တတ်ပါတယ်။

လှေ့ကျင့်ခန်းပြုလုပ်ပါ။

လမ်းများများလျှောက်ပေးပါ။

ပညာရေးကံတွေ ပြန်ဦးမော့လာပါပြီ။ နည်းနည်းကြိုးစားလိုက်တာနဲ့ အရှိန်စတက်လာပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ကံသိပ်ကောင်းနေပါတယ်။ ဒါပေမယ့် ရေစပ်နားလည်းဖြစ်မယ်၊ ကြာသပတေးနာမည်ရှိတဲ့ စားသောက်ဆိုင်လည်းဖြစ်နေမယ်ဆိုရင်တော့ အဲဒီနေရာမှာ စကား အချေအတင်မဖြစ်အောင်နေပါ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိစ္စရှိရင် တန်နိုးကြီးဘုရားစေတီကိုသွားပါ။ ရွှေပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီတိတိမှာ စပါ။

အိမ်ကို ချည်သည်အဝင်အထွက်များလာတာတို့၊ ကိုယ့်ရဲ့ လုပ်ငန်းမှာ ခန့်ထားတဲ့ လူငယ်လေးတွေမှာ လူမှုရေးကိစ္စတွေများ လာတာတို့ဖြစ်တတ်လို့ စိတ်ညစ်ရတတ်တာတော့ရှိပါတယ်။ ရွှေ ရင်အေး ခဏခဏဆွမ်းတော်ကပ်လှူပါ။

ထီဝါသနာပါရင် တနင်္လာနံ ထီဆိုင်နဲ့ (၉) ဂဏန်းတွေဟာ အကောင်းဆုံး အကျိုးပေးနေတာ ဖြစ်ပါတယ်။

ဗုဒ္ဓဟူးသားသမီးများ -

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၉၉ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုရင် -

အောင်မြင်လိုတဲ့ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးဘယ် ကိစ္စကိုပဲဖြစ်ဖြစ် ကိုယ်နဲ့အကျိုးပေးတာကတော့ ကြာသပတေး နာမည်ရှင်တွေပါပဲ။ ဒါပေမယ့် ကြာသပတေးစ အင်္ဂါပိတ်မှည့် ထားတဲ့ မာဆီး၊ ပြည့်ညို၊ ပြုံးဆက် ဆိုတဲ့ နာမည်ရှင် နာမည်တွေ တွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူးက အကျိုးပေးပေမယ့် သူ့မှာလည်း အလေ့တွေများ

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ သွားသွားလာလာနဲ့ပဲတွေ့ရတာကြောင့် ကိုယ်က အချိန်ပေးရပါလိမ့်မယ်။ စိတ်ရှည်ရပါလိမ့်မယ်။

တနင်္ဂနွေလည်းအကျိုးပေးပါတယ်။ တဖြည်းဖြည်းတအိအိနဲ့ အကျိုးပေးတာပါ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့တော့ကောင်းပါရဲ့။ စီးပွားစပ်ရင်သာ အကျိုးမပေးတော့ပါဘူး။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှာမှ ကျောက်မျက်ရတနာတူးမယ်၊ ကားလုပ်ငန်းတွေလုပ်တော့မယ်ဆိုရင် အကျိုးမပေးတော့ပါဘူး။ ကျောက်တွေတောင်ဝင်လို့မရပါဘူး။

အမွှအခင်းကိစ္စတွေ၊ လောင်းကစားကိစ္စတွေကို အာမခံပေးလို့ မရပါဘူး။ ကိုယ်တိုင်လည်း ရှောင်ရပါလိမ့်မယ်။ သိပ်မြင့်လွန်းတဲ့အမြင့်တွေမတက်ပါနဲ့။

တစ်နှစ်လုံးကတော့ မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ အချိန်ပေးနိုင်သူတွေကတော့ ပဌာန်ပါဠိရပ္ပဌာန်းရွတ်ဖတ်ပူဇော်ပါ။ ထူးထူးခြားခြား အောင်မြင်လာရပါစေမယ်။

အလုပ်များလွန်းရင်တော့ ပဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို မပြတ်ပူဇော်ပါ။ တစ်နှစ်လုံး မုန့်လုံးရေပေါ်ဆွမ်း၊ ပေါက်ပေါက်ဆွမ်းတွေ မပြတ်ကပ်လှူပါ။

အတိုက်အခံရန်များရင် ပထမံဂါထာကို အဓိဋ္ဌာန်ရွတ်ဆိုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ကျန်းမာရေးလိုအပ်ရင် ဇောတ္တုဂ်သုတ်တော်နဲ့ ပရိမိတ္တဇာလသုတ်တော်ကို အမိဋ္ဌာန်နဲ့ရွတ်ပါ။ လမ်းများများလျှောက်ပါ။ လေ့ကျင့်ခန်းလုပ်ပါ။ အချိုနဲ့ အငန်ကို လုံးဝလျှော့စားပါ။

လေထိုး၊ လေနာ၊ လေတက်ဖြစ်တတ်ပြီး တစ်ခါတစ်ခါ လက်လေးတွေထုံတတ်ပါတယ်။ ဒူးတွေရောင်တတ်ပါတယ်။ မစိုးရိမ်ပါနဲ့။ နံ့သင့်တဲ့ဆေးပညာရှင်တွေနဲ့တိုင်ပင်ကုသပါ။ အာနာပါန ရှုမှတ်ပေးပါ။ ဆေးလှူပေးပါ။ နှလုံးကို လေနည်းနည်းရိုက်သလို ဖြစ်တတ်တဲ့သဘောရှိပေမယ့် ဘာမှမစိုးရိမ်ပါနဲ့။ ရောဂါကိုတွေး မနေပါနဲ့။

ပညာရေးကံတွေကောင်းပါတယ်။ ကိုယ့်ကိုတောင် သူများက မေးမြန်းနေရတတ်ပါတယ်။ ဆက်ကြိုးစားပါ။

ချစ်တတ်သူတွေကတော့ ငှက်လေးတွေကျွေးပါ။ ငါးလေးတွေလွှတ်ပါ။ သစ္စာရှိပါ။ ဖုန်းအကြာကြီးပြောရင်း စကားတွေ ထပ်နေရင်းကနေ အနိုင်လုကြရင်း ခဏခဏရန်ဖြစ်တတ်ပါတယ်။

အကြောင်းကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၅) တိုင်ထွန်းပြီးမှ လိုရာသွားပါ။

လုပ်ငန်းစတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီတိတိမှာ စတင်ပါ။

အိမ်ထောင်ရှင်တွေကတော့ ရပ်ဝေးက ခုမှပေါ်လာတဲ့ သား



www.burmeseclassic.com

www.burmeseclassic.com



ချင်းခွေမျိုး တစ်ဦး၊ နှစ်ဦးကို အကြောင်းပြုပြီး စကားများတတ်ပါတယ်။ စိတ်လျှော့ကြပါ။ သည်းခံပါ။

ထီဝါသနာပါရင် ကြာသပတေးနံ့ထီဆိုင်မှာ ၅၊ ၃၊ ၄၊ ၈၊ ၁ ဂဏန်းတွေများအောင် ကံစမ်းပါ။

ကိုယ့်နာမည်ဟာ ဗုဒ္ဓဟူး၊ စနေပိတ်မှည့်ထားတဲ့ လင်းထန်း၊ ရင်ထက်၊ လှနေ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ ကားမောင်းဆင်ခြင်ပါ။ အမြင့်ကြီးတွေမတက်ပါနဲ့။ သူများကိစ္စကြားမဝင်ပါနဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com

# ကြာသပတေးသားသမီးများ

ကြာသပတေးသားသမီးများ -

အသက် ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂၊ ၁၀၀ ဆိုတဲ့နှစ်တွေကိုရောက်နေပြီဆိုလို့ကတော့ -

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုမဆို ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကအစ တိုင်ပင်ပါ။ အဲဒီနံတွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ သောကြာပိတ်မှည့်ထားတဲ့ လေသန်၊ ရင်သု၊ လှဟိန်း ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ကြာသပတေးနာမည်ရှင်တွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် အလုပ်များနေတတ်တဲ့သူမျိုးဖြစ်နေတတ်လို့ ကိုယ်ကစိတ်ရှည်ပါ။ ကူညီပါလိမ့်မယ်။

တနင်္ဂနွေအကျိုးပေးတာကတော့ တစ်မျိုး။ သူကိုယ်တိုင် အားယူနေရတတ်တဲ့အချိန်မျိုးဖြစ်နေတတ်လို့ ကိုယ့်ကို ကူညီဖို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေယူနေတတ်ပါတယ်။ ဒါကြောင့် တအိအိပဲအကျိုးပေးပါတယ်။

ကျန်တဲ့နှာမည်ရှင်တွေက အကျိုးပေးပါတယ်။ စီးပွားစပ်တူဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ လူမျိုးခြားတွေနဲ့အလုပ်လုပ်မယ်ဆိုရင် စဉ်းစားပါ။ စပ်တူလုပ်မယ်ဆိုရင် စဉ်းစားပါ။

ဆေးနဲ့ဆိုင်တဲ့လုပ်ငန်း၊ ဆေးဆိုင်ဖွင့်မယ့်လုပ်ငန်း၊ စက်ရုံတည်ပြီးလုပ်ရမယ့်လုပ်ငန်းမျိုးတွေဆိုရင် သိပ်အကျိုးမပေးပါဘူး။ စဉ်းစားပါ။ ကားလုပ်ငန်း၊ ကားဂိတ်ထောင်တဲ့လုပ်ငန်းတွေ၊ ငွေချေးမယ့်လုပ်ငန်းတွေဆိုရင်လည်း စဉ်းစားပါ။ ပြီးတော့ သူများကိုငွေရေးကြေးရေးကိစ္စတွေ အာမမခံပါနဲ့။ အများနဲ့ဆိုင်တဲ့အလုပ်တွေကို တာဝန်ယူရပြီဆိုရင် စနစ်တကျ ပြုလုပ်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ပြီးမှ ပူဇော်နေကျအတိုင်း ရွတ်ဖတ်ပူဇော်ပါ။ ယပ်တော်သွင်းပါ။

ကျန်းမာရေးလိုအပ်ရင် ပရိမိတ္တဇာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်တို့ကို အမ်ဋ္ဌာန်နဲ့ ရွတ်ဖတ်ပူဇော်ပါ။

ဆေးလှူပါ။ ငါးလွှတ်ပါ။ ငှက်လွှတ်ပါ။ ငှက်စာကျွေးပါ။ လမ်းများများလျှောက်ပါ။ လေ့ကျင့်ခန်းလုပ်ပါ။

အတိုက်အခံများရင် ၂၄-ပစ္စည်းကို (၂၄) ခေါက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပါ။ ပထမံဂါထာကို ပုတီးစိပ်ပါ။

လာဘ်လာဘအတွက်ဆိုရင် ရှင်သီဝလိရဟန္တာကြီးကို သစ်သီးဆွမ်းတွေနဲ့ပူဇော်ပြီး ရှင်သီဝလိဂါထာကိုရွတ်ပါ။

အကြောင်းကြီးငယ်ကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်အကြီး (၅) တိုင်နဲ့ ပန်းပေါင်းစုံ (၅) မျိုး ပူဇော်ပြီးမှ လိုရာသွားပါ။

ပညာရေးကံတွေ ဆက်ကာဆက်ကာကောင်းပါတယ်။ ကိုယ်ကတောင် သူငယ်ချင်းတွေကို အကြံဉာဏ်တွေပေးရတတ်ပါတယ်။

ချစ်တတ်သူတွေကတော့ သစ္စာရှိရပါလိမ့်မယ်။ ကိုယ့်ချစ်သူကို သူများနဲ့ နှိုင်းနှိုင်းပြီးမပြောမိပါစေနဲ့။ ငှက်ကလေးတွေကို အစာကျွေးပါ။

လုပ်ငန်းသစ်စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ဒူးတွေ၊ အကြောတွေတစ်ခါတစ်ခါပြန်ဖြစ်တတ်ပါတယ်။ ခြေထောက်မကောင်းသူတွေ၊ ခါးမကောင်းသူတွေကို ထောက်ပံ့ပါ။

နံနက်စောစော အရဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရဏ်ဆွမ်းလောင်းလှူပေးပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူးနံထီဆိုင်တွေမှာ ၄၊ ၈၊ ၅ ဂဏန်းတွေ များများပါအောင်ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမည်ကိုကြည့်ပါ။ ကြာသပတေးစ၊ တနင်္ဂနွေပိတ် မှည့်ထားတဲ့ မိုးအုန်း၊ ဖြိုးအုံ၊ ပေါ်အိမ် ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေပြီဆိုရင်တော့ အတွေးအခေါ် အယူအဆတွေလွဲတတ်လို့ အစစအရာရာ ဆင်ခြင်ပါ။ လောင်းကစားတွေရှောင်ပါ။ သူများ ပြဿနာတွေကို ကြားမဝင်ပါနဲ့။

ကြာသပတေးသားသမီးများ-

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၁၀၁ ဆိုတဲ့နှစ်တွေမှာဆိုရင်-

စနေနံတွေအကျိုးပေးလာပါပြီ။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စပဲဖြစ်ဖြစ် အောင်မြင်ဖို့ အကျိုးပေးမယ့် နာမည် ရှင်တွေကတော့ စနေနာမည်ရှင်တွေပါပဲ။ ဒါပေမယ့် စနေစ၊ တနင်္လာ ပိတ်မှည့်ထားတဲ့ ထင်ကို၊ တင်ကျော် ဆိုတဲ့ နာမည်တွဲမျိုးဆိုရင် တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါကတော့ ရပ်ဝေးမှာနေတဲ့သူ ဒါမှမဟုတ် မိတ်ဟောင်း ဆွေဟောင်းအင်္ဂါဆိုရင်တော့ အကျိုးပေးပါလိမ့်မယ်။

ဗုဒ္ဓဟူးကတော့ အကျိုးပေးပါတယ်။ ဒါပေမယ့် သူကိုယ် တိုင် ကြိုးစားနေရတတ်တဲ့သဘောရှိလို့ တအိအိနဲ့ပဲ အကျိုးပေး တတ်ပါတယ်။ ခက်ခက်ခဲခဲပေါ့။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်တူဆိုရင်သာ ကံမစပ်တော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှာမှ အိမ်ဆောက်မယ်ဆိုရင် ကံစပ်သူတွေနဲ့သာဆောက်ပါ။ ဒီလိုမှမဟုတ်ရင် ကြွေးတွေတင်သွားတတ်လို့ပါ။ အိမ်ခြံမြေလုပ်ငန်းတွေကို ဒီနှစ်စလုပ်ရင် အကျိုးမပေးပါဘူး။ သစ်လုပ်ငန်းတွေ၊ အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်းတွေကို ဒီနှစ်မှစမယ်ဆိုရင် စဉ်းစားပါ။ အကျိုးမပေးသေးပါဘူး။ လက်ရှိလုပ်နေတဲ့သူတွေတောင် အထစ်အငေါ့လေးတွေဖြစ်နေတတ်ပါတယ်။

တနင်္ဂနွေစ ဗုဒ္ဓဟူးပိတ်ထားတဲ့ အံ့လှ၊ အေးလှ ဆိုတဲ့ နာမည်တွဲမျိုးကို သတိထားပေါင်းပါ။ စိတ်ညစ်ရတတ်လို့ပါ။ ကျွေးစရာရှိရင်တော့ ကျွေးလိုက်ပေးလိုက်ပါ။

အရမ်းပူ၊ အရမ်းစပ်ပြီး အူရောင်လာနိုင်တဲ့အထိ အပူအစပ်တွေမစားပါနဲ့။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို တနင်္လာနံတစ်မျိုးမျိုးနဲ့ ပူဇော်ပြီး အာနာပါနရှုမှတ်ပါ။ ဂုဏ်တော်ပုတီးစိပ်ပါ။

ကျန်းမာရေးနဲ့ဆိုင်ရင် ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။

နတ်ကောင်းနတ်မြတ်များကို အမျှဝေ၊ မေတ္တာပို့ပါ။

ဆေးမကြာခဏလှူပေးပါ။

ကံဇာတာရှင်ဟာ မိန်းကလေးဖြစ်နေရင် မိန်းကလေးနဲ့ဆိုင်တဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောအထူးဆင်ခြင်ပါ။ လုပ်ငန်းရှင်တွေဆိုရင် ကိုယ့်မိတ်က သူများမိတ်ဖြစ်သွားတတ်ပါတယ်။

ပညာရေးကံတွေကကောင်းချင်ပေမယ့် အပေါင်းအသင်းကို ခံ့မင်ပြီး နည်းနည်းစိတ်လေတတ်ပါတယ်။ ထိန်းပါ။ အိပ်ရေးပျက် အရမ်းခံလို့မရပါဘူး။

ချစ်တတ်သူတွေကတော့ ခဏခဏစကားအငြင်းအခုံမလုပ်ပါနဲ့။

အလုပ်ကိစ္စစကားပြောရင်းနဲ့ စိတ်ဝမ်းကွဲသွားတတ်ပါတယ်။ ဆဲရေးတိုင်းထွာတဲ့စကားတွေမပါပါစေနဲ့။

အိမ်ထောင်သည်တွေကတော့ သားချင်းဆွေမျိုးတွေကြောင့် ခဏခဏစကားများပြီး အိမ်ကဆင်းတာတွေဘာတွေဖြစ်တတ်ပါတယ်။

လုပ်ငန်းသစ် စတင်ချင်ရင် စနေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

တန်ဖိုးမရှိတဲ့ ကျောက်တွေလုံးဝမဝင်ပါစေနဲ့။ တန်ဖိုးကြီးမားတဲ့ကျောက်ဝင်လို့ရပါတယ်။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင်ထွန်းပြီးမှ လိုရာကိုသွားပါ။

ထိုဝါသနာပါရင်တော့ စနေနံထီဆိုင်နဲ့ (၇) ဂဏန်းအဆုံးပါအောင်ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



### ကြာသပတေးသားသမီးများ -

အသက် ၁၄၊ ၁၅၊ ၂၂၊ ၂၃၊ ၃၀၊ ၃၁၊ ၃၈၊ ၃၉၊ ၄၆၊ ၄၇၊ ၅၄၊ ၅၅၊ ၆၂၊ ၆၃၊ ၇၀၊ ၇၁၊ ၇၈၊ ၇၉၊ ၈၆၊ ၈၇၊ ၉၄၊ ၉၅ ဆိုတဲ့နှစ်မျိုးတွေရောက်လာပြီဆိုရင်တော့ -

အကောင်းဆုံးအကျိုးပေးတာ စနေနံတွေဖြစ်ပါပြီ။ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး ဘယ်က်စ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် စနေစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ ထားပို၊ ထက်မှူး၊ တင်ဘ ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

သောကြာလည်း အကျိုးပေးပါတယ်။ အလုပ်အရှုပ်များတဲ့ သောကြာဖြစ်နေတတ်လို့ လမ်းမှာပဲတွေ့တွေ့နေရတတ်တဲ့အတွက် စိတ်ရှည်ပါ။

အင်္ဂါလည်း အကျိုးပေးပါတယ်။ တစ်ခါတစ်ခါတော့ လူချင်း အဆက်ပြတ်သွားတတ်ပါတယ်။ ပြီးမှ ပြန်ပြန်ဆုံတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါရဲ့။ စီးပွားစပ်တူဆိုရင်သာ ကံမစပ်တော့တာပါ။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်ဟာ ဘာသာတရားကို ဦးထိပ်ထားပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချရမယ့်နှစ်ဖြစ်နေပါတယ်။

ဒါကြောင့် မာန်တွေလျှော့ပါ။ လောဘမကြီးပါနဲ့။ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရင်ထိတတ်ပါတယ်။ ကိုယ်လုပ်နေကျလုပ်ငန်းကလွဲရင် တခြား လုပ်ငန်းတွေကိုမစဉ်းစားပါနဲ့။ မကျွမ်းကျင်ဘဲလုပ်ရင်ကုန်တတ် ပါတယ်။

ငွေကုန်ကြေးကျများတဲ့နှစ်၊ တစ်ယောက်ပြီးတစ်ယောက် နေမကောင်းတတ်တဲ့နှစ်ဖြစ်နေလို့ အိမ်မှာမဟာသမယသုတ်တော် မကြာခဏဖွင့်ပြီး ပူဇော်ပါ။ ဆေးမကြာခဏလှူပေးကြပါ။ အစိမ်းရောင်နွန်ကြီးတွေခဏခဏဝင်ပါ။ ဖြစ်နိုင်ရင် ဓာတ်ကြီး (၄) ပါး ဆွမ်းတော် မကြာခဏကပ်လှူပါ။ ငွေချေးငှားတဲ့ကိစ္စတွေ ကြုံ တတ်ပါတယ်။ ဒါကြောင့် လောကီပျော်ရွှင်မှုတွေလျှော့ပါ။ ငှက် လေးတွေ၊ ခွေးလေးတွေကို မကြာခဏအစာကျွေးပါ။

လုပ်ငန်းရှင်တွေဆိုရင် လုယံ့ထားတော့မယ်ဆိုရင် နံ့သင့်တဲ့ ပုဂ္ဂိုလ်တွေကို စဉ်းစားပါ။ လုယံ့တို့၊ အလုပ်သမားတို့ကြောင့် လုပ်ငန်းတွေရပ်သွားပြီး ရှိတာတွေရောင်းပစ်ချင်စိတ်တွေဖြစ်လာ တတ်ပါတယ်။ အကောင်းသားနေရင်းကနေ အိမ်ရောင်းချင်ဖြစ် လာတတ်ပါတယ်။

ကိုယ့်မိသားစုထဲမှာတောင် ကိုယ့်ဩဇာမညောင်းဖြစ်တတ် ပါတယ်။ ငယ်သူတွေ၊ အောက်လူတွေ ကိုယ့်ကိုအမျိုးမျိုးနည်းနဲ့ ဆန့်ကျင်တဲ့နှစ်ဖြစ်နေတတ်ပါတယ်။ ကိုယ့်အရည်အချင်းမရှိတော့ သလို ခံစားရတတ်ပါတယ်။ ဒါကြောင့် အချိန်ရတိုင်း ဂူဏ်တော်တွေ ပွားနေပါ။ အာနာပါနရှုမှတ်နေပါ။ ပရိတ်တွေရွတ်နေပါ။ သည်းခံ ပါ။ စိတ်မတိုပါနဲ့။ ခပ်ကြမ်းကြမ်းပြောရင် ကိုယ်ပဲမှားတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

အင်းတွေ၊ အဆောင်တွေ၊ လက်ဖွဲ့တွေဝင်လာလို့မရပါဘူး။ ပိုဆိုးတတ်ပါတယ်။

ရတနာမြတ် (၃) ပါးကိုသာ ဦးထိပ်ထားပါ။

သရဏဂုံတည်ပါ။

အနန္တောအနန္တ (၅) ပါးကို မပြစ်မှားမိပါစေနဲ့။

ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားမိပါစေနဲ့။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတော်ကို ရွတ်ပါ။ အချိန်ယူပြီး ရွတ်နိုင်ရင် ပစ္စယဝါရပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပါ။ အာနာပါနရှုမှတ်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာတွေ ပွားများပါ။ ပေါက်ပေါက်၊ မုန့်လုံးရေပေါ်ဆွမ်းတွေကပ်လှူပါ။

ကျင့်ကြံအားထုတ်ခြင်းကို အချိန်ပေးပြီး ပြုလုပ်ပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းမကြာခဏလောင်းလှူပါ။

သံဃာတော်အရှင်သူမြတ်များ ခရီးသွားဖို့ကြံ့ရင် ခရီးစရိတ် ဝတ္ထုငွေလှူဒါန်းပါ။

ငွေကြေးအကုန်အကျများတတ်လွန်းပါတယ်။ ခြေ၊ ခါး မကောင်းသူတွေကို ထောက်ပံ့ပေးပါ။

ပိုက်ဆံအိတ်တွေဘာတွေ ခပ်လွှယ်လွှယ်ဟိုချဒီချချမထား ပါနဲ့။ ပျောက်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၉) တိုင် ထွန်းညှိ ပူဇော်ပြီးမှလိုရာသွားပါ။

ပညာရေးကံတွေကောင်းပါတယ်။ ကြိုးစားလေ အောင်မြင်လေပါပဲ။ အိပ်ရေးတော့ဝအောင်အိပ်ပါ။ မသင်ရဘူးသေးတဲ့ ပညာရပ်တွေ သင်ကြားရပါလိမ့်မယ်။ ပညာတော်သင်ခရီးသွားဖို့ ရှိထားသူများ ယခုနှစ်သွားရပါပြီ။

လုပ်ငန်းခွင်စာမေးပွဲတွေ ဖြေဆိုအောင်မြင်ပါလိမ့်မယ်။

ရာထူးတိုးဖို့ဆိုရင်သာ ခဏစောင့်ပါ။

အိမ်ထောင်ရှင်တွေကတော့ မခံချင်တဲ့စိတ်တွေကြောင့် ခဏခဏရန်ဖြစ်တတ်ပါတယ်။ သည်းခံပါ။ အကြောင်းမရှိဘဲဖြစ် ဖြစ်နေတတ်ပါတယ်။ ဘုရားဆောင်မှာ မလိုတဲ့ အင်းပျက်တွေ၊ အဆောင်ပျက်တွေ ဖယ်ရှားပစ်ပါ။ မီးလုံးအကျွမ်းတွေ ဖယ်ရှားပစ်ပါ။

ချစ်တတ်သူတွေလည်း စိတ်ကိုလျှော့ပါ။ စကားအချေအတင် ခဏခဏမပြောပါနဲ့။ ငှက်လေးတွေကို ခဏခဏအစာကျွေးပါ။

နံသင့်တဲ့လုပ်ငန်းမျိုး စတင်ချင်တယ်ဆိုရင် -

စနေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ၊ မမြင်ရမြင်ရပုဂ္ဂိုလ်တွေကို သတိရတိုင်း မေတ္တာအထူးပို့၊ အမျှဝေပါ။

ထိုဝါသနာပါရင် စနေနံထိုးဆိုင်မှာ (၇) ဂဏန်းတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါအောင်ထိုးပါ။

ဒီနှစ်ဟာ အပျော်အပါး၊ လောင်းကစားမှုနဲ့သမျှရှောင်ပါ။ ဥပဒေနဲ့ငြိစွန်းသွားနိုင်တဲ့ကိစ္စမှန်သမျှရှောင်ပါ။ အာမခံတာတွေ သတိထားပါ။.

ကိုယ့်နာမည်ဟာ ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့ မိုးထန်၊ မေတိုး ဆိုတဲ့နာမည်တွဲမျိုး ဖြစ်နေပြီဆိုရင်တော့ စကား ပြောကအစဆင်ခြင်ပါ။ ရန်လုံးဝမဖြစ်ပါနဲ့။

ကြာသပတေးသားသမီးများ-

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေ ရောက်နေပြီဆိုရင်-

အကောင်းဆုံးအကျိုးပေးတဲ့နံကတော့ တနင်္ဂနွေနံပါပဲ။

အောင်မြင်လိုတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ် ကိစ္စကိုပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ အကြံဉာဏ် ယူပါ။ အကူအညီယူပါ။ အောင်မြင်ပါလိမ့်မယ်။ တနင်္ဂနွေစပြီး သောကြာပိတ်မှည့်ထားတဲ့ အုံ့သု၊ အေးဟိန်း၊ အောင်သွယ်ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ကြာသပတေး အကျိုးပေးပေမယ့် ခုအဆင်ပြေလိုက်၊ နောက်တစ်ခါ အဖျားရှူးသွားလိုက်ဖြစ်ဖြစ်နေတတ်လို့၊ ပြီးတော့ သူ့ခများ ဟိုရွှေ့ဒီပြောင်းဖြစ်နေရတတ်လို့ ကိုယ်ကစိတ်ရှည်ရပါ လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာကတော့ အကျိုးပေးပေမယ့် ကိုယ့်စိတ်ထဲမှာ ဘဝင်မကျဖြစ်ဖြစ်နေတတ်ပါတယ်။ ရပ်ဝေးမှာနေထိုင်ကြတဲ့ မိတ်ဟောင်းဆွေဟောင်း တနင်္လာဆိုရင် ခု ဒီနှစ်ပြန်ဆုံတတ်ပါတယ်။ ဒါပေမယ့် အကျိုးပေးဖို့ ကိုယ်က စိတ်ရှည်ရှည်ထားပါ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၃) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှစပြီး လူမျိုးတွေနဲ့ စီးပွားစပ်တူလုပ်မယ်ဆိုရင်၊ ဆေးဝါးနဲ့ဆိုင်တဲ့လုပ်ငန်းကြီးတွေလုပ်မယ်ဆိုရင် အကျိုးမပေးပါဘူး။ သူများကိုလည်း အာမခံမပေးပါနဲ့။ ကိုယ်တိုင်လည်း ရန်ဖြစ်တာတို့၊ လောင်းကစားတို့ရှောင်ရပါလိမ့်မယ်။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ပြီးရင် အကြော်ဆွမ်းတွေနဲ့ ဘုရားပူဇော်ပါ။ အရဟံဂုဏ်တော်ကို အစိပ္ပာန်မကြာခဏဝင်ပြီး ပုတီးစိပ်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာကို အချိန်တော်တော်ယူပြီး စီးဖြန်းပါ။ အသံထွက်ပြီးဘုရားရှိခိုးပါ။

အတိုက်အခံတွေများလွန်းရင် သမ္ဗုဒ္ဓေဂါထာကို တစ်နေ့ (၁၀၈) ခေါက် ရအောင်ရွတ်ပါ။ ရှင်ဥပဂုတ္တရဟန္တာကြီးကို သစ်သီးဆွမ်းတွေကပ်လှူပြီး ရှင်ဥပဂုတ္တပရိတ်တော်ကိုရွတ်ပါ။

လမ်းများများလျှောက်ပေးပါ။ လေ့ကျင့်ခန်းလုပ်ပါ။

ကျန်းမာရေးနဲ့ပတ်သက်လာရင် အာနာပါနရှုမှတ်ပါ။ ဗဟာ



www.burmeseclassic.com

www.burmeseclassic.com



သမယသုတ်၊ ပရိမိတ္တဇာလသုတ်တို့ကို အမြဲရွတ်ရွတ်ပါ။

ပညာရေးကံတွေ ကောင်းပါတယ်။ အဖျားရှူးရှူးသွားတာ မဖြစ်ပါစေနဲ့။ ကြိုးစားပါ။

ချစ်တတ်သူတွေကတော့ ခဏခဏရန်ဖြစ်လိုက်၊ ပြီးရင် ပြန်တည့်သွားလိုက်ဖြစ်နေတတ်ပါတယ်။ ချွေးလေးတွေ၊ ငှက်လေးတွေကို အစာကျွေးပါ။

အိမ်ထောင်သည်တွေကတော့ ဟိုဘက်ဒီဘက်ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေရဲ့စကားကို အထအနကောက်ပြီး စကားနိုင်မလုပါနဲ့။ ဘာမှမဟုတ်တာလေးနဲ့ စကားများနေရင် လာဘ်ပိတ်တတ်ပါတယ်။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၉) နာရီ၊ (၄၅) တိတိမှာ စတင်ပါ။

အလုပ်ရဖို့ကြိုးစားနေသူတွေရပါပြီ။

ရာထူးတိုးကြားနေရသူတွေတိုးပါပြီ။

ထီဝါသနာပါရင်တော့ တနင်္ဂနွေနံထိဆိုင် အကျိုးပေးပြီး ၁၊ ၅၊ ၂၊ ၉ ဂဏန်းတွေများများကံစမ်းပါ။

သမ္ဗာဒေဝနတ်ကောင်းနတ်မြတ်တွေနဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို မေတ္တာအထူးပို့၊ အမျှဝေပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးသားသမီးများ–

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေကိုရောက်နေပြီဆိုရင်–

အကောင်းဆုံးအကျိုးပေးတာ မဟုတ်ပေမယ့် တနင်္ဂနွေနံ ကတော့ နည်းနည်းကောင်းပါတယ်။ တနင်္ဂနွေနာမည်ရှင်တွေနဲ့ ဘာမဆို တိုင်ပင်ကြံစည်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေစ အင်္ဂါ ပိတ်မှည့်ထားတဲ့ အုံ့ဆူး၊ အေး၈၊ အိမ့်ခွဲ ဆိုတဲ့ နာမည်မျိုးဆိုရင် အကျိုးမပေးတော့ပါဘူး။

တနင်္လာလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူက အလုပ်များတတ်လို့၊ အသွားအလာများနေသူဖြစ်နေတတ်လို့ ကိုယ်က စိတ်ရှည်ရပါလိမ့်မယ်။ ဒါတောင် တနင်္လာစ၊ ကြာသပတေး ပိတ်မှည့်ထားတဲ့ ချစ်မ၊ ကျော်ပုံ၊ ခန့်ဘော် ဆိုတဲ့ နာမည်တွဲမျိုး ဆိုရင် အကျိုးမပေးပြန်ပါဘူး။

သောကြာအကျိုးပေးပါတယ်။ တဖြည်းဖြည်းချင်း အကျိုးပေးပါလိမ့်မယ်။

ကြာသပတေးကျတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးတတ်တဲ့ သဘောရှိပါတယ်။ သူ့ကို အကူအညီတောင်းရင် သူကတော့လုပ် ပေးပါရဲ့။ နောက်တစ်ဆင့်ထပ်အကူအညီတောင်းရတာမျိုးပေါ့။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်တူလုပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

ရှောင်ဖို့တွေကတော့ လူမျိုးခြားတွေနဲ့ ဒီနှစ်ကမှစပြီးလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ဆိုရင် အဖျားရှူးသွားတတ်ပါတယ်။ အထည်ချုပ်လုပ်ငန်းတွေအကျိုးမပေးသေးပါဘူး။ ရွှေတူးဆိုရင်လည်း အဆင်မပြေနိုင်သေးပါဘူး။ ရွှေလုပ်ငန်းတွေဒီနှစ်မှာမယ်ဆိုရင် စဉ်းစားပါ။ သူများလာလာပြောတိုင်း ကိုယ်မကျွမ်းကျင်တဲ့အလုပ်တွေကို ရှောင်ပါ။ စပ်တူလည်းမထည့်ပါနဲ့။ ငွေလည်းအလွတ်မချေးပါနဲ့။ ကိုယ်ကလည်း လုပ်ငန်းမကျွမ်းကျင်ဘဲ ငွေတွေအများကြီးချေးပြီး မလုပ်ပါနဲ့။ ကိုယ်လုပ်နေကျအလုပ်ကိုပဲလုပ်ပါ။ ဒီပြင်အလုပ်တွေ ကူးပြောင်းလိုက်ရင် ရစရာရှိတာတွေမရတော့ဘဲ ဆုံးရှုံးပြီးကြွေးတင်သွားတတ်ပါတယ်။ ငွေပြဿနာတွေဖြစ်လာတတ်ပါတယ်။ အဲဒီတော့မှ ဘာလုပ်ရမှန်းမသိတွေဖြစ်ကုန်တတ်ပါတယ်။

ဘာသာတရားနဲ့သာယှဉ်ပြီး ကိုယ့်အလုပ်ကိုယ်ပုံမှန်လုပ်ပါ။ အောင်မြင်မှာပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ပြီးရင် အကြော်နဲ့ဆွမ်းတော်ကပ်ပါ။ သရဏဂုံ - ၃၀ ကို အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။ အချိန်မရရင် နေ့စဉ် (၉) ခေါက်ရွတ်ပါ။ သရဏဂုံ -၃၀ မရရင် သရဏဂုံကို ပုတီးစိပ်ပါ။ အားရင်လည်း ရွတ်နေပါ။

ငှက်ကလေးတွေကို အစာကျွေးပါ။

မျက်စိဝေဒနာရှင်တွေ၊ မျက်လုံးမကောင်းတဲ့ သက်ကြီးဝါကြီးတွေကို မျက်မှန်၊ မျက်စဉ်း၊ အားဆေး၊ အာဟာရ၊ ငွေထောက်ပံ့လှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း တွေ့တိုင်း ထောက်ပံ့လှူပေးပါ။

အရေးတကြီးကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ပြီးရင် ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်အကြီး (၃) တိုင် ထွန်းညှိ ပူဇော်ပြီး လိုရာကိုသွားပါ။

ရုက္ခစိုးကြီးတွေကို အမြဲမေတ္တာပို့ပါ။ ညောင်ပင်ကြီးတွေရောက်ရင် အမွှေးနံ့သာတွေ၊ အလင်းတိုင်တွေ၊ သစ်သီးတွေခဏခဏလှူပေးပါ။ မေတ္တာပို့၊ အမျှဝေပေးပါ။

နှံသင့်တဲ့လုပ်ငန်းတစ်ခုခုကို စတင်ချင်ရင် တနင်္ဂနွေနေ့မနက် (၉) နာရီ၊ (၄၅) တိတိမှာ စတင်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ အိပ်ရေးဝအောင်သာ အိပ်ပါ။ အောင်မြင်ပါတယ်။

ချစ်တတ်သူတွေကတော့ သစ္စာရှိရပါလိမ့်မယ်။ သံသယစိတ်တွေနဲ့ မချစ်မိအောင်နေပါ။ ငှက်လေးတွေကို အစာကျွေးပါ။

ထီဝါသနာပါရင် တနင်္ဂနွေနံထီဆိုင်မှာ ၁၊ ၂၊ ၉၊ ၅ ဂဏန်းတွေများအောင်ထိုးပါ။

ကိုယ့်နာမည်ဟာ ကြာသပတေးစ တနင်္လာပိတ်မှည့်တဲ့ မိုးခ၊ မြတ်ကံ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ လောင်းကစားလုံးဝရှောင်ပါ။ ရှုံးတာကနဲ့သွားနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးသားသမီးများ -

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေရောက်နေရင် -

အကောင်းဆုံးအကျိုးပေးတဲ့နံကတော့ ဗုဒ္ဓဟူးပါပဲ။

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါတောင် ဗုဒ္ဓဟူး၊ တနင်္လာပိတ်မှည့်ထားတဲ့ ယဉ်ချစ်၊ လှချော၊ ဝင်းကစ် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင် အကျိုးမပေးတော့ပါဘူး။

တနင်္ဂနွေလည်း အကျိုးပေးပေမယ့် ပထမအခေါင်ပြေပြီး နောက်ပိုင်း အဖျားရှူးတာမျိုးဖြစ်တတ်ပါတယ်။ ကိုယ်ကတော့ စိတ်ရှည်သည်းခံပေးပါ။

စနေကတော့ တအိအိပဲ အကျိုးပေးပါလိမ့်မယ်။ ခက်ခက်ခဲခဲအကျိုးပေးတဲ့သဘောပါ။

ကျန်တဲ့ နာမည်ရှင်တွေက ခင်ဖို့တော့ကောင်းပါတယ်။ စီးပွားစပ်တူလုပ်ရင်သာ အကျိုးမပေးတော့ပါ။

(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ် မြေဝယ်မယ်ဆိုရင် လုံးဝအကျိုးမပေးပါဘူး။ အင်မတန် ရှုပ်ထွေးနေတဲ့မြေဖြစ်နေတတ်ပါတယ်။ ဝယ်ရောင်းလုပ်ရင်လည်း အကျိုးမပေးပါဘူး။

သစ်လုပ်ငန်းတွေ၊ သစ်စက်လုပ်ငန်းတွေ၊ အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်းတွေ၊ အလှကုန်လုပ်ငန်းတွေ အကျိုးမပေးပါဘူး။ ခုမှ



www.burmeseclassic.com

www.burmeseclassic.com



စမယ်ဆိုရင် စဉ်းစားပါ။

စက်မှုလက်မှုလုပ်ငန်းတွေ၊ ဆေးဝါးထုတ်လုပ်ရောင်းချမှုလုပ်ငန်းတွေကတော့ အများအတွက်လုပ်ပေးနေရသလိုဖြစ်တတ်ပေမယ့် ပုံမှန်ဖြစ်နေတတ်ပါတယ်။

လူ (၃) ဦးတော့ စပ်တူမလုပ်ပါနဲ့။

ကျန်းမာရေးမကောင်းရင် ကိုယ့်သဘောနဲ့ စပ်ဆေးတွေမသောက်ပါနဲ့။ ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။ သူများလာအပ်တဲ့စက်ပစ္စည်းတွေကို သတိထား လက်ခံပါ။ စက်ပစ္စည်းဟောင်းတွေလည်း ပြန်မဝယ်ပါနဲ့။

မျက်စိဝေဒနာမဖြစ်အောင်နေပါ။ ကြာတတ်ပါတယ်။

ကိုယ့်ရဲ့စက်ပစ္စည်းတွေဆိုရင်လည်းမငှားပါနဲ့။ ပျက်တတ်ပါတယ်။

စိတ်ဝေဒနာရှင်များကို မကြာမကြာ ဆေး၊ ငွေ၊ အာဟာရလှူဒါန်းထောက်ပံ့ပါ။

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပြီး ယပ်တော်သွင်းပါ။ ရွှေရင်အေးမကြာမကြာပူဇော်ပါ။ ငှက်လေးတွေကို အစာကျွေးပါ။

ဂုဏ်တော် (၉) ပါးကို အစဉ်အမြဲ့နှပ်ပုတီးစိပ်ပါ။

ပညာရေးကံတွေကောင်းဖို့ ကြိုးစားပါ။ သူငယ်ချင်းတွေနဲ့ပဲအချိန်မဖြုန်းပါနဲ့။

ချစ်တတ်သူတွေကတော့ ကံကောင်းပါတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင် အနားအဆာပါပြီး ရန်ဖြစ်ဖြစ်သွားတတ်လို့ စကားပြောဆင်ခြင်ပါ။ ဖုန်းအကြာကြီးမပြောပါနဲ့။ စကားတွေအပ်ကြောင်းထပ်ပြီးမှားတတ်လို့ပါ။ ကြာသပတေးနာမည်ရှိတဲ့မုန့်ဆိုင်လေးမှာ ထိုင်ဖြစ်ရင် ပိုပြီးဆင်ခြင်ပါ။

လုပ်ငန်းသစ် စတင်ချင်ရင် ဗုဒ္ဓဟူးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

လောင်းကစား၊ အပျော်အပါးတွေရှောင်ပါ။ မရှောင်နိုင်ရင် ရောဂါရလာပြီး ကုမဆုံးဖြစ်နေတတ်ပါတယ်။ အိပ်ရေးဝပါစေ။

အပျော်အပါး၊ လောင်းကစား ဝါသနာပါတဲ့ အပေါင်းအသင်းတွေရဲ့စကားကို တောင်းတောင်းပန်ပန်နဲ့ရှောင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှလိုရာသွားပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူးနံ့ထီဆိုင်တွေမှာထိုးပါ။ ၄၊ ၈၊ ၂၊ ၉၊ ၇ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

## ကြာသပတေးသားသမီးများ -

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေကို ရောက်နေပြီဆိုရင် -

အကောင်းဆုံးအကျိုးပေးတာက အင်္ဂါနံတွေဖြစ်ပါတယ်။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနာမည်ရှင်တွေနဲ့ တိုင်ပင်ဖြုလုပ်ပါ။ ဒါပေမယ့် အင်္ဂါစ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ စံဘ၊ စိုးပု၊ စွဲမေ ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

တနင်္လာ အကျိုးပေးပေမယ့် ခုတွေ့လိုက် တော်ကြာမဆုံလိုက်ဖြစ်နေတတ်လို့ ကိုယ်က စိတ်ရှည်သည်းခံပြီး သူ့အလုပ်များနေမှုကို နားလည်ပေးပါ။

သောကြာလည်း အကျိုးပေးပါတယ်။ မိတ်ဟောင်းဆွေဟောင်း အတူတူ လုပ်ငန်းတွဲလုပ်ခဲ့ဖူးတဲ့ သောကြာ ဆိုရင် အကောင်းဆုံးပါပဲ။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ လူမျိုးကွဲတွေနဲ့စပ်တူမလုပ်ပါနဲ့။ အကျိုးမပေးပါဘူး။ အထည်လုပ်ငန်းတွေမလုပ်ပါနဲ့။ ဖြန့်ရပ်သွားတတ်ပါတယ်။ ရွှေမတူးပါနဲ့။ ပုံမှန်ရှိနေတဲ့ ရွှေရတနာလုပ်ငန်းဆိုရင်တောင် ဒီနှစ်မှာ သူများတွေအတွက် ထိုင်ရောင်းပေးနေရသလို အမြတ်အစွန်းနည်းတတ်ပါတယ်။ ရပ်ဝေးသွားမယ့်လူကို ရွှေရောင်းဖို့ပေးလိုက်မယ်ဆို စဉ်းစားပါလေ။

ရတနာကျောက်ရောင်းဝယ်လို့ရပေမယ့် ကိုယ့်အတွက် ကျောက်ဝင်လို့မရပါဘူး။

စနေနာမည်ရှင်တွေကြောင့် စိတ်ဆင်းရဲရတတ်တဲ့နှစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ခြေမကောင်းတဲ့သူတွေ၊ လမ်းမလျှောက်နိုင်တဲ့သူတွေကို ခဏခဏလှူပေးပါ။

နေထိုင်မကောင်းဘဲ ဒူးတွေ၊ အကြောတွေမကောင်းဖြစ်လာရင် နွားစာကျွေးပါ။ နွားတွေကို ရေတိုက်ပါ။ ရေသတ္တဝါကျွေးပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဆွမ်း (၃) ပွဲ ကပ်လှူပါ။ သရဏဂုံ–၃၀ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ မရရင် သရဏဂုံကိုအကြာကြီးပုတီးစိပ်ပါ။

ပြီးရင် မေတ္တာများများပို့ပါ။ မမြင်ရ၊ မြင်ရပုဂ္ဂိုလ်တွေကို မေတ္တာများများပို့ပေးပါ။

လုပ်ငန်းတွေကောင်းလာရင် လူမှုရေးတွေမပြဲဖြစ်တတ်ပါတယ်။ ငှက်လေးတွေ၊ ခွေးလေးတွေကို ခဏခဏအစာကျွေးပါ။

ပညာရေးကံကောင်းပါတယ်။ ကြိုးစားရင် ကြိုးစားသလောက် တိုးတက်ပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ခုတည့်လိုက်၊ တော်ကြာအဆင်မပြေလိုက်ဖြစ်နေတတ်ပါတယ်။ စနေနံမုန့်ဆိုင်လေးတွေမှာထိုင်ဖြစ်ရင် စကားနိုင်မလုပါနဲ့။ ငှက်လေးတွေကို အစာကျွေးပါ။

အကျိုးပေးတဲ့လုပ်ငန်းသစ်စတင်ချင်ရင် ကြာသပတေးနေ့ မနက် (၉) နာရီမှာ စတင်ပါ။

အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၅)



www.burmeseclassic.com

www.burmeseclassic.com



တိုင်ထွန်းညို သရဏဂုံရွတ်ပြီးမှသွားပါ။

ထီ - အင်္ဂါနံ့ထီဆိုင်တွေ အကျိုးပေးပါတယ်။ ၃၊ ၅၊ ၆ ဂဏန်းတွေအကျိုးပေးပါတယ်။

ကိုယ့်နာမည်ဟာ ကြာသပတေးစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ မုန်းစံ၊ မာစွဲ၊ မြင့်စု ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်-

အပျော်အပါး၊ လောင်းကစားရှောင်ပါ။

နံနက်စောစော အရဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရဏ်ဆွမ်းလောင်းလှူပေးပါ။

ကံတွေကောင်းလာပါလိမ့်မယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

# ဒေသာကြာသားသမီးများ

**သောကြာသားသမီးများ -**

အသက် ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုတာနဲ့-

အကောင်းဆုံးအကျိုးပေးတာကတော့ သောကြာနံတွေပါပဲ။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စဖြစ်ဖြစ် သောကြာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။

ဒါပေမယ့် သောကြာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ သစ်ဝ၊ သံလူ၊ ဟန်ရွှင် ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူ့ခများအလုပ်များနေတတ်လို့ရယ်၊ အပြောင်းအရွှေ့ကိစ္စတွေကြုံနေရလို့ရယ်ကြောင့် တစ်ခါတစ်ခါ အဆင်မပြေဖြစ်ဖြစ်သွားတတ်ရင် နားလည်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာလည်း အကျိုးပေးပါတယ်။ တိုင်ပင်လို့ရပါတယ်။ သူမကူညီနိုင်ရင်တောင် သူက တစ်ဆင့်ကြားခံပေးလို့ အကူအညီတွေရနိုင်ပါတယ်။

ကျွန်တဲ့နာမည်ရှင်တွေက ခင်လို့ကောင်းတယ်။ စီးပွားတော့ သွားမစပ်နဲ့ပေါ့။

(၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှာ အိမ်ခြံမြေအကျိုးဆောင်ကိစ္စတွေဆို သတိထားပါ။ အိမ်ဆောက်မယ်ဆိုရင်တောင် အခက်အခဲတွေ အများကြီးရှိနေပါတယ်။

သိပ်အရေးကြီးနေရင်တော့ နံသင့်ပုဂ္ဂိုလ်တွေနဲ့တိုင်ပင်ပြီး လုပ်ပါ။ မြေဆိုရင် ဝယ်လိုက်တာနဲ့ အရှုပ်အရှင်းကပ်ပါလာတတ်ပါတယ်။ သူများမြေကိစ္စကိုလည်း အာမမခံပါနဲ့။ စပ်တူလည်း မြေမဝယ်ပါနဲ့။

လောင်းကစား အပျော်အပါးရှောင်ဖို့တော့လိုပါတယ်။

ငွေဟာလုံးခနဲကုန်သွားတတ်လို့ပါ။

ဗိုက်နဲ့ပတ်သက်တဲ့ ကျန်းမာရေးမဖြစ်အောင် အဆာမခံပါနဲ့။ အိပ်ရေးပျက်လည်းမခံပါနဲ့။

နေမကောင်းဖြစ်ရင် အိပ်ရာအောက် ဒါမှမဟုတ် အိမ်အောက်က စက်ပစ္စည်းအဟောင်းတွေစွန့်ထုတ်ပစ်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေကပ်လှူပါ။ ပြီးရင် ဆွမ်းတော်



www.burmeseclassic.com

www.burmeseclassic.com



သွင်းပါ။ ပြီးရင် သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိမေဂါထာတွေကို ပုတီးစိပ်ပါ။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကိုအစိဋ္ဌာန်နဲ့ရွတ်ပါ။

ခဏခဏအဓိဋ္ဌာန်ဝင်ပေးပါ။

သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များကို ဆွမ်းဆန်စိမ်း၊ ဆွမ်း၊ ဝတ္ထုငွေခဏခဏလောင်းလှူပူဇော်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ ဒါပေမယ့် အသွားအလာများတာလေးတော့ ဆင်ခြင်ရပါလိမ့်မယ်။ အိပ်ရေးလည်းမပျက်ပါစေနဲ့။

ချစ်တတ်ကြသူတွေကတော့ အဆင်ပြေပါတယ်။ ဒါပေမယ့် တနင်္ဂနွေနံ ကော်ဖီဆိုင်လေးတွေမှာ ထိုင်ဖြစ်ရင်တော့ စကားအချေအတင်မပြောနဲ့ပေါ့။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် သောကြာနေ့ မနက် (၉) နာရီ တိတိမှာ စတင်ပါ။

အပျော်အပါး၊ လောင်းကစားရှောင်ပါ။ မရှောင်နိုင်ရင် လုပ်နေတဲ့အလုပ်ရုပ်သွားတတ်ပါတယ်။

ဝန်ထမ်းဆိုရင် နေရာအရွှေ့အပြောင်းတွေဖြစ်သွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝါသနာပါရင် သောကြာနံ့ထီဆိုင်မှာ ၆၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းတွေ များများပါအောင် ထီထိုးလိုက်ပါ။

ဒီနှစ် အပ်ချုပ်စက်ဝယ်မယ်ဆိုရင် ဂရုစိုက်ပါ။ လက်ထဲရောက်မှ စိတ်ဆင်းရဲရတတ်လို့ နံ့သင့်တဲ့သူနဲ့ တစ်ဆင့်ဝယ်ပါ။

ကိုယ့်နာမည်ဟာ သောကြာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ သူဝ၊ သင်းလူ၊ သက်ရဲ ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အပျော်မလွန်ပါနဲ့။ ရှုံ့မဖြစ်ပါနဲ့။ လောင်းကစားရှောင်ပါ။

သောကြာသားသမီးများ -

အသက် ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေရောက်နေရင်တော့-

အကောင်းဆုံးအကျိုးပေးတာ တနင်္လာနံ့တွေဖြစ်ပါပြီ။

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေဟာ အကောင်းဆုံး အကျိုးပေးပါလိမ့်မယ်။ တိုင်ပင်ပါ။ လိုအပ်ရင် အကူအညီတောင်းပါ။ ဒါပေမယ့် တနင်္လာစ၊ စနေပိတ်မှည့်ထားတဲ့ ကံနိုင်၊ ကျော်နှင်း၊ ခိုင်ထက် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကူအညီမတောင်းပါနဲ့တော့။

တနင်္ဂနွေလည်း ကောင်းပါတယ်။ ဒါပေမယ့် အလုပ်အရှမ်းများလွန်းလို့ သူ့ကိုတွေ့ချင်ရင် လုပ်ငန်းခွင်မှာလိုက်လိုက်တွေ့ရတတ်လို့ ကိုယ်က သည်းခံစိတ်ရှည်ရပါလိမ့်မယ်။

ကြာသပတေးလည်း အကျိုးပေးပါတယ်၊ တအိအိနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်ရင်သာ အကျိုးမပေးတော့တာပါ။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှစပြီး သစ်လုပ်ငန်းတွေ၊ သတ္တုတူးဖော်မယ့်လုပ်ငန်းတွေ၊ အဲဒီလုပ်ငန်းတွေနဲ့နွှယ်တဲ့ စက်ရုံတွေ စပြီးတည်ထောင်မယ်ဆိုရင် အချိန်အများကြီးယူရပါလိမ့်မယ်။ ရွှေတူးလို့လည်း မရပါဘူး။ အိမ်အကျိုးဆောင်လုပ်ရင်တောင် ဒါမှမဟုတ် ဒီနှစ်မှ အိမ်ဆောက်ရင်တောင် ကြွေးတင်သွားတတ်ပါတယ်။ မှန်းထားတာထက် နှစ်ဆမကကုန်တတ်ပါတယ်။

လောင်းကစားတော့ ရှောင်ရပါလိမ့်မယ်။ အဲဒီကရရင် ချက်ချင်း ပြန်ကုန်သွားပြီး ရှိတာတွေပါအဆစ်ထပ်ကုန်တတ်ပါတယ်။

ကျန်းမာရေးအရ ရင်ထဲ၊ အူထဲမှာ ပူစပ်ပူလောင်ဖြစ်သွားလောက်တဲ့ အပူအစပ်တွေ အလွန်အကျွံ မစားပါနဲ့။

အစာအိမ်မှာ လေရှိပြီး ခေါင်းတက်ခဲတတ်ပါတယ်။ အဆာမခံပါနဲ့။

ဦးခေါင်းမကောင်းသူတွေကိုရှာဖွေပြီး ဆေး၊ ငွေ၊ အာဟာရ ထောက်ပံ့ပေးပါ။

ကျန်းမာရေးအတွက် လမ်းများများလျှောက်ပါ။ ဂုဏ်တော် ပုတီးစိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ ဂုဏ်တော်ပုတီးစိပ်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာပွားများပါ။

အချိန်ရရင် ဘုရား (၉) ဆူ ဆွမ်းတော်ကပ်လှူပါ။

နံနက်စောစော အရဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရုဏ်ဆွမ်းလောင်းလှူပါ။

လုပ်ငန်းသစ် စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၉) မျိုးနဲ့ ဖယောင်းတိုင် (၉) တိုင် ပူဇော်ပြီးမှ လိုရာကိုသွားပါ။

ပညာရေးကံတွေကောင်းပါတယ်။ ပိုပြီးတော့လည်းကောင်းနေမှာပါ။ ခန္ဓာကိုယ်အောက်ပိုင်း ထိခိုက်မိအောင် အရမ်းမဆော့ပါနဲ့။

ချစ်တတ်သူတွေကတော့ မျက်နှာပွင့်လန်းတဲ့နှစ်ဖြစ်နေပါပြီ။ စကားကြောင့်အမှားမဖြစ်ပါစေနဲ့။

တန်ဖိုးမရှိတဲ့ကျောက်တွေ လုံးဝဝင်လို့မရပါဘူး။ လာဘ်ပိတ်သွားတတ်ပါတယ်။ တန်ဖိုးရှိမှဝယ်ပါ။

ထီဝါသနာပါရင် တနင်္လာနံ့ထီဆိုင်မှာ (၉) ဂဏန်းများများပါအောင်ထိုးပါ။

စီးပွားအဆင်ပြေလာပါလိမ့်မယ်။ ဒါကတော့ ဝမ်းသာစရာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

စကားပြောမောက်မာလာတတ်ပါတယ်။ ဒါကတော့ ဆင်ခြင်ပါ။

**သောကြာသားသမီးများ-**

အသက် ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၆၊ ၇၇၊ ၈၄၊ ၈၅၊ ၉၂၊ ၉၃၊ ၁၀၀၊ ၁၀၁ ဆိုတဲ့နှစ်တွေ ရောက်ပြီဆိုရင်-

အကောင်းဆုံးအကျိုးပေးတာ ကြာသပတေးနံတွေပါပဲ။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့ မိုးထူး၊ မြတ်တွယ်တာ၊ ပန်းထိန် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင် တော့ လုံးဝအကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူးလည်း အကျိုးပေးပါတယ်။ သူ့မှာရှိတဲ့အခက်အခဲ တွေကြောင့် ခု အဆင်ပြေပေမယ့် နောက်တစ်ခေါက်ပြေချင်မှ ပြေပါလိမ့်မယ်။

တနင်္ဂနွေလည်း အကျိုးပေးပါရဲ့။ မိတ်ဟောင်းဆွေဟောင်း အကြီးအကဲဟောင်းဆို ပိုပြီးတော့ အကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်လို့ကောင်းပါတယ်။ စီးပွားစပ်တူဆိုရင်သာ အကျိုးမပေးတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ အခိက အရေးကြီးဆုံးက ဘယ်သူ့ကိုမှ အာမမခံဖို့ပါဘဲ။ သူများပြဿနာ ကိုယ့်ပြဿနာမဖြစ်ပါစေနဲ့။ ဥပဒေကိုဆန့်ကျင်ပြီး ဒုစရိုက်လုပ်ရမှာ ဝန်မလေးသူနဲ့ သွားအတူလာအတူမလုပ်ပါနဲ့။ လောင်းကစားပြဿနာမှန်သမျှရှောင်ပါ။

အိမ်မှာ အောက်လူတွေပြောလို့ဆိုလို့မကောင်းဘူးဆိုပြီး ဟိုထွက်သွားချင်ဒီထွက်သွားချင်မဖြစ်ပါနဲ့။ ရောက်တဲ့နေရာမှာ ပိုတောင်ဆိုးတာတွေတွေ့ရတတ်ပါတယ်။ ကိုယ်ထင်သလိုတွေ ဖြစ်လာမှာမဟုတ်ပါဘူး။ မထင်တာတွေချည်းဖြစ်နေတတ်ပါတယ်။

လုပ်ငန်းခွင်ထဲမှာလည်း ကိုယ်ဘယ်လောက်ကြိုးစားကြိုးစား ကိုယ့်လုပ်ရည်ကိုင်ရည်ဟာ အသိအမှတ်မပြုခံနေရသလို ခံစားရတတ်လို့ အလုပ်ပြောင်းချင်စိတ်တွေဖြစ်လာတတ်ပါတယ်။ ပြောင်းလည်းမထူးပါဘူး။ အလုပ်လုပ်ရတာ မပျော်သလိုဘဲဖြစ်နေတတ်ပါတယ်။

အိမ်မှာ ဩဇာမညောင်းဖြစ်လာတော့ အိမ်ကိုရောင်းပစ်ချင်စိတ်တွေဖြစ်လာတတ်လို့ထိန်းပါ။

ရှိတာရောင်းချင်လာတတ်လို့ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုတော့ မလုပ်သင့်ပါဘူး။

မထင်မှတ်ဘဲ ရောင်းဖြစ်သွားတတ်လို့ပါ။

လုပ်ငန်းတွေလုပ်ရတာ အထစ်အငေါ့လေးတွေဖြစ်လာတတ်ပါတယ်။ အပြိုင်တွေပေါ်လာတတ်ပါတယ်။ လုပ်ငန်းကောင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



ရင် အလုပ်သမားလေးတွေက မပျော်ဘဲအလုပ်ထွက်တတ်ကြပြန်ပါတယ်။ ဒါကြောင့် မေတ္တာသုတ်များများရွတ်ပါ။ စကားပြောဆင်ခြင်ပါ။ ကိုယ့်ဒေါသကိုကိုယ်လျှော့ပါ။

သူများတကာပြောတဲ့ စီးပွားရေးလုပ်ငန်းတွေကို မကျွမ်းကျင်ရင် သွားမလုပ်ပါနဲ့။ ဖြတ်လမ်းနဲ့ စီးပွားရှာလို့ မရပါဘူး။ အန္တရာယ်ရှိပါတယ်။

ဘာသာတရားနဲ့ အစစအရာရာ ထိန်းချုပ်ပါ။ သည်းခံပါ။ လျှုတာ၊ စွန့်ကြဲတာ ခဏခဏပြုပါ။ နည်းတာ၊ များတာက အကြောင်းမဟုတ်ပါဘူး။

ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတာ၊ သည်းခံတာ၊ မြိုးခြံတာတွေဟာ ဒီနှစ်ရဲ့ အကောင်းဆုံးအစီအရင်တွေပါပဲ။ အကောင်းဆုံး အောင်မြင်နိုင်မယ့် ယတြာကြီးတွေပါပဲ။ ရှောင့်ရဲတင်းတိမ်လေ စီးပွားဖြစ်လေပါပဲ။

ငွေတော့မချေးပါနဲ့။ ဆုံးတတ်လို့ပါ။

ကိုယ်ကပေးထားရင်လည်း ပြန်တောင်းရခက်တတ်သလို ကိုယ်က လိုအပ်လို့ ခဏချေးထားရင်လည်း ပြန်ပေးနိုင်ဖို့ တော်တော်ကြိုးစားရတဲ့နှစ်ပါ။ သူများကိုတော့ ငွေကြေးကိစ္စအာမမခံပါနဲ့။

ဒီနှစ်ရဲ့အကောင်းဆုံးကတော့ ပညာရေးကံတွေပါပဲ။ ပညာရေးကတော့ အောင်မြင်ပြီးရင်း အောင်မြင်ရင်းပါပဲ။ သင်တန်းတွေလည်း တစ်ခုပြီးတစ်ခု အောင်မြင်စွာတက်ရတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက ရတနာမြတ် (၃) ပါးကို မမေ့ပါနဲ့။ ဦးထိပ်ထားပါ။

အနန္တောအနန္တ (၅) ပါးကို မပြစ်မှားမိပါစေနဲ့။

ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားမိပါစေနဲ့။

အာဟာရလိုအပ်သူကို အာဟာရလှူပေးပါ။ ဆေးလိုသူကို ဆေးလှူပေးပါ။

ကိုယ်တိုင် ဗိုက်အဆာမခံပါနဲ့။ ရှင်ဝမ်းဥပဒ်ပေးတတ်ပါတယ်။

မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပါ။ အချိန်ကိုရအောင်ယူပြီး ဗျာဝါရပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ အချိန်မရရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ် ပူဇော်ပါ။ မေတ္တာသုတ်များများရွတ်ပြီး မေတ္တာများများပို့ပါ။

လာဘ်လာဘနည်းနေရင် ငှက်စာ၊ ခွေးစာကျွေးပါ။ မဟာဆေဒဗ္ဗမန္တန်ကို အဓိဋ္ဌာန်နဲ့ နေ့စဉ်ရွတ်ပါ။

ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးများကို သစ်သီးဆွမ်းများကပ်လှူပါ။

ရေသတ္တဝါလေးများကို မကြာခဏ အစာကျွေးသလို မကြာခဏ ငှက်လွှတ်ပေးပါ။

ကျန်းမာရေးလိုအပ်ရင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။ အိမ်မှာအမြဲဖွင့်ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်လတစ်ကြိမ် နီးရာ ဘုရားစေတီတစ်ဆူဆူကို ခြေကျင်သွားပါ။ ဘုရားမှာ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ပြီးမှ လက်ဆေးပြီး ပူဇော်ချင်တဲ့ လှူဖွယ်ပစ္စည်းများနဲ့ ပူဇော်ပါ။

ဘုန်းကြီးကျောင်းကိုရောက်အောင်ခဏခဏသွားပြီး ကုဋ္ဌိကို ရေဆေးကြောပါ။

တရားကျင့်ကြံအားထုတ်နေကြသူတွေဆိုရင် ထူးထူးခြားခြားအောင်မြင်မယ့်နှစ်ရောက်လာပါပြီ။

ကိုယ်နဲ့ ကံစပ်တဲ့လုပ်ငန်းမျိုး စတင်ချင်ရင် ကြာသပတေးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ချစ်တတ်သူတွေကတော့ ခုကောင်းလိုက်၊ တော်ကြာ ရန်ဖြစ်လိုက်ဖြစ်တတ်လို့ ငှက်လေးတွေ၊ ငါးလေးတွေကို ခဏခဏ အစာကျွေးပါ။

ထီဝါသနာပါရင် ကြာသပတေးနံထီဆိုင်တွေမှာ ၅၊ ၇၊ ၁ ဂဏန်းတွေ များအောင်ထိုးပါ။

ကိုယ့်နာမည်ကိုကြည့်ပါ။ သောကြာစ၊ တနင်္လာပိတ်မှည့်ထားတဲ့ သူခ၊ သစ်ကို၊ ဟန်ကောင်း ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေလို့ကတော့ ဘာမဆို ဖွတ်တရွတ်မလုပ်ပါနဲ့။ ကားမောင်းအထူးဆင်ခြင်ပါ။ ရန်မဖြစ်ပါနဲ့။ လောင်းကစားတွေမလုပ်ပါနဲ့။ သူများပြဿနာကိုဝင်မပါပါနဲ့။ ဘာသာတရားနဲ့ နေထိုင်ကျင့်ကြံအားထုတ်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သောကြာသားသမီးများ-

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄၊ ၁၀၂ ဆိုတဲ့နှစ်တွေကိုရောက်တာနဲ့-

အကောင်းဆုံးအကျိုးပေးတာကတော့ သောကြာနံတွေပါပဲ။

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စအတွက်ပဲဖြစ်ဖြစ်၊ တိုင်ပင်ချင်လို့ အကြံဉာဏ် အကူအညီလိုလို့ပဲဖြစ်ဖြစ် သောကြာနာမည်ရှင်တွေ အကျိုးပေးပါပြီ။ ဒါပေမယ့် သောကြာစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ သား၁၊ သစ်အိမ်၊ သော်အုန်း ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူက အလုပ်များပြီး လမ်းမှာပဲတွေ့တွေ့နေရတတ်လို့ ကိုယ်ကစိတ်ရှည်ပေးပါ။

အင်္ဂါကတော့ အကျိုးပေးတယ်ဆိုပေမယ့် ခက်ခက်ခဲခဲပေါ့။ ခက်ခက်ခဲခဲနဲ့ အကျိုးပေးတာမို့ အချိန်စောင့်ရတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်တူဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ရွှေတူးတဲ့လုပ်ငန်း၊ မြေဝယ်ရောင်းလုပ်ငန်းဆိုရင် အကျိုးမပေးပါဘူး။ ကားလုပ်ငန်းဆိုရင်လည်း ယာဉ်လုပ်သားတွေကြောင့် စိတ်သောကတွေရောက်ရတတ်ပါတယ်။ ကားမောင်းလည်း အထူးဆင်ခြင်ရပါလိမ့်မယ်။

ရတနာကျောက်နဲ့ပတ်သက်ပြီး ကျောက်တူးတဲ့လုပ်ငန်း၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းခင်းကျောက်လုပ်ငန်းတွေမှာဆိုရင်လည်း ဒီနှစ် အထူးဂရုစိုက်ပါ။ ရန်ဖြစ်တဲ့ပြဿနာလေးတွေရှိနေပါတယ်။

(၄) ဦးစပ်တူလုပ်ငန်းတွေ လျော့ရဲရဲဖြစ်လာပါလိမ့်မယ်။ အကျိုးမပေးတော့မှန်းသိသိနဲ့ ဆက်မလုပ်သင့်တော့ပါဘူး။

ခါးနာတတ်လို့ အလေးအပင်တွေကြည့်မပါ။

ခြေထောက်တွေ၊ ခြေဆစ်တွေနာတတ်လို့ ခွေးလေးတွေကို အစာကျွေးပါ။ ကဏန်းအရှင်လေးတွေလွှတ်ပေးပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ ပြီးရင် စိပ်နေကျ ပုတီးအစိပ်ခွန်စိပ်ပါ။ ရွတ်နေကျအတိုင်း ရွတ်ဖတ်ပူဇော်ပါ။

ပြီးရင် ငှက်လေးတွေကို အစာကျွေးပါ။

လောင်းကစားကိစ္စ ကိုယ်လည်းမလုပ်ပါနဲ့။ သူများကိုလည်း အာမမခံပါနဲ့။ ငွေကြေးနဲ့ဆိုင်တဲ့ကိစ္စတွေရှောင်ထားပါ။ အာမမခံပါနဲ့။

ငွေကြေးခက်ခဲလွန်းရင် ကျီးလေးတွေကို အမြဲအစာကျွေးပါ။

အတိုက်အခံရန်များလွန်းရင် တုပ်နှောင်ထားတဲ့ ကဏန်းလေးတွေကို ကြိုးဖြေပြီး ရေအရှင်မှာလွှတ်ပေးပါ။

ခြေ၊ ခါးမကောင်းသူတွေကို ငွေ၊ ဆေး၊ အာဟာရ ထောက်ပံ့ပါ။

ပညာရေးကံတွေက ကောင်းချင်ပေမယ့် တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လျှောရဲရဲဖြစ်နေတတ်ပါတယ်။ ခုကျက်ခုရတယ်ဆိုပြီး နောက်ပြန်မေ့မေ့သွားတတ်ပါတယ်။ ဖိဖိစီးစီးကျက်ပါ။ စာအုပ်လေးတွေကို တစ်နေ့တစ်အုပ် ခေါင်းအုံးအောက်ထဲထားအိပ်ပေးပါ။

အလုပ်အတွက် အမိဋ္ဌာန်ဝင်ချင်ရင် ကိုယ့်မွေးနံထောင့်မှာ အမိဋ္ဌာန်ဝင်ပါ။ ထူးထူးခြားခြားအောင်မြင်ပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ဘယ်လောက်ပဲ ရန်ဖြစ်ဖြစ်၊ ဘယ်လောက်ပဲ စကားနိုင်လုလု ပြန်တည့်မှာပါ။ ဒါပေမယ့် ရေသတ္တဝါလေးတွေကိုတော့ အစာကျွေးပေးပါ။

အရေးတကြီးကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင်ထွန်း၊ ပန်းပေါင်းစုံ (၆) မျိုး ပူဇော်ပြီးမှ လိုရာသွားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် သောကြာနေ့ မနက် (၉) နာရီ တိတိမှာ စတင်ပါ။

ထီဝါသနာပါရင် သောကြာနံထီဆိုင်နဲ့ (၆) ဂဏန်းများများက အကျိုးအပေးဆုံးပါပဲ။

## သောကြာသားသမီးများ -

အသက် ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅ ဆိုတဲ့နှစ်တွေကိုရောက်နေရင် -

အကောင်းဆုံးအကျိုးပေးတဲ့နံကတော့ အင်္ဂါနံပါပဲ။

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် အင်္ဂါနာမည်ရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တိုင်ပင်ပြုလုပ်ပါ။ အကျိုးပေးပါလိမ့်မယ်။

ဒါပေမယ့် အင်္ဂါစ၊ တနင်္ဂနွေပိတ်မှည့်ထားတဲ့ စန်းဦး၊ ဇော်အိမ်၊ စိုးအုန်း ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

စနေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ခုအဆင်ပြေလိုက်၊ တော်ကြာမပြေလိုက်ဖြစ်တတ်လို့ စိတ်ရှည်ပါ။

ဗုဒ္ဓဟူးအကျိုးပေးပေမယ့် မိတ်ဆွေဟောင်းထဲက ဗုဒ္ဓဟူးဆိုရင်တော့ ပိုပြီးအကျိုးပေးတာပေါ့။

ကျန်တဲ့ နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားရေးနဲ့ပတ်သက်လာပြီဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ မြေအရောင်းအဝယ်လုပ်မယ်ဆိုရင် ခဏဆိုင်းငံ့ထားပါ။ အိမ်ခြံမြေအရောင်းအဝယ်လုပ်နေသူတွေဆိုရင်လည်း အလုပ်သာလုပ်နေရတယ်၊ အကျိုးမပေးဖြစ်နေပါလိမ့်မယ်။ ရတာနဲ့ စရိတ်တွေကုန်တာနဲ့ မကာမိအောင်ဖြစ်နေတတ်ပါတယ်။ ကားလုပ်ငန်းလုပ်ရင်လည်း ဒီလိုပါပဲ။ သူများစားဖို့ချည်းဖြစ်ဖြစ်နေတတ်ပါတယ်။ ဒီနှစ်မှစပြီး ကားလုပ်ငန်း၊ ကျောက်လုပ်ငန်းလုပ်မယ်ဆိုရင်တော့ စဉ်းစားပါ။ အမွေကိစ္စတွေဆိုရင်လည်း မလုပ်ပါနဲ့ဦး။

ငွေကြေးကိစ္စတွေမှာ ကြားမညပ်အောင်နေပါ။

ချော့လိုက်တာနဲ့ စိတ်ကပျော့သွားပြီး အားနာနာနဲ့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ဈေးတာတွေ ရှောင်ပါ။ ဆုံးတတ်ပါတယ်။ ရန်လုပ်တာတောင်ခံရတတ်ပါတယ်။ လုပ်ငန်းတွေမှာ တာဝန်အရ ငွေကြေးကိစ္စတွေကိုင်တွယ်ရရင်လည်း သေချာဂရုစိုက်ပါ။ စိုက်ဆပ်ရတတ်ပါတယ်။ ကားမောင်းတော့ အထူးဆင်ခြင်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေကပ်ပြီး ဆွမ်း (၃) ပွဲနဲ့ ပူဇော်ပါ။ အကြော်နဲ့ ဆွမ်းတော်ကပ်ပါ။ သရဏဂုံ-၃၀ကို တစ်နှစ်လုံးအမိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။ မရရင် ရအောင်ကျက်ပြီးစိပ်ပါ။ စားလည်းရွတ်၊ သွားလည်းရွတ် ရွတ်နေပါ။ ငှက်လေးတွေကို သတိလေးထားထားပြီး အစာကျွေးပါ။ မမေ့ပါနဲ့။ မိခင်အရွယ် သက်ကြီးရွယ်အိုများကို ငွေ၊ ဆေး၊ အာဟာရ လှူဒါန်းပါ။

ကိုယ်ဝန်ဆောင်မိခင်များကိုတွေ့ရင် စားချင်တဲ့အာဟာရ၊ သောက်ချင်တဲ့ဆေးကိုမေးပြီး ထောက်ပံ့ပေးပါ။ လိုအပ်တာထောက်ပံ့ပေးပါ။

ဒီနှစ် ဝမ်းမချုပ်ပါစေနဲ့။

ဝမ်းလည်းမပျက်ပါစေနဲ့။ ဝမ်းနုတ်ဆေးအလွန်အကျွံမသောက်ပါနဲ့။

ပညာရေးကံတွေကောင်းချင်ပါရဲ့။ အဆော့မများဖို့တော့လိုပါလိမ့်မယ်။ မဖျားမနာအောင်နေပါ။ အိပ်ရေးဝအောင်အိပ်ပါ။

ချစ်တတ်သူတွေကတော့ မျက်နှာများချင်စိတ်ဖြစ်လာရင်ကိုယ့်ကိုယ်ကိုယ်သတိထားပါ။ ကြာသပတေးနံရှိတဲ့ ရေဗီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လေးမှာထိုင်ဖြစ်ရင် ငွေရေးကြေးရေးကိစ္စ အငြင်းအခုံမဖြစ်ပါစေနဲ့။

အိမ်ထောင်ရှင်တွေကတော့ ရတာနဲ့ ကုန်တာနဲ့ မကာမိလို့ ပူညံပူညံလေးတွေဖြစ်တတ်ပေမယ့် ခဏပါ။ အိမ်အေးအောင်နေပါ။

လုပ်ငန်းသစ်စတင်ချင်ရင် တနင်္ဂနွေနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် အင်္ဂါနံ့ထီဆိုင်နဲ့ ၃၊ ၇၊ ၄၊ ၈ ဂဏန်းတွေ အကျိုးပေးပါတယ်။

သူများလာပြောတိုင်း ဟိုအလုပ်လုပ်ချင်ဒီအလုပ်လုပ်ချင် မဖြစ်ပါနဲ့။ မကျွမ်းကျင်တဲ့အလုပ် ဘာမှမလုပ်ပါနဲ့။

ရက္ခစိုးကြီးတွေကို သတိတရနဲ့ မေတ္တာအမြဲပို့၊ အမျှအမြဲဝေပါ။

သောကြာသားသမီးများ-

အသက် ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုတာနဲ့-

အကောင်းဆုံးအကျိုးပေးတာ တနင်္လာနံ့တွေပါပဲ။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စပဲဖြစ်ဖြစ် တနင်္လာနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္လာစ၊ ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ ကံဝ၊ ကြည်လှ၊ ခိုင်ဇေး ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးကတော့ မိတ်ဟောင်းဆွေဟောင်းထဲကဆိုရင် ပိုပြီးအကျိုးပေးပါလိမ့်မယ်။

သောကြာက အကျိုးပေးပေမယ့် တအိအိနဲ့မို့ ခက်ခက်ခဲခဲ အကျိုးပေးတယ်လို့ပဲပြောလို့ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်စရာကောင်းတဲ့သူချည်းပါပဲ။ စီးပွားစပ်တူဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၃) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှာမှ အုတ်သဲကျောက်လုပ်ငန်းတွေလုပ်မယ်၊ စက်ပစ္စည်းနဲ့ပတ်သက်တာတွေ၊ စက်ရုံတွေလုပ်မယ်၊ ဆေးနဲ့ ဆေးပစ္စည်းဆိုင်စဖွင့်မယ်၊ ဆိုင်ကယ်နဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေစရောင်းဝယ်မယ်ဆိုရင် အချိန်ယူစဉ်းစားပါ။ အကျိုးမပေးပါဘူး။ အိမ်စဆောက်မယ်ဆိုရင်တောင် အနှောင့်အယှက်တွေအရမ်းများတတ်လို့ ကိုယ်နဲ့အကျိုးပေးမယ့်သူနဲ့ တိုင်ပင်ပြုလုပ်ပါ။

ဆီး၊ မျက်စိနဲ့ဆိုင်တဲ့ကျန်းမာရေး ဂရုစိုက်ပါ။

စိတ်တွေတအားဖိစီးမှုတွေများပြီး တောင်တွေးမြောက်တွေး တွေမတွေးပါနဲ့။ အရမ်းမလှုပ်ရှားပါနဲ့။

စိတ်ကျန်းမာရေးမကောင်းသူတွေကို ခဏခဏလှူပေးပါ။ အာဟာရလှူပေးပါ။ စာကလေးခဏခဏလွှတ်ပေးပါ။ မျက်စိဝေဒနာရှင်တွေကို မျက်စဉ်း၊ ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ အိပ်ရေးဝအောင်အိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်တို့ သောက်တော်ရေကပ်၊ ယပ်တော်သွင်းပါ။ ပြီးရင် ဂုဏ်တော်ကို အမြဲမှန်မပျက် ပုတီးစိပ်ပါ။ ဂုဏ်တော် (၉) ပါး၊ ဂုဏ်တော်ကွန်ချာ၊ ဂုဏ်တော်စက်ဝန်း၊ ဂုဏ်တော် (၉) ဆင့် နှစ်သက်ရာကို အမြဲမှန်ဝင်ပါ။

ဘုရား (၉) ဆူ ပူဇော်ခြင်းကို မကြာမကြာပူဇော်ပါ။

ထမင်းစားတိုင်း ဖုန္နသဿဂါထာရွတ်စားပါ။ ပရိမိတ္တစာလသုတ်နဲ့ ဗောဇ္ဈင်္ဂသုတ်တော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ပါ။

ကိုယ်တိုင် ရင်မပြည့်အောင်နေပါ။ လေဓာတ်ဓာတ်ထိုးတတ်အောင့်တတ်ပါတယ်။ အဆာမခံပါနဲ့။ ခြေအအေးမခံပါနဲ့။ ယန်ကားလေတာရားလွန်မခံပါနဲ့။ အစာမကြေဖြစ်တတ်ပါတယ်။

ပညာရေးကံတွေကောင်းနေပါပြီ။ ကြိုးစားလေ အောင်မြင်လေပါပဲ။

ချစ်တတ်သူတွေကတော့ မျက်နှာအပွင့်လွန်နေတတ်လို့ သတိလေးတော့ထားပေါ့။ စီးပွားရေးလည်းအဆင်ပြေ၊ အချစ်ရေးလည်း အဆင်ပြေနစ်ပါပဲ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၉)တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိုသွားပါ။ ဖြစ်နိုင်ရင် ကြိုပ် (၈) ခွင်လုံးမှာ ကြံညှန့်တွေ ဒါမှမဟုတ် ကံ့ကော်ပန်း၊ ကံ့ကော်ညှန့်တွေနဲ့ပူဇော်ခြင်းကို မကြာမကြာပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသစ် စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အိမ်ထောင်ရှင်တွေကတော့ ဧည့်များလာတတ်ပါတယ်။ မလာဘူးတဲ့ဆွေမျိုးတွေတောင် အလည်ရောက်လာတတ်ပါတယ်။

ထီဝါသနာပါရင် တနင်္လာနံထီဆိုင်မှာ ၂၊ ၉၊ ၄၊ ၅ ဂဏန်းတွေ များများပါအောင်ထိုးပါ။

ကိုယ့်နာမည်ကိုကြည့်ပါ။ သောကြာစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ သက်စံ၊ သင်းစွဲ၊ ဟန်ညို ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေပြီဆိုရင်တော့ အပျော်အပါး၊ လောင်းကစားလျှော့ပါ။ ရန်မဖြစ်ပါနဲ့။ ရလေဖြုန်းလေမဖြစ်ပါစေနဲ့။

သောကြာသားသမီးများ-

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇၊ ၁၀၅ ဆိုတဲ့နှစ်တွေရောက်ပြီဆိုရင်-

အင်္ဂါနာမည်ရှင်တွေကတော့ အသင့်အတင့်အကျိုးပေးတယ်လို့ ပြောရတော့မှာပဲ။ တိုင်ပင်လို့တော့ရပါတယ်။ ဒါပေမယ့် စိတ်တွေနှစ်မျိုးနှစ်ခွဖြစ်ဖြစ်သွားသလိုမျိုး၊ အခုသွားတွေ့ချင် အခုသွားမတွေ့ချင်တော့ဆိုတာမျိုးတွေဖြစ်ဖြစ်သွားတတ်ပါတယ်။ အင်္ဂါစပြီး ကြာသပတေးပိတ်မှည့်ထားတဲ့ စံပိုင်၊ စိုးပု၊ ဇင်မှူ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

ဗုဒ္ဓဟူး အကျိုးပေးပြန်ပါတယ်။ ဒါပေမယ့် အသွားအလာ



www.burmeseclassic.com

www.burmeseclassic.com



များနေတတ်သူ၊ အလုပ်များနေတတ်သူဖြစ်တတ်လို့ ကိုယ်ကစိတ်ရှည်ပြီး အချိန်ပေးရပါလိမ့်မယ်။

တနင်္ဂနွေလည်းကောင်းပါတယ်။ တဖြည်းဖြည်းနဲ့ကို အကျိုးပေးမှာပါ။

စနေကျတော့ နှုတ်၏စောင်မခြင်းလောက်ပဲရပါလိမ့်မယ်။ သူ့မှာတောင် အခက်အခဲတွေဖြစ်နေတတ်ပါတယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်လို့ကောင်းပါတယ်။ စီးပွား စပ်ရင်တော့ အကျိုးမပေးတော့ပါဘူး။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ကားလုပ်ငန်းတွေ ဒီနှစ်မှစမယ်ဆိုရင် စဉ်းစားပါ။ ကျောက်နဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ဒီနှစ်မှစမယ်ဆိုရင် စဉ်းစားပါ။ ငွေကြေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေဆိုရင်လည်း အကျိုး မပေးပါဘူး။ သွားမလုပ်ပါနဲ့။ ဆုံးတတ်ပါတယ်။

ခါးနာအောင် အလေးအပင်တွေမ မပါနဲ့။

သွေးတိုးရှိထားသူတွေ ဒီနှစ်ကတော့ အငန်ကို ရန်သူလို သဘောထားပြီး ရှောင်ပါ။ ဖြစ်နိုင်သမျှ လျှော့စားပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေ ကပ်လှူပူဇော်ပြီး ယပ်တော်သွင်းပါ။ သရဏဂုံ-၃၀ကို အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပါ။ မရရင် သရဏဂုံကို ပုတီးစိပ်ပါ။

ငှက်စာကို အမြဲလိုလိုကျွေးပါ။ ငါးလေးတွေကို ခဏခဏ အစာကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးလိုအပ်ရင် ရတနာသုတ်တော်ကို အမြဲဖွင့်နှုတ်ရွတ်ပါ။ လေထိုးလေနာဖြစ်တတ်ပါတယ်။ နှလုံးနားမှာလေတွေကျပ်နေသလိုမျိုးဖြစ်တတ်လို့ လေချုပ်မခံပါနဲ့။ ခြေအေးမခံပါနဲ့။ ဖြစ်နိုင်သမျှ ပန်ကာလေမခံပါနဲ့။ လက်တွေထုံသွားတတ်ပါတယ်။ ဆေးခဏခဏလှူပေးပါ။ လမ်းများများလျှောက်ပါ။ အာနာပါနကို နေ့စဉ် နာရီဝက်လောက်ရှုမှတ်ပေးပါ။

ပညာရေးကံတွေကောင်းပါတယ်။ မလိုက်နိုင်ခဲ့ရင်တောင်မှ ကြိုးစားမှုဝီရိယကြောင့် အောင်မြင်မှုတွေရပါလိမ့်မယ်။

လုပ်ငန်းခွင်ရာထူးတိုးဖို့ ကြားနေသူများတိုးပါပြီ။

အလုပ်စာမေးပွဲတွေ ဖြေဆိုအောင်မြင်ပါလိမ့်မယ်။

လုပ်ငန်းသစ်စတင်ချင်ရင် ကြာသပတေးနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ချစ်တတ်သူတွေကတော့ ဒီနှစ် လျှော့ရဲရဲနိုင်ပါလိမ့်မယ်။ ဒိပြင်စိတ်ညစ်စရာတွေကြောင့် ချစ်သူနဲ့ စကားပြောရတာတောင် အပေါက်အလမ်းမတည့်ဖြစ်တတ်ပါတယ်။ ငှက်လေးတွေကို ခဏခဏ အစာကျွေးပါ။

ကားမောင်းအထူးဆင်ခြင်ရမှာဖြစ်သလို-

ဆိုင်ကယ်စီးလည်း အထူးဆင်ခြင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၅)တိုင် ထွန်းညှိပူဇော်ပြီး သရဏဂုံရွတ်ပြီးမှသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ထီဝါသနာပါရင် အင်္ဂါနံ့ထီဆိုင်မှာ ၃၊ ၅၊ ၄၊ ၈၊ ၁ ဆိုတဲ့ ဂဏန်းတွေများအောင်ထိုးပါ။

ရှက္ခစိုးကြီးတွေကို ဒါနပြုပေးပါ။ အမျှဝေ၊ မေတ္တာပို့ပေးပါ၊ မိဆိုင်ဖဆိုင်ရှိးရာနတ်များကို မေတ္တာပို့၊ အမျှဝေပေးပါ။

❑



www.burmeseclassic.com

www.burmeseclassic.com

## စနေသားသမီးများ

**စနေသားသမီးများ -**

အသက် ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃၊ ၁၀၁ ဆိုတဲ့နှစ်တွေကို ရောက်နေရင် -

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဗုဒ္ဓဟူးနံတွေ အကျိုးပေးနေပါတယ်။ ဒါပေမယ့် ဗုဒ္ဓဟူးစ၊ သောကြာ ပိတ်မှည့်ထားတဲ့ လှသံ၊ ဝေသစ်၊ ရန်သူ ဆိုတဲ့ နာမည်တွဲမျိုးတွေ ဖြစ်နေပြီဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

တနင်္ဂနွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ချက်ချင်း တော့ အကျိုးမပေးဘဲ တအိအိနဲ့သာ အကျိုးပေးပါလိမ့်မယ်။

စနေက အကျိုးတော့ပေးပါရဲ့။ မိတ်ဟောင်းဆွေဟောင်း စနေဖြစ်ရင်တော့ ပိုအကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့ နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွား စပ်ရင်သာ အကျိုးမပေးတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



(၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ သတိထားရှောင်ပါ။ မလိုအပ်ဘဲ စိုက်ပေးရတာတွေဖြစ်ကုန်တတ်ပါတယ်။ ကြားကလည်း အာမမခံပါနဲ့။ အမွေကိစ္စတွေလည်း မလုပ်ပါနဲ့။ မြေကိစ္စ၊ ကားကိစ္စတွေဆိုရင်လည်းရှောင်ပါ။ များသောအားဖြင့် ကိုယ်စိုက်နေရတတ်ပါတယ်။

စက်မှုလက်မှုနဲ့ဆိုင်တဲ့ကိစ္စတွေဆိုရင် အဖျားရှူးရှူးသွားတတ်ပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ်နဲ့ ပတ်သက်ရင်တောင် ဂရုစိုက်ပါ။ သူများလာပေးတဲ့ စက်ပစ္စည်းအဟောင်းတွေ လုံးဝမဝင်ပါစေနဲ့။ ကျန်းမာရေးအရ ဆေးသောက်ရင်တောင် ကိုယ့်သဘောကိုယ့်စိတ်နဲ့ မသောက်ပါနဲ့။

အခါးကို တည့်တယ်ဆိုပြီး အလွန်အကျွံမစားပါနဲ့။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ ယပ်တော်သွင်းပါ။ ဗုဒ္ဓါနုဿတိဘာဝနာ စီးဖြန်းပါ။ အချိန်မရရင် ဂုဏ်တော်ကို အသံထွက်ပြီး ရွတ်ဖတ်ပူဇော်ပါ။ ငှက်လေးတွေကို အစာကျွေးပါ။ အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာ (၁၀၈) ခေါက် ရွတ်ပါ။ လာဘ်လာဘနဲ့ဆိုင်ရင် ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။ ရှင်သီဝလိရဟန္တာကြီးကို သစ်သီးဆွမ်းကပ်ပြီး ရှင်သီဝလိဂါထာကို ရွတ်ပါ။ အတိုက်အခံများလွန်းရင် ရှင်ဥပဂုတ္တရဟန္တာကြီးကို အလင်းတိုင်ထွန်းပူဇော်ပြီး ရှင်ဥပဂုတ္တပရိတ်တော်ကိုရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသစ် စတင်ချင်ရင် သောကြာနေ့ မနက် (၇)နာရီမှာ စတင်ပါ။

ပညာရေးကံတွေကောင်းချင်ပေမယ့် ဟိုသွားချင်ဒီလာချင်ဖြစ်နေတာမျိုး၊ အဆော့မက်နေတာမျိုးတော့ ဆင်ခြင်ရပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ အလုပ်တို့၊ အိမ်တို့ အပြောင်းအလဲတွေကြောင့် စိတ်ညစ်နေကြရတတ်တာကလွဲလို့ တခြားပြဿနာမရှိပါဘူး။ ငှက်လေးတွေတော့ကျွေးပါ။

အိမ်ထောင်ရှင်တွေကတော့ သူများအပူတွေလာလာညည်းတာကို အကြာကြီး နားစွဲအောင် နားမထောင်ပါနဲ့။ အကြောင်းအမျိုးမျိုးနဲ့ ပိုက်ဆံတွေကုန်တတ်ပါတယ်။ နည်းနည်းရရင် ရွှေနည်းနည်းကာစုပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို သွားပါ။ ဂြိုဟ် (၈) ခွင်လုံးမှာ ရွက်လှတွေ ဝေနေအောင်ကပ်လှူပြီးမှ ဂြိုဟ် (၈) ခွင်လုံးမှာရှိတဲ့ ရုပ်ပွားတော်မြတ်များကို ရေသပ္ပာယ်ပါ။ ပြီးမှ လိုရာသွားပါ။

ဒီနှစ် လုပ်ငန်းအပြောင်းအလဲတွေရှိနေပါတယ်။ ကောင်းပါတယ်။ ရွှေ့ဖတ်သရုရွှေ့ယာယ်တာ အားနည်းရင်တော့ ပြောင်းရွှေ့ရတာ စိတ်နည်းနည်းညစ်ရပါလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းတွေဆိုခဏရပ်သွားတတ်ပါတယ်။ ကျင့်ကြံအားထုတ်ပါ။

ထီဝါသနာရင် ဗုဒ္ဓဟူးနံ့ထီဆိုင်မှာ ၄၊ ၈၊ ၆၊ ၇ ဂဏန်းတွေများအောင်ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



**စနေသားသမီးများ-**

အသက် ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄၊ ၁၀၂ ဆိုတဲ့နှစ်တွေရောက်နေရင်-

အကောင်းဆုံး အကျိုးပေးတာ စနေနံတွေပါပဲ။

အောင်မြင်လိုတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် စနေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် စနေ၊ တနင်္လာပိတ်မှည့်ထားတဲ့ ထွန်းခ၊ တင်ကံ၊ ထားကို ဆိုတဲ့ နာမည်တွဲမျိုးတွေဖြစ်နေရင်တော့ အကျိုးမပေးတော့ပါဘူး။

သောကြာနာမည်ရှင်တွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် အခု အကျိုးပေးလိုက်၊ တော်ကြာ လွဲသွားလိုက်ဖြစ်ဖြစ်သွားတတ်လို့ တစ်ခါတစ်ခါ စိတ်ဓာတ်ကျသွားတတ်ပါတယ်။ စိတ်ရှည်ပါ။

အင်္ဂါနာမည်ရှင်တွေကတော့ မိတ်ဟောင်းဆွေဟောင်းဖြစ်နေရင်တော့ ပိုပြီးအကျိုးပေးပါလိမ့်မယ်။

တနင်္လာနာမည်ရှင်တွေကတော့ ကောင်းကောင်း၊ ဆိုးဆိုး ဆက်ဆံနေရမှာပါ။ သည်းခံပါ။

ကျန်တဲ့ နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်ရင်တော့ အကျိုးမပေးတော့ပါဘူး။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ရွှေလုပ်ငန်း၊ ရေလုပ်ငန်းတွေကို ဒီနှစ်မှ စလုပ်မယ်ဆိုရင် စဉ်းစားပါ။ လုပ်လက်စတွေဖြစ်နေရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးသူတွေနဲ့ တိုင်ပင်ပြီး ပြုလုပ်ပါ။ လိုအပ်ရင် အကြံဉာဏ်ယူပါ။ အိမ်ဆောက်ရင် တော်တော်နဲ့ အပြီးမသတ်တတ်လို့၊ နှစ်ဆကုန်တတ်လို့ နံသင့်သူတွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အလုပ်သမား နှစ်ဖွဲ့၊ သုံးဖွဲ့လောက်ပြောင်းသွားတတ်ပါတယ်။

အိမ်ကိစ္စ၊ မြေကိစ္စ၊ ရွှေကိစ္စတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ အာမမခံပါနဲ့။ ကိုယ်ကြားညပ်သွားတတ်ပါတယ်။

အင်းတွေ၊ အဆောင်တွေမဝင်ပါစေနဲ့။ ပျက်နေရင်တောင်စွန့်ထုတ်ပစ်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးရင် ဘုရားရှင်ကို သောက်တော်ရေကပ်လှူပါ။ စနေနံများနှင့် ဆွမ်းတော်ကပ်လှူပါ။ ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းပါ။ အချိန်ပေးနိုင်သူများက ဓာတ်ကြီးလေးပါးဆွမ်း မကြာခဏကပ်လှူပါ။ နံနက်စောစော အရဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်တွေကို အရဏ်ဆွမ်းလောင်းလှူပါ။

ပညာရေးကံတွေကောင်းပါတယ်။ အိပ်ရေးပျက်မခံပါနဲ့။ အာရုံကြောတွေညောင်းလာတဲ့အထိ မဆော့ပါနဲ့။

ချစ်တတ်သူတွေကတော့ အဆင်ပြေကြပါလိမ့်မယ်။ အလုပ်နဲ့ပတ်သက်တဲ့စကားပြောရင်း စကားပြောမှားသွားတတ်လို့ သတိတော့ထားပါ။

လုပ်ငန်းသစ်စတင်ချင်ရင် စနေနေ့ မနက် (၉) နာရီတိတိမှာ စတင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထီဝါသနာပါရင် စနေနံ့ထီဆိုင်မှာ (၇) ဂဏန်းတွေ အများဆုံးပါနေအောင်ထိုးပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပြီးမှ လိုရာသွားပါ။

အိမ်မှာရှိတဲ့ ဘုရားဆောင်က ဘုရားမှာ ကနက္ကဒဏ် ပိတ်ထီးဖြူ ပူဇော်ထားလို့ နွမ်းနေ၊ မည်းနေရင် စွန့်ပြီး အသစ်လဲလှယ် ပူဇော်ပါ။

စိတ်ဝေဒနာရှင်တွေကို မရရအောင်ရှာဖွေပြီး ငွေ၊ အာဟာရ ထောက်ပံ့ပါ။

စကားခဏခဏမှားတတ်တဲ့နှစ်ဖြစ်နေပါတယ်။ ဖခင်ကို ခဏခဏပြန်ပြောတတ်တဲ့နှစ်ဖြစ်နေပါတယ်။ ဆင်ခြင်ပါ။

**စနေသားသမီးများ-**

အသက် ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၃၁၊ ၃၂၊ ၃၉၊ ၄၀၊ ၄၇၊ ၄၈၊ ၅၅၊ ၅၆၊ ၆၃၊ ၆၄၊ ၇၁၊ ၇၂၊ ၇၉၊ ၈၀၊ ၈၇၊ ၈၈၊ ၉၅၊ ၉၆ ဆိုတဲ့နှစ်တွေရောက်နေပြီဆိုရင်-

ကြာသပတေးနံ့တွေသာ အကျိုးပေးသလောက်ရှိပါတယ်။ ဒါတောင် ထင်သလောက် မဟုတ်သေးပါဘူး။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီလိုအပ်လျှင်ယူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ ကြာသပတေးစ၊ စနေပိတ်မှည့်ထားတဲ့ ပြုံးသက်၊ မိုးနေ၊ မြတ်တိုး ဆိုတဲ့ နာမည်တွဲမျိုးတွေဆိုရင် မတိုင်ပင်ပါနဲ့တော့။ အကျိုးမပေးတော့ပါဘူး။

သောကြာလည်း အကျိုးပေးပါရဲ့။ ဒါပေမယ့် သူ့မှာအလုပ်များလွန်းလို့ မနားမနေလှုပ်ရှားသွားလာနေရတာကြောင့် ကိုယ်ကသူ့ကိုတွေ့ဖို့အချိန်ပေးရမှာဖြစ်ပါတယ်။

အင်္ဂါလည်း အကျိုးပေးပါတယ်။ အခက်အခဲတွေကြားထဲကနေ အကျိုးပေးမှာမို့ ကိုယ်ကစိတ်ရှည်ရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်ရင်တော့ အကျိုးမပေးတော့ပါဘူး။

(၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှစပြီး ရွှေနဲ့ပတ်သက်တဲ့လုပ်ငန်းတွေလုပ်တော့မယ်ဆိုရင်တော့ စဉ်းစားပါ။ သူများပြောတိုင်းမလုပ်ပါနဲ့။ ငွေကြေးနဲ့ပတ်သက်တဲ့ကိစ္စတွေဆိုလည်းရှောင်ပါ။ ကိုယ်ကသူများကိုချေးရင်လည်း ဆုံးတတ်သလို ကိုယ့်မှာလည်းအခက်အခဲတွေဖြစ်တတ်ပါတယ်။ ကိုယ်က ပေးရမယ့်ငွေဆိုရင်လည်း အထကိုမမြောက်နိုင်ဖြစ်ပြီး မပေးနိုင်ဖြစ်နေတတ်ပါတယ်။ အဓိကကတော့ ငွေကြေးကိစ္စတွေပါပဲ။ လုပ်ငန်းခွင်ထဲမှာ ငွေကြေးနဲ့ပတ်သက်တဲ့ စာရင်းဇယားတွေ ကိုင်တွယ်ရရင်လည်း အထူးဂရုစိုက်ပါ။ စိုက်ဆပ်ရတတ်ပါတယ်။ စာရင်းတွေကွာတတ်ပါတယ်။ အများနဲ့ဆိုင်တဲ့ငွေတွေကို ကိုင်တွယ်ရတဲ့အလုပ်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အတိအကျပြုလုပ်ပါ။

သူများက လာပြောပေမယ့် ကိုယ်မကျွမ်းကျင်တဲ့ စီးပွားရေး မှန်သမျှမလုပ်ပါနဲ့။ ဘယ်လောက်ပဲမက်လုံးပေးပေးမလုပ်ပါနဲ့။ မကျွမ်းကျင်ဘဲ ရင်းနှီးမြှုပ်နှံမှုတွေမလုပ်ပါနဲ့။ သူများစားဖို့ချည်း ဖြစ်တတ်ပါတယ်။

အလုပ်ထဲမှာမပျော်ဘဲဖြစ်နေတတ်ပါတယ်။ ကိုယ်ဘယ် လောက်အရည်အချင်းရှိရှိ မထင်ပေါ်တတ်ပါဘူး။ ဒါကြောင့် မကြာ မကြာ မခံချင်စိတ်တွေဖြစ်လာတတ်ပြီး အလုပ်ထွက်ချင်ပြောင်း ချင်တွေ ဖြစ်လာတတ်ပါတယ်။ ပြောင်းလည်း မထူးပါဘူး။

ကိုယ်က လုပ်ငန်းတည်ထောင်ထားပြန်ရင်လည်း လူယုံ တွေ၊ အောက်လူတွေကြောင့် စိတ်နည်းနည်းညစ်ရတတ်ပါတယ်။ အလုပ်ကိုရပ်ပစ်ရမှာလား၊ ဆက်လုပ်ရမှာလားတွေဖြစ်လာတတ် ပါတယ်။ အထူးသဖြင့် ကားလုပ်ငန်းလုပ်သူတွေမှာ ကြုံတတ် ပါတယ်။

ဒါကြောင့် နံသင့်တဲ့သူတွေနဲ့ပဲ ဘာမဆိုလုပ်ပါ။

မိသားစု မကျေလည်မှုတွေခဏခဏဖြစ်တတ်လို့ စိတ်ဖိစီး မှုတွေများနေရင်-

လုပ်ငန်းခွင်ထဲမှာ ဖိအားတွေများလွန်းလို့ စိတ်ဖိစီးမှုတွေ များနေရင်-

ရန်တွေများနေရင်-

အိမ်နဲ့နီးရာ ဘုရားစေတီကို ခြေကျင်လျှောက်သွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်တော်မှာ တံမြက်စည်းတွေလှည်း၊ အမှိုက်တွေကောက်ပါ။ ပြီးမှ လက်ဆေးပြီး ၂၄-ပစ္စည်းကို (၂၄) ခေါက် ထိုင်ရွတ်ပါ။ ဘုရားရှင်ကို ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိ ပူဇော်ပါ။

ဘုရားမှာ ကျွမ်းနေတဲ့ မီးလုံး၊ မီးချောင်းတွေကို အစားဝယ်ထည့်ပြီး ကုသိုလ်ပြုပါ။ မကြာမကြာပြုလုပ်ပါ။

အလုပ်မှာ စိတ်ဖိစီးမှုတွေများများလာပြီး အစာကို အချိန်မမှန်တော့လို့ ဗိုက်နဲ့ပတ်သက်တဲ့ကျန်းမာရေးဖြစ်လာတတ်ပါတယ်။ အစာကိုအချိန်နဲ့စားပါ။ အာရုံကြောတွေခဏခဏအနားပေးပါ။ ဖြစ်နိုင်ရင် ဘာသာရေးနဲ့ဆိုင်တဲ့သင်တန်းမျိုးဖြစ်စေ၊ လောကီပညာရပ်များနဲ့ဆိုင်တဲ့သင်တန်းများဖြစ်စေ သင်တန်းတက်လိုက်ပါ။

အချိန်ပေးနိုင်ရင် အစိဋ္ဌာန်ဝင်ပါ။

ခါတိုင်းကျင့်ကြံအားထုတ်ရင် ခုဒီနှစ်ပိုပြီးကျင့်ကြံအားထုတ်ပါ။

မရဘူးသေးတဲ့ပညာရပ်တွေရပါလိမ့်မယ်။ စိတ်လည်းချမ်းသာလာပါလိမ့်မယ်။

တစ်နှစ်လုံးကတော့ မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပြီးသော် သောက်တော်ရေ ကပ်လှူပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ပါ။ မေတ္တသုတ်များများရွတ်ပြီး မေတ္တာပို့ပါ။

အချိန်ကိုရအောင်ယူနိုင်ရင် ပဋ္ဌာဝါရပဋ္ဌာန်းရွတ်ပြီး ပူဇော်ပါ။ ထူးခြားအောင်မြင်မှုတွေများလာပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ကတော့ နေ့စဉ် မဖြစ်မနေ ရွတ်ဖတ်ပူဇော်ဖို့ အဓိဋ္ဌာန် ပြုပြီး ပဌာန်းရွတ်နိုင်ရင်တော့ အောင်မြင်လာမယ့်နှစ်ပါပဲ။ ဘာ တွေပဲ စိတ်ညစ်စရာရှိရှိ ပြေပျောက်သွားမှာပါ။

ငှက်လေးတွေကို အစာကျွေးပါ။

ကျန်းမာရေးလိုအပ်ရင် ပရိမိတ္တဇာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မဟာသမယသုတ်တို့ကို အဓိဋ္ဌာန်နဲ့ ရွတ်ဖတ်ပူဇော်ပါ။ ထမင်းစား တိုင်း ဖုဿသဂါထာကိုရွတ်ပြီး စားပါ။ ဆေးလှူပေးပါ။ လမ်းများ များလျှောက်ပေးပါ။ ဝမ်းချုပ်မခံပါနဲ့။ လေ့ကျင့်ခန်းလုပ်ပါ။ အလွန် အကျွံမဖြစ်ပါစေနဲ့။

ရွှေ-နဂိုရှိတာဝတ်လို့ရပါတယ်။ ထပ်ဝယ်မယ်ဆိုရင်တော့ စဉ်းစားပါ။ ရွှေရောင်၊ အနီရောင်တွဲဝင်လာရင် စိတ်ညစ်ရတတ်ပါ တယ်။

အင်းတွေ၊ လက်ဖွဲ့တွေ၊ အဆောင်တွေ ဝင်လို့မရပါဘူး။ ရှိနေရင်လည်း ကျိုးပဲ့နေရင်စွန့်ပါ။ ဘုရားဆောင်မှာ ရတနာမြတ် (၃) ပါးကလွဲရင် ကျန်တဲ့ မလိုတဲ့ပစ္စည်းတွေ ဖယ်ပစ်ပါ။ ဒါမှသာ မိသားစုစိတ်ချမ်းသာမှာပါ။ ဒီကြားထဲ အပူသောကအရမ်းများ တဲ့သူတွေလာညည်းရင်လည်း အားရပါးရ စိတ်ဝင်တစား နား မထောင်ပါနဲ့။ ကူညီစရာရှိရင်တော့ ကူညီပေးလိုက်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ ကြိုးစားလေ အောင်မြင် လေပါပဲ။ ပညာတော်သင်ခရီးတွေတောင်သွားရပါလိမ့်မယ်။

ချစ်တတ်သူတွေလည်း အဆင်ပြေပါတယ်။ တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နှိမ်သလိုဖြစ်သွားစေနိုင်တဲ့စကားမျိုးသာ မပြောမိပါစေနဲ့။ စကားပြောဆင်ခြင်ပါ။

အိမ်ထောင်ရှင်တွေကတော့ ကိုယ့်မိသားစုနဲ့မဆိုင်တဲ့ကိစ္စတွေကြောင့် စကားများရတတ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးနားလည်ပေးပါ။

အကျိုးပေးတဲ့လုပ်ငန်းသစ် စတင်ချင်ရင် စနေနေ့မနက် (၉) နာရီတိတိမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် နီးရာ ဘုရားတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာသွားပါ။

ထီဝါသနာပါရင် ကြာသပတေးနာမည်ထီဆိုင်မှာထိုးပါ။ ၅၊ ၆၊ ၃ ဂဏန်းတွေများအောင်ထိုးပါ။

ကိုယ့်နာမည်ကိုကြည့်ပါ။ စနေ၊ ကြာသပတေးပိတ်မှည့်ထားတဲ့ တင်ဖြူ၊ တိုးပိုင် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေပြီဆိုရင်တော့ ရန်မဖြစ်ပါနဲ့။ ငွေကြေးအရှုပ်အရှင်းတွေရှောင်ပါ။ လောင်းကစားရှောင်ပါ။

**စနေသားသမီးများ-**

အသက် ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုရင်-

အကောင်းဆုံးအကျိုးပေးတာ တနင်္ဂနွေနံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်ကိစ္စပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် တနင်္ဂနွေစ သောကြာပိတ်မှည့်ထားတဲ့ အံ့သာ၊ အောင်သွယ်၊ အုန်းသား ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ အကူအညီမကောင်းပါနဲ့တော့။ မတိုင်ပင်ပါနဲ့တော့။

ကြာသပတေးလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် ပထမတော့ အဆင်ပြေပြီး နောက်ပိုင်းမှာ သူက ပြောင်းရွှေ့ရ၊ အလုပ်များလို့ သွားရလာရနဲ့မို့ ကိုယ်ကစိတ်ရှည်ရှည်ထားရပါလိမ့်မယ်။ စိတ်မြန်လို့မရပါဘူး။

ဗုဒ္ဓဟူးလည်း အကျိုးပေးပါတယ်။ တဖြည်းဖြည်းနဲ့အကျိုးပေးပါတယ်။ အချိန်လေးတော့စောင့်ရတာပေါ့။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်တော့မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ရန်တွေကတော့ ဒီနှစ်ထဲမှာ သူများပြဿနာကြားထဲမဝင်သင့်ပါဘူး။ သူများရန်ဖြစ်တဲ့ကိစ္စတွေလည်း အာမမခံရပါဘူး။ ငွေကြေးလည်း အာမမခံပါနဲ့။ ကြားညပ်သွားတတ်ပါတယ်။

ငွေကြေးအရှုပ်အရှင်းတွေမှန်သမျှရှောင်ပါ။

မကျွမ်းကျင်တဲ့အလုပ်တွေမလုပ်ပါနဲ့။

ကားလုပ်ငန်းတွေကို ဒီနှစ်ထဲမှာမှ စပြီးလုပ်မယ်ဆိုရင် ရှောင်ပါ။ သူများစားဖို့ဖြစ်သွားပါလိမ့်မယ်။ လူမျိုးကွဲတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စပ်တူလုပ်မယ်ဆိုရင်လည်း အကျိုးမပေးပါဘူး။ ကျောက်လုပ်ငန်းတွေလုပ်တော့မယ်ဆိုရင်လည်း အကျိုးမပေးပါဘူး။ စက်ပစ္စည်းဟောင်းတွေမဝင်ပါစေနဲ့။ သူများအပ်တဲ့ စက်ပစ္စည်းတွေကြောင့် ပြဿနာတွေရှင်းရတတ်ပါတယ်။ အထည်လုပ်ငန်းတွေလုပ်ကြမယ်ဆိုရင်လည်း ဒီနှစ် အကျိုးမပေးပါဘူး။ သူများအတွက်ချည်းပဲလုပ်ပေးနေရသလိုဖြစ်နေတတ်ပါတယ်။

ကိုယ်နဲ့အကျိုးပေးတဲ့လုပ်ငန်းသစ်စချင်ရင် သောကြာနေ့မနက် (၇) နာရီတိတိမှာ စတင်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သောက်တော်ရေကပ်ပါ။ အကြော်ဆွမ်းတော်ကပ်ပါ။ ပြီးရင် ရွှတ်ဖတ်နေကျ ရွှတ်ဖတ်ပူဇော်ပါ။ ပုတီးစိပ်နေကျစိပ်ပါ။

အတိုက်အခံများရင် သမ္ဗုဒ္ဓေဂါထာကို ပုတီးစိပ်ပါ။

ကျန်းမာရေးလိုအပ်ရင် ရတနာသုတ်ကို အမြဲ့နာန်နဲ့ရွှတ်ပါ။

ဒူးအဆစ်တွေ၊ အကြောတွေနဲ့ပတ်သက်တဲ့ ကျန်းမာရေးကို ဂရုစိုက်ရပါလိမ့်မယ်။ အချဉ်တွေ၊ အငန်တွေကို လွန်ကဲအောင်မစားပါနဲ့။ လမ်းများများလျှောက်ပါ။

ပညာရေးကံတွေကောင်းပါတယ်။ ရပါတယ်ဆိုပြီးတော့သာအဖျားရှူးမသွားပါစေနဲ့။ ဆက်ဆက်ကြိုးစားပါ။

အလုပ်အကိုင်ရဖို့လျှောက်ထားသူတွေရပါပြီ။

ချစ်တတ်သူတွေကတော့ ငှက်လေးတွေအစာကျွေး၊ ငှက်လေးတွေလွှတ်ပေးပါ။ ကိုယ့်ချစ်သူကို သူများနဲ့ နှိုင်းယှဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောပါနဲ့။ ဥပမာ ဘယ်သူတို့များ သူ့ချစ်သူကို ဘယ်လို ချစ်တာ ဆိုတာမျိုးပေါ့။ ကိုယ့်ချစ်သူကလည်း ကိုယ့်အပေါ် သစ္စာ ရှိနေမယ်ဆိုတာ ယုံထားပါ။

လုပ်ငန်းသစ် စတင်ချင်ရင် သောကြာနေ့ မနက် (၇) နာရီ တိတိမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွား ပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၁၀)တိုင် ထွန်းညှိ ပြီးမှသွားပါ။

ထီဝါသနာပါရင် တနင်္ဂနွေနံထီဆိုင်မှာ ၁၊ ၆၊ ၄၊ ၈ ဂဏန်း တွေများအောင်ထိုးပါ။

ကိုယ့်နာမည်ဟာ စနေစ၊ အင်္ဂါပိတ်မှည့်ထားတဲ့ တင်ဖွဲ၊ ထွန်းစည် ဆိုတဲ့ နာမည်တွဲမျိုး ဖြစ်နေရင်တော့ ဒုစရိုက်၊ လောင်း ကစား လုံးဝရှောင်ပါ။ အပျော်အပါးရှောင်ပါ။ ရန်မဖြစ်ပါနဲ့။

**စနေသားသမီးများ-**

အသက် ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈ ဆိုတဲ့နှစ်တွေကိုရောက်ပြီဆိုတာနဲ့-

အကောင်းဆုံးအကျိုးပေးတာ တနင်္ဂနွေနံတွေပါပဲ။

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အောင်မြင်လိုတဲ့ ဘယ် ကိစ္စကိုပဲဖြစ်ဖြစ် တနင်္ဂနွေနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မယ်။ တနင်္ဂနွေစပြီး အင်္ဂါပိတ်မှည့်ထားတဲ့ အုန်းဖွဲ၊



www.burmeseclassic.com

www.burmeseclassic.com



အုန်းစိမ်း၊ အေးစာ ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

တနင်္လာလည်း အကျိုးပေးပါတယ်။ အလုပ်များတဲ့တနင်္လာ၊ အသွားအလာများတဲ့တနင်္လာဖြစ်နေတတ်လို့ သူက ငါ့ကို အပြောပဲရှိပြီး ကူကောကူညီပါ့မလားလို့တောင် တွေးတတ်ပါတယ်။ စိတ်ရှည်ပါ။ ကူညီမှာပါ။

ကြာသပတေးအကျိုးပေးပုံက တစ်မျိုး။ ရရစေမယ်၊ ဖြစ်တယ်၊ လုပ်ပေးမယ်ဆိုပြီး သူ့ခများတောင် အလုပ်တွေပိနေတတ်လို့ ကိုယ်ကတဖြည်းဖြည်းအချိန်ယူရပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်မယ်ဆိုရင်သာ အကျိုးမပေးတာပါ။

(၆) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ် စုပေါင်းပြီး ငွေစုရင် သတိထားပါ။ ငွေပြသနာမှန်သမျှဝေးဝေးကရှောင်ပါ။ ကိုယ်နဲ့မနီးစပ်တဲ့စီးပွားမျိုးကို သူများပြောတိုင်းမလုပ်ပါနဲ့။

သစ်လုပ်ငန်း၊ အနုပညာနဲ့ဆိုင်တဲ့လုပ်ငန်း၊ အလှအပနဲ့ဆိုင်တဲ့လုပ်ငန်းမှန်သမျှ ဒီနှစ်မှစလုပ်မယ်ဆိုရင် အကျိုးမပေးပါဘူး။ လုပ်လက်စဖြစ်နေရင်တောင် သတိထားလုပ်ပါ။ မလိုအပ်ဘဲအကုန်အကျတွေများနေတတ်ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ငွေကုန်တတ်ပါတယ်။ အဆောက်အအုံနဲ့ ပတ်သက်တဲ့လုပ်ငန်းမှန်သမျှ ကောင်းပါတယ်။ ဝယ်ရင်လည်း အကျိုးပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့တူးမယ်ဆိုရင် မဖြစ်နိုင်ပါဘူး။ အထည်အလိပ်လုပ်ငန်းဆိုရင်လည်း အဖျားရှုးသွားတတ်ပါတယ်။ လုပ်လက်စဆိုရင်တောင်မှ ငြိမ်နေတတ်ပါတယ်။ ငွေမချေးပါနဲ့။ ဘယ်ကိစ္စကိုမှစိုက်မလုပ်ပါနဲ့။ ပြန်တောင်းရခက်တတ်ပါတယ်။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ သောက်တော်ရေကပ်ပြီး အကြော်ဆွမ်းတော်ကပ်ပါ။ သရဏဂုံ-၃၀ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ အုန်းသီးစိတ်ဆွမ်းတော်ကပ်ပါ။

အကုန်အကျများနေရင် ငှက်လေးတွေကျွေးပါ။

ရက္ခစိုးကြီးတွေကို ညောင်ပင်တွေမှာ သွားသွားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်၊ သစ်သီးလှူပါ။ မေတ္တာပို့၊ အမျှဝေပါ။ မေတ္တာသုတ်ရရင် ရွတ်ပေးပါ။ ထူးထူးခြားခြား အကျိုးပေးလာပါလိမ့်မယ်။

ကျန်းမာရေးက အဆစ်အမြစ်လေးတွေနာတတ်ပါတယ်။ ဒူးမကောင်းဖြစ်တတ်ပါတယ်။ နာပေမယ့် လမ်းရအောင်လျှောက်လျှောက်ပေးပါ။ ဆေးခဏခဏလှူပေးပါ။

ရန်များရင် အောင်ခြင်း (၈) ပါးဂါထာကို ပုတီးစိပ်ပါ။ အင်းတွေ၊ အဆောင်တွေဝင်လာရင် ကောင်းပါတယ်။ အကျိုးပေးပါလိမ့်မယ်။ ကုန်တာကုန်တာပဲ၊ ဝင်တာဝင်တာပဲဖြစ်နေတတ်ပါတယ်။ ဘုရားဆောင်မှာ မီးလုံးမှိန်နေရင် လင်းအောင်ထားပါ။ အကျိုးပေးလာတာကြုံရပါလိမ့်မယ်။

အကျိုးပေးတဲ့လုပ်ငန်းသစ် စတင်ချင်ရင် အင်္ဂါနေ့ မနက်



www.burmeseclassic.com

www.burmeseclassic.com



(၇) နာရီမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၁၀)တိုင်ထွန်း၊ ဘုရားရှိခိုးပြီးရင် မေတ္တာပို့ပြီးမှသွားပါ။ ထူးဆန်းတဲ့ ဂမ္ဘီရပစ္စည်းတွေ ရလာတတ်ပါတယ်။ ကောင်းပါတယ်။

ပညာရေးကံတွေကောင်းပါတယ်။ ကြိုးစားလေ အောင်မြင်လေပါပဲ။ အရွယ်လေးရလာရင် စာကျက်တာ စွဲစွဲမြဲမြဲရှိဖို့တော့ လိုပါလိမ့်မယ်။

ချစ်တတ်သူတွေကတော့ ငွေကြေးနဲ့ပတ်သက်ပြီး အဆင်မပြေကြတဲ့အသံလေးတွေကြားရတတ်ပါတယ်။ ငှက်လေးတွေ ကျွေးပါ။ အနေအထိုင်လေးတော့ နည်းနည်းဆင်ခြင်ပါ။

ထီဝါသနာပါရင် တနင်္ဂနွေနံထီဆိုင်မှာ ၁၊ ၂၊ ၉၊ ၃ ဂဏန်းတွေ များအောင်ထိုးပါ။

ဒီနှစ်က နေရာတစ်နေရာမှာ ကြာကြာမနေချင်ဘဲ ဟိုသွားချင်ဒီသွားချင်ဖြစ်တတ်ပါတယ်။ လောင်းကစားတော့ရှောင်ပါ။

စနေသားသမီးများ-

အသက် ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁၊ ၉၉ ဆိုတဲ့နှစ်တွေ ရောက်ပြီဆိုတာနဲ့-

အကျိုးပေးတဲ့နံတွေကတော့ ဗုဒ္ဓဟူးနံတွေပါပဲ။

အရေးကြီးတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနာမည်ရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တိုင်ပင်ပြုလုပ်ပါ။ ဒါပေမယ့် ဗုဒ္ဓဟူးစ တနင်္လာပိတ်မှည့်ထား တဲ့ ဝေခ၊ လင်းကာ၊ ရှိန်းချစ် ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ အကျိုးမပေးတော့ပါဘူး။

အင်္ဂါလည်း အကျိုးပေးပါတယ်။ တစ်ဖက်ကလည်း အလုပ်များ၊ တစ်ဖက်ကလည်း ကူညီချင်စိတ်ရှိတဲ့အင်္ဂါဖြစ်နေတတ်လို့ ပြောရဆိုရတာ နှစ်ခွလိုဖြစ်နေပေမယ့် ကူညီပါလိမ့်မယ်။

စနေလည်း အကျိုးပေးပါတယ်။ တဖြည်းဖြည်းနဲ့ကို အကျိုး ပေးပါလိမ့်မယ်။

ကျန်တဲ့နာမည်ရှင်တွေက ခင်လို့ကောင်းပါတယ်။ စီးပွား စပ်ရင်သာ အကျိုးမပေးတော့တာပါ။

(၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ဒီနှစ်မှဝယ်မယ့်အိမ်ခြံမြေဆိုရင် အရှုပ် အရှင်းတွေဖြစ်တတ်ပါတယ်။ အကျိုးပေးတဲ့နာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အမွေကိစ္စလည်း မရသေးပါဘူး။ ဒီနှစ်စပြီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းစလုပ်မယ်ဆိုရင် စဉ်းစားပါ။ အိမ်ဆောက်ရင်လည်း အကျိုးပေးတဲ့သူတွေနဲ့သာဆောက်ပါ။ ကားလုပ်ငန်းကတော့ ခက်ခက်ခဲခဲနဲ့ အကျိုးပေးနေပါလိမ့်မယ်။ ရွှေရတနာလုပ်ငန်းတွေတော်တော်အကျိုးပေးပါလိမ့်မယ်။ လုပ်ငန်း တွေ အောင်မြင်ပါလိမ့်မယ်။

ဒီနှစ် လုပ်ငန်းတွေကောင်းလာပါပြီ။ ဒါပေမယ့် ကိုယ့်လုပ်ငန်း တွေမှာ လူမှုရေးအရှုပ်အထွေးတွေဖြစ်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို မျက်နှာသစ်တော်ရေကပ်လှူပြီး ယပ်တော်သွင်းပါ။ ဂုဏ်တော်ပုတီးစိပ်ပါ။ အတိုက်အခံများရင် ၂၄-ပန္နည်းကို အမိဋ္ဌာန်နဲ့ရွတ်ပါ။

ဆေးခဏခဏလှူပါ။ စိတ်ကျန်းမာရေးမကောင်းသူတွေကို ဆေး၊ ငွေ၊ အာဟာရ ထောက်ပံ့ပါ။

ပညာရေးအတွက် ကြိုးစားပါ။ ပညာရေးနဲ့ဆိုင်တဲ့ စာအုပ်တွေကို တစ်နေ့တစ်အုပ် ခေါင်းအုံးအောက်ထဲထားအိပ်ပါ။ ရွတ်ဖတ်တတ်တာကို ရွတ်ဖတ်ပါ။

ချစ်တတ်သူတွေကတော့ အဆင်ပြေပါတယ်။ အနီရောင်ပန္နည်းလေးတွေ လက်ဆောင်ပေးတာတော့ ရှောင်ပါ။

လုပ်ငန်းသစ် စတင်ချင်ရင် တနင်္လာနေ့ မနက် (၇) နာရီမှာ စတင်ပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၉)တိုင်ထွန်းညှိပူဇော်ပြီးမှ ဂြိုဟ် (၈) ခွင်စလုံးမှာ ရေသပ္ပာယ်ပါ။ ပြီးမှ လိုရာသွားပါ။

နေထိုင်မကောင်းတာတို့၊ အိမ်အတွင်းမှာ မိသားစုအဆင်မပြေတာတို့များလာရင် အင်းပျက်တွေ၊ အိုးပျက်တွေ စွန့်ထုတ်ပစ်ပါ။

ထီဝါသနာပါရင် ဗုဒ္ဓဟူးနံ့ထီဆိုင်မှာ ၄၊ ၈၊ ၂၊ ၉၊ ၃ ဂဏန်းတွေများအောင်ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ် စီးပွားရေးလုပ်ငန်းတွေ ဦးမော့လာပြီဆိုတာနဲ့ အပေါင်းအသင်းကြည့်ပေါင်းပါ။

**စနေသားသမီးများ-**

အသက် ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂၊ ၁၀၀ ဆိုတဲ့နှစ်တွေ ရောက်ပြီဆိုတာနဲ့-

အကျိုးပေးတဲ့ နံတွေကတော့ ကြာသပတေးနံတွေဖြစ်ပါတယ်။

အကျိုးပေးတဲ့ ဘယ်ကိစ္စကိုပဲဖြစ်ဖြစ် ကြာသပတေးနာမည်ရှင်တွေနဲ့ တိုင်ပင်ပြုလုပ်ပါ။ အကူအညီယူပါ။ အောင်မြင်ပါလိမ့်မယ်။ ဒါတောင်မှ ကြာသပတေး၊ အင်္ဂါပိတ်မှည့်ထားတဲ့ မိုးစီ၊ မြတ်ခွဲ၊ ဘဇင် ဆိုတဲ့ နာမည်တွဲမျိုးဆိုရင်တော့ မတိုင်ပင်ပါနဲ့တော့။

တနင်္လာတွေလည်း အကျိုးပေးပါတယ်။ ဒါပေမယ့် သူကိုယ်တိုင် အပြောင်းအရွှေ့တွေဖြစ်၊ ခရီးသွားရတာတွေဖြစ်နေတတ်လို့ ကိုယ်က စိတ်ရှည်မှဖြစ်ပါလိမ့်မယ်။ ခွဲရှိရပါလိမ့်မယ်။

သောကြာလည်း အကျိုးပေးပါတယ်။ မိတ်ဟောင်းဆွေဟောင်းထဲက သောကြာဆိုရင် ပိုအကျိုးပေးပါလိမ့်မယ်။

ကျန်တဲ့ နာမည်ရှင်တွေကတော့ ခင်ဖို့ကောင်းပါတယ်။ စီးပွားစပ်မယ်ဆိုရင်သာ အကျိုးမပေးတော့တာပါ။

(၇) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။

ရှောင်ဖို့တွေကတော့ ရွှေတူးတဲ့လုပ်ငန်း၊ လူမျိုးခြားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စပ်တူလုပ်ရတဲ့လုပ်ငန်းတွေလုပ်တော့မယ်ဆိုရင် စဉ်းစားပါ။

အထည်အလိပ်လုပ်ငန်းတွေ ဒီနှစ်မှစပြီးလုပ်မယ်ဆို အကျိုးမပေးတော့ပါဘူး။ စဉ်းစားပါ။ အဆောက်အအုံတွေနဲ့ပတ်သက်ရင်လည်း အကျိုးပေးသူတွေနဲ့သာ ပြုလုပ်ပါ။ ဒါမှသာ အောင်မြင်မှာပါ။

ပညာရေးကံတွေကောင်းတဲ့နှစ်ဖြစ်နေပါပြီ။ ကြိုးစားလေ အောင်မြင်လေပါပဲ။ ဆက်ကာဆက်ကာကြိုးစားပါ။

ချစ်တတ်သူတွေကတော့ ခုအဆင်ပြေလိုက်၊ တော်ကြာစကားအချေအတင်ဖြစ်လိုက်နဲ့ မကြာခဏစိတ်ဆင်းရဲရတတ်ပါတယ်။ ငှက်လေးတွေကို အစာကျွေးပါ။

ကျန်းမာရေးလိုအပ်သူတွေကတော့ ပရိမ်ဗွဇာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မဟာသမယသုတ်ရွတ်ဆိုပါ။ အမြဲသန့်ဝင်ပါ။ ဆေးခဏခဏလှူပေးပါ။

ခြေထောက်မကောင်းသူတွေတွေ့တိုင်း ငွေကြေးထောက်ပံ့ပါ။

လုပ်ငန်းသစ်စတင်ချင်ရင် အင်္ဂါနေ့ မနက် (၇) နာရီမှာ စတင်ပါ။

ထီဝါသနာပါရင် ကြာသပတေးနံထီဆိုင်မှာ ၅၊ ၃၊ ၆ ဂဏန်းတွေ များများပါအောင်ထိုးပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို သဘင်တော်ရေကပ်လှူပါ။ ပြီးရင် ယပ်တော်သွင်းပူဇော်ပါ။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ငှက်လေးတွေကို အစာကျွေးပါ။

အကြောင်းကိစ္စရှိရင် ဘုရားစေတီတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ပြီးမှလိုရာသွားပါ။

ဒီနှစ် အချိန်ရအောင်ယူပြီး ပဉ္စဝါရပဋ္ဌာန်းကို ရအောင်ပူဇော်ပါ။ အချိန်မရရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ပါ။ မေတ္တာသုတ်ရွတ်ပြီး မေတ္တာများများပို့ပါ။

အတိုက်အခံများလွန်းရင် ဘုရားစေတီကို ခြေကျင်သွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ ငှက်လေးတွေကို အစာကျွေးပါ။ သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။

နံနက်စောစော အရဏ်ဆွမ်းခံကြွတော်မူလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရဏ်ဆွမ်းလောင်းလှူပါ။

ကိုယ့်နာမည်ကိုကြည့်ပါ။ စနေစပြီး ဗုဒ္ဓဟူးပိတ်မှည့်ထားတဲ့ တင်ဝ၊ ထွန်းရ၊ နွယ်ဝင် ဆိုတဲ့ နာမည်တွဲမျိုးဖြစ်နေရင်တော့ ငွေကြေးအရှုပ်အရှင်းကိစ္စမှန်သမျှရှောင်ပါ။ ဆိုင်ကာယ်စီးဆင်ခြင်ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com

## ထပ်မံစကားဆိုခြင်း

ဆောင်ရန်၊ ရှောင်ရန် အကြံပြုချက်လေးတွေကို ဖတ်ပြီးတာနဲ့ အညွှန်းလေးတွေကို စဉ်းစားပြီး ဒါလောက်ညွှန်နေတာ ဒီနှစ်ဘာမှလုပ်လို့မရတော့ဘူးလားဆိုတဲ့ စိတ်ကလေးဖြစ်လာတတ်ပါတယ်။

ဒီလိုတော့ မဟုတ်ပါဘူး။

ဒီလိုနှစ်မျိုးရောက်လာပြီဆိုရင် ဒီလိုနံမသင့်တာလေးတွေကြောင့် ဒီလိုဖြစ်တတ်တယ်၊ ဒီလိုစိတ်ညစ်ရတတ်တယ်၊ ဒီအခါမှာကောင်းကံတွေကို ဒီလိုတည်ဆောက်လိုက်ပါလို့ ဆိုလိုတဲ့သဘောပါ။ ရှောင်လည်းရှောင်တတ်အောင်၊ စိတ်လည်းထားတတ်အောင်ပါ။

ဥပမာ ကိုယ့်သူငယ်ချင်းတွေထဲမှာ အင်္ဂါနံအကျိုးမပေးဘူးဆိုလိုက်တာနဲ့ ကိုယ့်လုပ်ငန်းခွင်မှာ ဒီအင်္ဂါကိုအလုပ်ပေးမိရင် တစ်ခုခုမဟုတ်တစ်ခု စိတ်ညစ်စရာလေးတွေဖြစ်ဖြစ်လာတတ်ပါတယ်။ ဒီလိုဖြစ်လာရင် ဘာတွေဖြစ်နေပါလိမ့်ဆိုပြီး စဉ်းစားနေစရာမလိုတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြော်း - ငါမှ အင်္ဂါနံမကောင်းတာဘဲ၊ ဒါလောက်တော့ရှိ မှာပေါ့ဆိုပြီး အဲဒီသူငယ်ချင်းကိုလုပ်ခိုင်းတဲ့နေရာမှာ ကိုယ်နဲ့နံသင့် အကျိုးပေးတဲ့ သူငယ်ချင်းတစ်ယောက်ကို ထပ်တွဲပေးလိုက်ရင် လုပ်ငန်းတွေအဆင်ပြေပြီးချောမွေ့သွားပါလိမ့်မယ်။ ဒါဟာ ရှောင် ရန်ကို ရှောင်တတ်ခြင်းပါပဲ။

နောက်တစ်မျိုးက-

အင်္ဂါနံများညှို့နေပါတယ်ဆိုရင် ကိုယ့်ရဲ့အိမ်ထောင်ဖက်ဟာ အင်္ဂါဖြစ်နေရင်၊ ကိုယ့်မိသားစုထဲမှာ အင်္ဂါရှိနေရင်၊ ကိုယ့်ညီအစ်ကို မောင်နှမထဲမှာ အင်္ဂါရှိနေရင် သူတို့ကြောင့်တော့ ဒုက္ခပါပဲလို့ မတွေး ပါနဲ့။

အဲဒီလိုမဟုတ်ပါဘူး။

ကိုယ့်ညီအစ်ကိုမောင်နှမထဲမှာ အင်္ဂါတစ်ယောက်ရှိတယ် ဆိုပါတော့။ သူဟာ ဘယ်လောက်အလုပ်တွေကောင်းနေတဲ့သူ ဖြစ်ဖြစ် ဒီနှစ်ထဲမှာ လုပ်ငန်းတွေနည်းနည်းညှို့တာတို့၊ ထစ်ငေါ့ တာတို့ဖြစ်တတ်တဲ့သဘောပါ။ ဒါတွေကို ကိုယ်ကမြင်နေ၊ ကြား နေရမှာပါ။ ဒီအခါမှာ သူ့မှာအကူအညီလိုအပ်ရင် ကိုယ်ကပေး ရမှာပါ။ ဒီလိုပါ။

ဒါကြောင့် ဒီနံညှို့ပြီဆိုတာက ဒီနံဟာ ကိုယ့်ကိုဒုက္ခပေး တော့မှာပါလားလို့ မတွက်ရပါဘူး။

ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာရှိသည့်ဒီနံများ၊ ကိုယ်နဲ့ပတ်သက် သော ဒီနံများညှို့ကြသည်။ ဒီလိုညှို့ကြတဲ့အတွက် ကိုယ်နဲ့နီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနံတွေမျာ လုပ်ငန်းတွေမကောင်းတာ၊ ကျန်းမာရေးတွေမကောင်းတာ ကိုယ်ကကြားနေရမည်၊ ဒါပါပဲ။

ကိုယ်နဲ့ တိုက်ရိုက်ဆက်စပ်ပြီးညှိုကြသူတွေရှိသလို -

ကိုယ်နဲ့ ခင်ရုံခင်သူတွေထဲက ညှိုကြတဲ့သတင်းကြားခြင်းဆိုတာမျိုးတွေကို နားလည်လောက်ပါပြီ။ ရှင်းလောက်ပါပြီ။

ဒါကြောင့် ညှိုတယ်ဆိုတိုင်း စိတ်ညစ်စရာအကြောင်း လုံးဝမရှိပါဘူး။ ကောင်းကံတွေဖြစ်လာစေမယ့် ကောင်းမှုကုသိုလ်တွေဆက်နေရုံပါပဲ။

ကောင်းတဲ့ကံတွေကိုဆက်ပေးရုံပါပဲ။

မကောင်းတဲ့ကံတွေမပွားအောင် ရှောင်ရန်တွေကို ရှောင်ရုံပါပဲ။

ကံမစပ်တာကလည်း သူစိမ်းတွေကိုသာ ဆိုလိုတာပါ။

မိဘ၊ မိသားစု၊ ညီအစ်ကိုမောင်နှမတွေကို ထည့်ထည့်မတွက်ပါနဲ့။ သူတို့နဲ့ လုံးဝမဆိုင်ပါဘူး။ သူတို့ဟာ အမြဲထာဝရ တော်စပ်နေကြရသူတွေပါ။ မိသားစုကိုထည့်ပြီး ဘယ်တော့မှ မတွက်ပါနဲ့။ မိသားစုက အမြဲကောင်းပြီးသားပါ။

ပြီးတော့-

ဓာတ်ထိခြင်း ဆိုတာကို အကြံပေးပါရစေ။

ဘယ်ကိစ္စကိုပဲ ဆောင်ရွက်ဆောင်ရွက် ဓာတ်ထိအောင် ဆောင်ရွက်ပါ။

ဥပမာ - ဘုရားရင်ပြင်မှာ တံမြက်စည်းသွားလှည်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ခဏခဏလှည့်ပေးပါ။ တစ်ကြိမ်လှည့်ပြီးတာနဲ့ ပြီးသွားတာ မဟုတ်ပါဘူး။

ကျန်းမာရေးအရ လိုအပ်ရင် ရတနာသုတ်တော်ကိုရွတ်ပါ ဆိုတာဟာ တစ်ခေါက်ရွတ်လိုက်ရုံနဲ့ရပြီ မဟုတ်ပါဘူး။ ရွတ်ပါ၊ တစ်နေ့ကို (၃) ကြိမ်၊ (၇) ကြိမ်၊ (၉) ကြိမ် ရသလိုရွတ်ပါ။ (၉) ရက် ဒါမှမဟုတ် (၄၅) ရက်၊ (၄၉) ရက်၊ ရက် (၉၀) အဆင်ပြေသလိုရွတ်ပါ။ ဒါမှ ဓာတ်ထိလာမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ -

ကျန်းမာရေးညံ့သူတွေအတွက် -

လမ်းများများလျှောက်တာ၊ လေ့ကျင့်ခန်းလုပ်တာ၊ ဗောဇ္ဈင်သုတ်၊ ရတနာသုတ်၊ ပရိမိတ္တဇာလသုတ်ရွတ်တာတွေ၊ ဆေးလျှူရတာတွေ ဒါတွေဟာ မကြာခဏ ပြုလုပ်နေရမယ့် ကောင်းခြင်းတွေ ဖြစ်ပါတယ်။ အထူးသဖြင့် အာနာပါနရှုမှတ်ကြဖို့ အကြံပြုချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်သတိအမြဲထားနေမိအောင်ကြိုးစားပေးနေချင်လို့ပါ။

သရဏဂုံရွတ်နေရင်လည်း ဒီလိုပါပဲ။

စားလည်း သရဏဂုံ၊ လမ်းသွားနေလည်း သရဏဂုံ၊ ဆေးသောက်လည်း သရဏဂုံ ဖြစ်နေရမှာပါ။ ရင်ထဲမှာထိလာအောင် ရွတ်နေရမှာပါ။

စီးပွားရေးလည်း ဒီလိုပါပဲ။

ဒိဝါတပတိဂါထာရွတ်ပါဆိုလိုက်တာနဲ့ (၇)ခေါက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ရုံနဲ့ မရပါဘူး။

ဒီနေရာမှာ ပြောချင်တာလေးက -

ကိုယ်ဘာရောင်းတာလဲ၊ ကုန်စိမ်းဖန်းလေးထိုင်ရောင်းတာလား။ ဒါဆို ဒိဝါတပတိဂါထာ (၇) ခေါက်လောက်ရွတ်ပြီး ဖန်းကိုလက်လေးနဲ့ပုတ်လိုက်ရုံနဲ့ ရပါပြီ။

ကုန်မျိုးစုံဆိုင်ကြီးဖွင့်ထားတာ ဆိုရင်တော့ (၇) ခေါက်လောက်နဲ့ မရတော့ပါဘူး။ (၁၀၈) ခေါက်လောက်တော့ ရွတ်ရပါပြီ။

သူ့ဟိတ်နဲ့သူရွတ်ရပါလိမ့်မယ်။

ကားတွေထောင်ထားတဲ့သူဆိုရင် အနည်းဆုံး(၂၀၀)လောက်ရွတ်သင့်ပါပြီ။

ရွှေဆိုင်၊ ရတနာဆိုင်ဖွင့်ထားတဲ့ ရတနာလုပ်ငန်းပြုလုပ်သူဆိုရင်တော့ (၃၀၀)၊ (၄၀၀) မက ရွတ်ရပါလိမ့်မယ်။ တစ်နေ့ကို (၁၀၀၀) ရအောင်ရွတ်ပြီး ကြီးပွားချမ်းသာသွားကြတဲ့ ရတနာကုန်သည်ကြီးနှစ်ဦးကိုလည်း ခင်ခင်မင်မင်ဆုံခဲ့ဖူးပါတယ်။

ဒါကြောင့် သူ့ဟိတ်နဲ့သူရွတ်ရမှာဖြစ်ပါတယ်။

ဒါလောက်ဆို -

တော်တော်လေးရှင်းသွားလောက်ပါပြီ။

ကံမစပ်၊ ကံစပ်ကို စဉ်းစားရင် ပညာပေါ်မှာသာကြည့်ပါ။ လူ့ပုဂ္ဂိုလ်ကိုမကြည့်ပါနဲ့။

ဥပမာ - ကားထောင်လို့ အကျိုးပေးတဲ့နှစ်မို့ ကားလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



စတင်ပြီဆိုပါစို့။

ကိုယ့်ကံမှာ ဗုဒ္ဓဟူးမကောင်းမှန်းသိသိနဲ့ ကိုယ့်ညီ ဒါမှမဟုတ် ကိုယ့်မောင်၊ ကိုယ့်အစ်ကို ဗုဒ္ဓဟူးနာမည်ရှင်ကို ကားမောင်းခိုင်းတာမျိုး ဆိုလို့ကတော့ အကျိုးပေးမှာ မဟုတ်ပါဘူး။ ပညာကမျက်နှာမလိုက်ပါဘူး။ မကောင်းဘူးဆိုရင် မကောင်းတဲ့အတိုင်းပဲထိတတ်ပါတယ်။

ဒီအခါမှာ ကံစပ်သူကိုရှာပြီးမောင်းနိုင်း။ ကိုယ့်ညီ၊ ကိုယ့်မောင်၊ ကိုယ့်အစ်ကိုက အဖော်လိုက်ပေး။ ဒီလိုဆိုရင်တော့ ရပါတယ်။

ဘယ်အရာ ဘယ်ကိစ္စမဆို -

အကျိုးပေးတဲ့နံတွေဖြစ်နေရင်လုပ်လို့ရပါတယ်။

ဒါပေမယ့် အကျိုးပေးတဲ့ နံသင့်နာမည်ရှင်တွေနဲ့တော့လုပ်ရပါလိမ့်မယ်။

လုပ်ငန်းကတော့ အကျိုးပေးပါရဲ့။ အဲဒီလုပ်ငန်းအကျိုးပေးပြီဆိုပြီး နီးစပ်ရာလူနဲ့လုပ်မိရင် အရာမထင်ပါဘူး ဆိုတာတော့အကြံပေးချင်ပါတယ်။

ဘယ်ကိစ္စ၊ ဘယ်အကြောင်းပဲဖြစ်ဖြစ် ဘုရားစေတီတစ်ဆူဆူ အရင်သွားပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ မီးပူဇော်သွားဖို့သာပြထားတာက ဘယ်လိုမှလုံးဝအများအယွင်းမရှိနိုင်တဲ့ကောင်းမှုကုသိုလ်အစီအရင်ဖြစ်တဲ့အပြင် ဘုရားပူဇော်သွားလိုက်တော့ ကိုယ့်ရဲ့ကံတွေ မြင့်တက်သွားစေတဲ့ ကုသိုလ်ထူးတွေဆက်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်-

ဒီကုသိုလ်နဲ့ပဲ ကံပွင့်အောင်အကြံပြုလိုက်တာဖြစ်ပါတယ်။

ဒါလောက်ဆို-

မရှင်းတာလေးတွေလည်း ရှင်းသွားလောက်ပါပြီ။

အောင်ရန်တွေအောင်တတ်သွားသလို ရှောင်ရန်တွေကိုလည်း ရှောင်တတ်သွားပါပြီ။

ဒါဖြင့်-

အောင်မြင်လိုတဲ့ကိစ္စမှန်သမျှ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ အောင်မြင်ပါပြီ ဆိုတဲ့ မေတ္တာစကားကိုဆိုရင်း...။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုဒေအမြဲစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်စက်ဝန်း

အ - သ - ဝိ - သု - လော - အ - သ - ဗု - ဘ - အ

သ - ဝိ - သု - လော - အ - သ - ဗု - ဘ - အ - သ

ဝိ - သု - လော - အ - သ - ဗု - ဘ - အ - သ - ဝိ

သု - လော - အ - သ - ဗု - ဘ - အ - သ - ဝိ - သု

လော - အ - သ - ဗု - ဘ - အ - သ - ဝိ - သု - လော

အ - သ - ဗု - ဘ - အ - သ - ဝိ - သု - လော - အ

သ - ဗု - ဘ - အ - သ - ဝိ - သု - လော - အ - သ

ဗု - ဘ - အ - သ - ဝိ - သု - လော - အ - သ - ဗု

ဘ - အ - သ - ဝိ - သု - လော - အ - သ - ဗု - ဘ



www.burmeseclassic.com

www.burmeseclassic.com

# ဝစင်္ကြာဂါထာ

ဝရဗုဒ္ဓေါ
ဝရဓမ္မော
ဝရသံဃော
ဝရိဿရော
ဝရစေတော
ဝရံဒေတု
ဝရေဟိမေ
ဝရံ
ဝရံ။

## သစ္စာအနက် (၁၆) ချက် ပထမံဂါထာ

ပထမံ သက လက္ခဏာ မေကပဒံ
ဒုတိယာဒိ ပဒဿ နိဒဿနတော
သ·မ·နိ ဒု·နိ·မာ သ·မ·ဒု သ·နိ·ဒု
ကမတော ဝိဘဇေ ပထမေ န ဝိနာ။



www.burmeseclassic.com

www.burmeseclassic.com

## အပြင်ဓဆောင်ခြင်း (၈) ပါးဂါထာ

မာရံ ယက္ခံ ဂဇံ စောရံ
ဒိဗ္ဗမာနုဿ သတ္တကံ
နာဂံ ဗကံ ဓိနိ ဓိနော
ဟောတု မေ ဇယ မင်္ဂလံ။

## ဖုဋ္ဌဿဂါထာတော်

ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံ – ၃၀

ဓာတိ ပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓာတိ ပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဓာတိ ပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ဘောဂ ပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ဇီဝိတ ပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

မရဏ ပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။

မရဏ ကာလ ပရိယတ္တိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလ ပရိယတ္တိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ကာလ ပရိယတ္တိ သံဃံ သရဏံ ဂစ္ဆာမိ။



www.burmeseclassic.com

www.burmeseclassic.com

အရဟတ္တ မဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။



www.burmeseclassic.com